ကြေးမုံ
The Mirror Daily
၁၉၅၇ ဗြေီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်၊ တနင်္လာနေ့။ Monday, 26 August 2024 ၁၁၅၆၁

**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အားအကျိုး ရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

# မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့အနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်းစားရေးဖူလုံမှုကို များစွာအထောက်အကူဖြစ်စေမည်

## မိမိတို့ဒေသအလိုက် ကုန်ထုတ်လုပ်မှုများတိုးတက်စေရေးနှင့် သီးထပ်စွမ်းအား အနည်းဆုံး ၂၀၀ ရာခိုင်နှုန်း တိုးတက်အောင်ဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးမြို့ မြို့တော်ခန်းမ၌တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများအား ဆွေးနွေးပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❍

**ယနေ့ ဖတ်စရာ**

**စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၆၃၇၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ**
စာမျက်နှာ » ၂

**ကိုယ့်မြို့ကိုယ့်ရွာတည်ငြိမ်အေးချမ်းဖို့ရာ ကိုယ့်ဝန်တာ**
ဆောင်းပါး စာမျက်နှာ » ၁၁

**နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြုပေးအပ်**
စာမျက်နှာ » ၇

**စာရိတ္တမဏ္ဍိုင် တည့်မတ်ခိုင်မာအောင်**
ဆောင်းပါး စာမျက်နှာ » ၁၇

**မန္တလေးမှကန်စွန်းဥများကို ရန်ကုန်အပါအဝင် မြန်မာနိုင်ငံအနှံ့ တင်ပို့နေရပြီး ဝယ်လိုအားများနေ**
စာမျက်နှာ » ၁၈

ကြေးမုံ

# စာကြည့်တိုက်များဖွံ့ဖြိုးရေး စာဖတ်ရှိန်မြှင့်တင်ရေးကြိုးပမ်း

မြန်မာနိုင်ငံသည် ၁၁ ရာစုတွင် ပုဂံသို့ ထေရဝါဒဗုဒ္ဓသာသနာရောက်ရှိပြီးနောက် ပိဋကတ်စာပေကို အခြေပြုပြီး မြန်မာစာပေ ထွန်းကားလာသောနိုင်ငံဖြစ်သည်။ သမိုင်းကြောင်းတစ်လျှောက် ဗုဒ္ဓစာပေကို အခြေပြုရေးဖွဲ့သော စာပေအမျိုးမျိုး အင်နှင့် အားနှင့် ပေါ်ထွန်းလာခဲ့သည်။ ခေတ်အဆက်ဆက်၌ ခေတ်ကို ထင်ဟပ်သည့် စာပေများဖြင့် အကျိုးပြုခဲ့သည်။ မြန်မာတို့စည်းလုံးညီညွတ်ရေး၊ မျိုးဆက်သစ်လူငယ်များ အားမာန်ပြည့်ဝလာရေး၊ ဇာတိမာန်လှုံ့ဆော်ရေး၊ ဘဝကို ဆင်ခြင်သုံးသပ်နိုင်ရေး၊ ရဲရဲရင့်ရင့် ရင်ဆိုင်နိုင်ရေး အားပေးခဲ့သည်။

စာပေသည် ခေတ်အဆက်ဆက် တိုင်းပြည်နှင့် လူမျိုးကို များစွာအကျိုးပြုခဲ့သည်။ သို့သော် တိုးတက်ပြောင်းလဲလာသော ခေတ်ကာလနှင့် သတင်းအချက်အလက်နည်းပညာများ ထွန်းကားလာသော ယနေ့အခါတွင် နိုင်ငံတစ်ဝန်း၌ အများပြည်သူတို့ ဖတ်ရှုလေ့လာနိုင်ရန် ဖွင့်လှစ်ပေးထားသော စာကြည့်တိုက်များ မှေးမှိန်လာသည်။ စာပေဖတ်ရှုသည့် အလေ့အထများ လျော့ပါးလာသည်။ ထို့ကြောင့် သတင်းအချက်အလက်နှင့် နည်းပညာများ တိုးတက်ထွန်းကားသော်ငြားလည်း စာပေ၏တန်ဖိုး၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများကို သိမြင်နားလည်လာရန်အတွက် နိုင်ငံတော်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဝိုင်းဝန်းလက်တွဲ ဆောင်ရွက်ကြရမည်ဖြစ်သည်။

ယခုအခါ စာကြည့်တိုက်များဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးကို မြို့နယ်တိုင်းတွင် လှုပ်ရှားဆောင်ရွက်နေကြသည်။ စာပေဖတ်ရှုသည့် အလေ့အထများ ပြန်လည်ထွန်းကားမှ စာကြည့်တိုက်များ ဖွံ့ဖြိုးမည်။ စာကြည့်တိုက်များ ဖွံ့ဖြိုးပြီး စာဖတ်ရှိန်မြင့်မားလာမှ လူတစ်ဦးချင်းအလိုက် အသိပညာဗဟုသုတများ မြင့်မားတိုးတက်ပြီး လူမှုပတ်ဝန်းကျင်နှင့် နိုင်ငံကို အကျိုးပြုမည်ဖြစ်သည်။ ထို့ကြောင့် စာပေဖတ်ရှုသည့်အလေ့အထများ ထွန်းကားလာအောင်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူများ စာအုပ်စာပေလေ့လာဖတ်ရှုနိုင်ရန်နှင့် စာပေလေ့လာဖတ်ရှုခြင်းမှရရှိသော အသိပညာဗဟုသုတများကို ပြန်လည်မျှဝေနိုင်ရန်ရည်ရွယ်၍ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို အမြို့မြို့အနယ်နယ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပနေပြီဖြစ်သည်။

စာမတတ်သူသည် ထိုင်နေသည့်လူနှင့်တူပြီး စာတတ်ပြီး စာမဖတ်သူမှာ ရပ်နေသည့်လူနှင့်တူသည်။ စာတတ်ပြီး စာပေလေ့လာဖတ်ရှုသူဖြစ်မှသာ လမ်းလျှောက်နေသည့် လူနှင့်တူသည်ဟု နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ထားသည်။ ဆိုလိုသည်မှာ စာမတတ်လျှင် အကန်းနှင့်တူပြီး စာတတ်ပြီး စာမဖတ်လျှင် မတိုးတက်သူဖြစ်ပေမည်။ စာလည်းတတ်၊ စာလည်းဖတ်လျှင် အနာဂတ်ခရီးလမ်းကို ဖြောင့်ဖြောင့်မှန်မှန် တိုးတက်အောင် လျှောက်လှမ်းနိုင်သူဖြစ်ပေလိမ့်မည်။ ထို့ကြောင့် ကျောင်းသားလူငယ်များအနေဖြင့် စာလည်းတတ်၊ စာလည်းဖတ်ပြီး အသိဉာဏ်ပညာပြည့်ဝစွာဖြင့် အနာဂတ်ခရီးကို လျှောက်လှမ်းကြရမည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူများသည် နိုင်ငံတော်အနာဂတ်၏ သားကောင်းရတနာများ ဖြစ်သည့်အတွက် အရည်အသွေးပြည့်ဝသော လူချွန်လူကောင်းများဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးရမည်ဖြစ်သည်။ ကျောင်းစာများကို တတ်မြောက်အောင် သင်ကြားခြင်းသာမက အကျိုးဖြစ်ထွန်းသည့် ပြင်ပစာပေများကိုလည်း ဖတ်ရှုလေ့လာကြရမည်ဖြစ်သည်။ စာအုပ်စာပေသည် လူအားလုံးကို အသိပညာဗဟုသုတများ ပေးစွမ်းနိုင်သည့်အတွက် ငယ်ရွယ်စဉ်အချိန် ကျောင်းသားအရွယ်ကပင် စာအုပ်စာပေများကို ဖတ်ရှုလေ့လာကြရန် လိုအပ်သည်။ ယခုကဲ့သို့ စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို ကျင်းပပြုလုပ်ပေးပြီး စာပေလေ့လာဖတ်ရှုသည့် အလေ့အထကောင်းများ ပေါ်ပေါက်လာအောင် ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်သည်။ စာပေဖတ်ရှုခြင်းကြောင့် ရရှိလာမည့်အကျိုးကျေးဇူးများကို ကိုယ်တိုင် တစိုက်မတ်မတ် လေ့လာဖတ်ရှုပြီးသည့်အခါတွင် ရရှိလာမည်ဖြစ်သည်။

အနာဂတ်တွင် နိုင်ငံ့တာဝန်များကို ပခုံးပြောင်းတာဝန်ယူ ထမ်းဆောင်ကြမည့် ကျောင်းသား ကျောင်းသူများ အသိပညာဗဟုသုတများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ စာပေဖတ်ရှုသည့် အလေ့အထများ ဖြစ်ပေါ်လာစေရန်၊ ရရှိလာမည့် အသိဉာဏ်ဗဟုသုတများကို အရင်းအနှီးပြုပြီး ဘဝဖွံ့ဖြိုးတိုးတက်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်များကို ကျင်းပပေးနေခြင်းဖြစ်သည်။ စာဖတ်ခြင်းဖြင့် မိမိတို့ဘဝ တိုးတက်အောင်မြင်ပြီး ကြွယ်ဝချမ်းသာလာကြသူများကို အတုယူအားကျကာ မိမိတို့အားလပ်ချိန်များတွင် စာဖတ်ခြင်းဖြင့် အချိန်ကိုအကျိုးရှိအောင် အသုံးပြုသင့်သည်။

သို့ဖြစ်ရာ စာပေကို တစိုက်မတ်မတ် လေ့လာဖတ်ရှုခြင်းဖြင့် ကိုယ်ပိုင်အရည်အချင်း ဝမ်းစာများပြည့်ဝကောင်းမွန်လာပြီး အရာရာအကြောင်းကြောင်းတို့တွင် ဖြေရှင်းနိုင်စွမ်းရှိသည့် အကျိုးကျေးဇူးများ ရရှိလာမည်ဖြစ်သည်။ ယခုအကောင်အထည်ဖော်နေသော လှုပ်ရှားမှုများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခြင်းဖြင့် စာဖတ်ရှိန်မြင့်မားလာသည်နှင့်အမျှ စာကြည့်တိုက်ယဉ်ကျေးမှုများ ပြန်လည်ထွန်းကားလာပြီး စာကြည့်တိုက်များ ရေရှည်တည်တံ့ကာ နိုင်ငံတော်၏အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၄ ခုနှစ်၊ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄)ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှု အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

# စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၆၃၇၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဩဂုတ် ၂၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီ ကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိက ထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဩဂုတ် ၂၆ ရက်မှ စက်တင်ဘာ ၁ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၆၃၇၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့်လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website:www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဘိုကလေးမြို့နယ်၌ VDP စီမံကိန်းဖြင့် ကွန်ကရစ်ဘီးလမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု စစ်ဆေး

ဘိုကလေး ဩဂုတ် ၂၅

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် နတ်ချောင်းကျေးရွာ၌ ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် ဘိုကလေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းလှိုင်နှင့် အင်ဂျင်နီယာဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းကော်မတီဝင်များနှင့်အတူ နတ်ချောင်းကျေးရွာတွင် ကျေးရွာတွင်း ကွန်ကရစ်ဘီးလမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါ ကွန်ကရစ်ဘီးလမ်းသည် အရှည် ပေ ၁၀၂၀၊ အကျယ် နှစ်ပေ၊ ဒု ခြောက်လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၃၅ သိန်းကို အသုံးပြုကာ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ဇူလိုင်လဒုတိယအပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ယခုအခါ လုပ်ငန်းအားလုံး၏ ၆၀ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

၂၂၂

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

ကြေးမုံ

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် |
| စာတည်းမှူး | - | ဦးဝင်းနိုင် |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ |
| ဘာသာပြန် စာတည်းများ | - | ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ |
| အကြီးတန်း သတင်းထောက်များ | - | ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| အငယ်တန်း သတင်းထောက်များ | - | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| သုတေသန | - | ဒေါ်ဇင်မာဝင့် |
| စာပြင် | - | ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဦးကျော်သူရနှင့်အဖွဲ့ |
| အီးမေးလ်နှင့် အွန်လိုင်း | - | ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

# ဆီထွက်သီးနှံများကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက အထွက်နှုန်းများပိုမိုတိုးတက်လာမည်

## ပြည်တွင်းမှထွက်ရှိသည့် ပိုလျှံဆီထွက်သီးနှံ နှမ်း၊ နေကြာနှင့် မြေပဲတို့ကို စားသုံးဆီအဖြစ် ကြိတ်ခွဲမည်ဆိုပါက ပြည်တွင်းစားသုံးဆီ လုံလောက်မှုရှိနိုင်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

❍ ရွှေဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင် ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဗိုလ်ချုပ်ကြီး ညိုစော၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးမျိုးသန့်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက ဒေသဆိုင်ရာအချက်အလက်များနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းဆောင်ရွက်နိုင်မှုများအား အသီးသီးတင်ပြ**

ဦးစွာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်တို့က ဒေသဆိုင်ရာအချက်အလက်များ၊ ဒေသတွင်းစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ထုတ်ကုန်များ ထုတ်လုပ်ရောင်းချနိုင်မှု အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများအား ရှင်းလင်းတင်ပြကြသည်။

**ဒေသအလိုက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်မည်ဆိုပါက စားရေရိက္ခာဖူလုံစေမည်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် မန္တလေးတိုင်းဒေသကြီး၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရန်ဖြစ်ပြီး ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့၏ လုပ်ငန်း ဆောင်ရွက်မှုများကိုလည်း တစ်ဆက်တည်း တင်ပြစေခဲ့ခြင်းဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မိမိတို့ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြကြောင်း၊ အဓိကအားဖြင့် စားရေရိက္ခာဖူလုံရေးပင်ဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်မည်ဆိုပါက စားရေရိက္ခာဖူလုံမည်ဖြစ်ကြောင်း၊ စိုက်ကေများအလိုက် ပန်းတိုင်ရည်မှန်းချက် ပြည့်မီအောင် စိုက်ပျိုးရန်လိုပြီး သီးထပ်များစိုက်ပျိုးရန်လည်းလိုကြောင်း၊ အနည်းဆုံး သီးထပ် ၂၀၀ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ရန်လိုပြီး ထိုသို့စိုက်ပျိုးနိုင်မည်ဆိုပါက အထွက်နှုန်းများ နှစ်ဆတိုးလာမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီးရှိ မြို့၊ ရွာများသည် ဧရာဝတီမြစ်၏ ဝဲ၊ ယာတွင်ရှိပြီး စနစ်တကျဖြင့် အကျိုးရှိအောင်အသုံးချနိုင်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ အလားတူ ဆည်ရေသောက်ဧရိယာများမှ သီးထပ်စွမ်းအားများကိုလည်း မြင့်တက်လာအောင် ဆောင်ရွက်နိုင်ရန်လိုကြောင်း။

စိုက်ပျိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေ၊ နည်း စသည့် နည်းလမ်းလေးသွယ်ဖြင့် စနစ်တကျ ဆောင်ရွက်မည်ဆိုပါက အထွက်နှုန်းများ အောင်မြင်တိုးတက်လာမည်ဖြစ်ကြောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့အနေဖြင့်လည်း စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသတွင်း စားရေးဖူလုံမှုကို များစွာအထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း။

စားသုံးဆီနှင့်ပတ်သက်၍ မိမိတို့နိုင်ငံအနေဖြင့် ပြည်ပမှစားသုံးဆီများကို နှစ်စဉ်တင်သွင်းနေရသဖြင့် နိုင်ငံခြားငွေများကိုသုံးစွဲရလျက်ရှိကြောင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဆီထွက်သီးနှံများကို စိုက်ပျိုးကြကြောင်း၊ သို့သော် ဆီထွက်သီးနှံများကို ဆီအဖြစ် ထုတ်ယူသုံးစွဲခြင်းထက် ပို့ကုန်များအဖြစ် တင်ပို့ခြင်းနှင့် တိုက်ရိုက်စားကုန်များအဖြစ် စားသုံးခြင်းများကြောင့် ဒေသတွင်း ဆီလိုအပ်ချက်များ ဖြစ်ပေါ်လျက်ရှိကြောင်း၊ အဆိုပါ ဆီထွက်သီးနှံများကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက အထွက်နှုန်းများ ပိုမိုတိုးတက်လာမည်ဖြစ်ကြောင်း၊ ပြည်တွင်းမှ ထွက်ရှိသည့် ပိုလျှံဆီထွက်သီးနှံ နှမ်း၊ နေကြာနှင့် မြေပဲတို့ကို စားသုံးဆီအဖြစ် ကြိတ်ခွဲဆောင်ရွက်မည်ဆိုပါက ပြည်တွင်းစားသုံးဆီ လုံလောက်မှုရှိနိုင်မည်ဖြစ်ကြောင်း၊ ဆီထွက်သီးနှံများတွင် နေကြာသည်လည်း ဆီထုတ်လုပ်မှုကို များစွာအထောက်အကူပြုနိုင်မည် ဖြစ်သဖြင့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့တွင် သီးထပ်စိုက်ပျိုးသွားရန် လိုကြောင်း၊ မိုးစပါးစိုက်ပျိုးပြီးချိန်တွင် နေကြာစိုက်ပျိုးမည်ဆိုပြီး မြစ်ရေတင်စီမံကိန်းများဖြင့် အောင်ရေရရှိအောင် စိုက်ပျိုးနိုင်ကြောင်း၊ အလားတူ အခြေခံလိုအပ်ချက်ဖြစ်သည့် စားသောက်ကုန်ပစ္စည်းများကို ဒေသတွင်း၌ လုံလောက်စွာထုတ်လုပ်နိုင်မည်ဆိုပါက ဒေသအတွက် များစွာအကျိုးဖြစ်ထွန်းစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ခေတ်အဆက်ဆက်တွင် ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများ အားနည်းခဲ့ပြီး ပြည်ပပို့ကုန်နှင့် ပြည်ပသွင်းကုန်များတွင် ပြည်ပသွင်းကုန်များ ပိုမိုများပြားခဲ့သည်ကို တွေ့ရှိရကြောင်း၊ ပြည်ပမှတင်သွင်းရမှုများ များပြားခဲ့သဖြင့် နိုင်ငံခြားငွေလိုအပ်ချက်များဖြစ်ပေါ်ခဲ့ကြောင်း၊ မိမိတို့အစိုးရ တာဝန်ယူဆောင်ရွက်ချိန်တွင် သယံဇာတပစ္စည်းများ တတ်နိုင်သမျှတင်ပို့ခြင်းမရှိခဲ့ဘဲ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းမှ ထွက်ရှိသည့်ထွက်ကုန်များကို ပိုမိုတင်ပို့ခဲ့ကြောင်း၊ ထို့ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် မိမိတို့ဒေသအလိုက် ကုန်ထုတ်လုပ်မှုများ တိုးတက်စေရေးနှင့် သီးထပ်စွမ်းအား အနည်းဆုံး ၂၀၀ ရာခိုင်နှုန်း တိုးတက်အောင် ဆောင်ရွက်သွားကြရန်မှာကြားလိုကြောင်း၊ အလားတူ မွေးမြူရေးလုပ်ငန်းများကိုလည်း ဒေသအလိုက် တိုးတက်အောင် ဆောင်ရွက်သွားကြစေလိုကြောင်း။

**ပညာရည်မြင့်မားရေး**

ပညာရည်တိုးတက်ရေးနှင့် ပတ်သက်၍ ယခုပညာသင်နှစ်တွင် ကျောင်းတက်ရာခိုင်နှုန်း ပိုမိုမြင့်မားလာသည်ကို တွေ့ရှိရသော်လည်း နိုင်ငံတစ်ဝန်းလုံး၏ကျောင်းနေအရွယ်ရာခိုင်နှုန်း၏ ၇၀ ရာခိုင်နှုန်းခန့်သာ ရှိနေသေးကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် ပိတ်ထားရသည့်ကျောင်းများ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ အဆိုပါကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင်လည်း ကျောင်းသား ကျောင်းသူများကို အချိန်ပိုသင်ကြားပေးပြီး အတန်းပညာများ အမှန်တကယ်တတ်မြောက်အောင် သင်ကြားပေးရန်လိုကြောင်း၊ အခြေခံပညာအလယ်တန်းအဆင့်အထိ သင်ယူပြီးပါက ဘဝတိုးတက်ရေးအတွက် လိုအပ်သည့် အတတ်ပညာများကို ဆက်လက်သင်ယူနိုင်ကြောင်း၊ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသည့် ကျောင်းသား ကျောင်းသူများအားလုံးကိုလည်း အဆင့်မြင့်ပညာ ဆက်လက်သင်ယူနိုင်ရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ **စာမျက်နှာ ၄ သို့** ❍

❒ **တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မိမိတို့ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှုများကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြကြောင်း၊ အဓိကအားဖြင့် စားရေရိက္ခာဖူလုံရေးပင်ဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်မည်ဆိုပါက စားရေရိက္ခာဖူလုံမည်**

❒ **စိုက်ကေများအလိုက် ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးရန်လိုပြီး သီးထပ်များစိုက်ပျိုးရန်လည်းလိုကြောင်း၊ အနည်းဆုံး သီးထပ် ၂၀၀ ရာခိုင်နှုန်း စိုက်ပျိုးနိုင်ရန်လိုပြီး ထိုသို့စိုက်ပျိုးနိုင်မည်ဆိုပါက အထွက်နှုန်းများနှစ်ဆတိုးလာမည်**

❒ **မန္တလေးတိုင်းဒေသကြီးရှိ မြို့၊ ရွာများသည် ဧရာဝတီမြစ်၏ ဝဲ၊ ယာတွင်ရှိပြီး စနစ်တကျဖြင့် အကျိုးရှိအောင်အသုံးချနိုင်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ အလားတူ ဆည်ရေသောက်ဧရိယာများမှ သီးထပ်စွမ်းအားများကိုလည်း မြင့်တက်လာအောင် ဆောင်ရွက်နိုင်ရန်လို**

❍ စာမျက်နှာ ၃ မှ

ထိုသို့ ပညာသင်ကြားနိုင်ရန်အတွက် ပညာရေး၏အရေးပါမှုကို သဘောပေါက်နားလည်နိုင်စေရေး ပညာပေးခြင်း၊ စည်းရုံးခြင်းများဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ ယနေ့ခေတ်သည် ပညာခေတ်ဖြစ်သဖြင့် နိုင်ငံအတွက် ပညာတတ်များစွာလိုအပ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့်လည်း ပညာရေးကို အားပေးဆောင်ရွက်လျက်ရှိကြောင်း။

**ကျန်းမာကြံ့ခိုင်မှုရှိစေရေးနှင့် အားကစားကဏ္ဍမြင့်မားတိုးတက်စေရေး**

ကျန်းမာရေးနှင့်ပတ်သက်၍ ပညာသင်ယူမှုပြီးဆုံးသည့် ကျန်းမာရေးဝန်ထမ်းများကို နိုင်ငံတော်၏ကျန်းမာရေးနယ်ပယ်တွင် တာဝန်ထမ်းဆောင်နိုင်ရေး စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံအဝှမ်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်အနေဖြင့် ကျန်းမာရေးဝန်ထမ်းများ စဉ်ဆက်မပြတ်ခန့်အပ်ပေးလျက်ရှိကြောင်း၊ ဆေးရုံရှိလျှင် ဆရာဝန်ရှိရမည်ဟူသည့် မူဝါဒနှင့်အညီ ဆရာဝန်များအား ခန့်အပ် တာဝန်ပေးထားကြောင်း၊ ကျန်းမာရေးနှင့်ဆက်စပ်၍ အားကစားကဏ္ဍကို အနည်းငယ်ပြောကြားလိုကြောင်း၊ အားကစားကဏ္ဍတိုးတက်မှုရှိစေရေး တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ ကိုယ်ခန္ဓာကြံ့ခိုင်သန်စွမ်းစေရေး၊ စိတ်ဓာတ်ကောင်းမွန်စေရေး၊ အားကစားနည်းအလိုက် နည်းစနစ်ပိုင်းဆိုင်ရာများ ကျွမ်းကျင်မှုရှိစေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ မကြာမီတွင် ကျင်းပမည့် အမျိုးသား အားကစားပွဲတော်ကိုလည်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အနစ်သာရရှိစွာဖြင့် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း။

**ပြည်သူပါဝင်သည့် ပြည်သူ့လုံခြုံရေးစနစ်နှင့် လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး**

လုံခြုံရေးနှင့်ပတ်သက်၍ ဒေသအလိုက် လူတစ်ဦးတစ်ယောက်ချင်းစီမှ လုံခြုံရေးအသိစိတ်ဓာတ်ရှိရှိဖြင့် ဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်သူ့လုံခြုံရေး People Security၊ Public Security နှင့်ပတ်သက်၍ လမ်းအလိုက်၊ ရပ်ကွက်အလိုက်၊ ကျေးရွာအလိုက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နေထိုင်သည့်ဒေသ ရပ်ကွက်၊ ကျေးရွာများအလိုက်၊ လမ်းများအလိုက် လုံခြုံရေးစနစ်များ တည်ဆောက်၍ ဆောင်ရွက်မည်ဆိုပါက နယ်မြေဒေသလုံခြုံရေးအတွက် များစွာအကျိုးရှိထိရောက်စေမည်ဖြစ်ကြောင်း၊ ပြည်သူ့လုံခြုံရေးလုပ်ငန်းများနှင့် ပတ်သက်၍ Check, Recheck, Counter Check များ ပြုလုပ်၍ အပြန်ပြန်အလှန်လှန်စစ်ဆေးနေရန် လိုအပ်မည်ဖြစ်ကြောင်း၊ လုံခြုံရေးပိုင်းဆိုင်ရာများ နည်းလမ်းမျိုးစုံဖြင့် ထိခိုက်ခြင်းကြောင့် ဒေသအလိုက်ထိခိုက်မှုများကို ဖြစ်ပေါ်စေလျက်ရှိကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်လိုပြီး လုံခြုံရေးအမြင်ဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ လုံခြုံရေးထိခိုက်မှုဖြစ်စဉ်များသည် နိုင်ငံရေးကိုအခြေခံ၍ ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်ပြီး မဲမသမာမှုကြောင့် အရေးပေါ်အခြေအနေ ဖြစ်ပေါ်ခြင်းကို နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းခြင်း မပြုလုပ်ဘဲ လက်နက်ကိုင်အကြမ်းဖက်သည့်နည်းလမ်းဖြင့် ဖြေရှင်းရန် လုပ်ဆောင်လာခြင်းများကြောင့် ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာလျှောက်လှမ်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင်လည်း နိုင်ငံနှင့်ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနိုင်ရန်လိုကြောင်း၊ အခြားနိုင်ငံများတွင်လည်း နိုင်ငံနှင့်ကိုက်ညီသည့် ဒီမိုကရေစီစနစ်ကိုသာ ကျင့်သုံးဆောင်ရွက်နေကြကြောင်း၊ နိုင်ငံရေးအရဆောင်ရွက်ရာတွင် အာဃာတများထားခြင်း၊ လက်တုံ့ပြန်ခြင်းများမရှိဘဲ အေးအေးချမ်းချမ်းဖြစ်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ရွေးကောက်ပွဲတွင် မဲစာရင်းနှင့်ပတ်သက်၍ မသမာမှုများလုပ်ဆောင်ခဲ့သည်ကို တွေ့ရှိရပြီး မဲပေးရာတွင်လည်း ကြိုတင်မဲများကို မဲမသမာမှုများပြုလုပ်ခဲ့ကြောင်း၊ အဆိုပါ မဲမသမာမှုပြုလုပ်ခဲ့သည့် အထောက်အထားများကိုလည်း စစ်ဆေးတွေ့ရှိခဲ့ကြောင်း၊ ၎င်း**မဲမသမာမှုများသည် မဲဆန္ဒနယ်တစ်ခုတည်းတွင် ဖြစ်ပေါ်ခဲ့ခြင်းမဟုတ်ဘဲ ဒေသအလိုက် တစ်နိုင်ငံလုံးတွင်ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ NLD ပါတီမှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့များပါဝင်ပြီး အချို့ဝန်ကြီးချုပ်များပါ ပါဝင်ကြောင်း၊ ထိုသို့ မဲမသမာမှုပြုလုပ်နိုင်ရန်အတွက် မဲစာရင်းပြုစုရေးအဖွဲ့ ဖွဲ့ခြင်း၊ အထောက်အကူပြုအဖွဲ့ ဖွဲ့ခြင်းတို့တွင် NLD ပါတီဝင်များက ပါဝင်လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မဲမသမာမှုများကို NLD ပါတီက ဦးဆောင်၍ လုပ်ဆောင်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ မဲမသမာမှုပြုလုပ်ရာတွင် ကြိုတင်မဲပေးရာ၌ မသမာမှုပြုလုပ်ခြင်း၊ မဲစာရင်းများတွင် မသမာမှုပြုလုပ်ခြင်း စသည့်နည်းလမ်းများဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် ဆိုးရွားသည့် လုပ်ဆောင်ချက်ပင်ဖြစ်ကြောင်း။**

မိမိတို့အနေဖြင့် လာမည့်ရွေးကောက်ပွဲကို လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လာမည့်အောက်တိုဘာလတွင် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများကို စတင်ကောက်ယူသွားမည်ဖြစ်ကြောင်း၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူမှုရလဒ်များ နိုင်ငံတော်ကို ကြေညာပြီးချိန်တွင် မဲစာရင်းပြုစုပြီး ရွေးကောက်ပွဲကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မဲစာရင်းများ မှားယွင်းမှုမရှိစေရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး ဆန္ဒမဲပေးချိန်တွင်လည်း မှန်မှန်ကန်ကန်ဖြစ်စေရေး ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများအနေဖြင့်ဝိုင်းဝန်း ဆောင်ရွက်ပေးသွားကြစေလိုကြောင်း။

တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာဖြင့် ဆက်လက်ရပ်တည်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံအား မူလအခြေအနေအတိုင်း ပြန်လည်ရောက်ရှိရန်အတွက် လုပ်ဆောင်သင့်သည်များကို ဆက်လက် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်နှင့် လူမျိုးအပေါ် အမှန်တကယ်နားလည်သူများရှိပြီး ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများရှိရန် လိုကြောင်း၊ ထို့ကြောင့်ပြည်သူ့လုံခြုံရေးနှင့် ပတ်သက်၍ ပြည်သူပါသည့် လုံခြုံရေးစနစ်ကို ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ ပြည်သူ့လုံခြုံရေးစနစ်တွင် ပြည်သူများပါဝင်ပါက တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုများ ကောင်းမွန်လာပြီး မိမိတို့နိုင်ငံ၏ရည်မှန်းချက်ဖြစ်သည့် စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်မည် ဖြစ်ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် Good Brothers' Mechineries ကုမ္ပဏီလီမိတက်က စမ်းသပ်ထုတ်လုပ်ထားသည့် Mini Cotton Ginning Machine ကို ကြည့်ရှုရာ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် Good Brothers' Mechineries ကုမ္ပဏီလီမိတက်မှ စမ်းသပ်ထုတ်လုပ်ထားသည့် Mini Cotton Ginning Machine ကို ကြည့်ရှုစဉ်။

- **တပ်မတော်အနေဖြင့် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာဖြင့် ဆက်လက်ရပ်တည်နိုင်ရေးဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံအား မူလအခြေအနေအတိုင်း ပြန်လည်ရောက်ရှိရန်အတွက် လုပ်ဆောင်သင့်သည်များကို ဆက်လက်လုပ်ဆောင်သွားမည်**
- **ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်နှင့် လူမျိုးအပေါ် အမှန်တကယ်နားလည်သူများ ရှိပြီး ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှုများရှိရန်လိုကြောင်း၊ ထို့ကြောင့် ပြည်သူ့လုံခြုံရေးနှင့်ပတ်သက်၍ ပြည်သူပါသည့် လုံခြုံရေးစနစ်ကို ဆောင်ရွက်သွားရမည်**
- **ပြည်သူ့လုံခြုံရေးစနစ်တွင် ပြည်သူများ ပါဝင်ပါက တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှုများ ကောင်းမွန်လာပြီး မိမိတို့နိုင်ငံ၏ရည်မှန်းချက်ဖြစ်သည့် စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်မည်**

- **မဲမသမာမှုများသည် မဲဆန္ဒနယ်တစ်ခုတည်းတွင် ဖြစ်ပေါ်ခဲ့ခြင်းမဟုတ်ဘဲ ဒေသအလိုက် တစ်နိုင်ငံလုံးတွင် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ကြောင်း၊ NLD ပါတီမှ ဗဟိုအလုပ်အမှုဆောင်အဖွဲ့များပါဝင်ပြီး အချို့ဝန်ကြီးချုပ်များပါ ပါဝင်**
- **ထိုသို့ မဲမသမာမှုပြုလုပ်နိုင်ရန်အတွက် မဲစာရင်းပြုစုရေးအဖွဲ့ ဖွဲ့ခြင်း၊ အထောက်အကူပြုအဖွဲ့ ဖွဲ့ခြင်းတို့တွင် NLD ပါတီဝင်များက ပါဝင်လုပ်ဆောင်ခဲ့ခြင်းဖြစ်**
- **မဲမသမာမှုများကို NLD ပါတီက ဦးဆောင်၍ လုပ်ဆောင်ခဲ့ခြင်းပင်ဖြစ်ကြောင်း၊ မဲမသမာမှုပြုလုပ်ရာတွင် ကြိုတင်မဲပေးရာ၌ မသမာမှုပြုလုပ်ခြင်း၊ မဲစာရင်းများတွင် မသမာမှုပြုလုပ်ခြင်း စသည့်နည်းလမ်းများဖြင့် လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း၊ ရွေးကောက်ပွဲတွင် ဆိုးရွားသည့် လုပ်ဆောင်ချက်ပင်ဖြစ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မန္တလေးမြို့ရှိ ရှေးဟောင်းသမိုင်းဝင် သာသနိက ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းထားရှိမှုများအား ကြည့်ရှုစစ်ဆေး၊ တန်ခိုးကြီး ဘုရား၊ စေတီများအား ဖူးမြော်ကြည်ညို




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဟာအတုလဝေယန် (အတုမရှိ)ကျောင်းတော်ကြီးအား လှည့်လည်ကြည့်ရှုစဉ်။

နေပြည်တော် ဩဂုတ် ၂၅

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့်ဇနီး၊ ကောင်စီဝင်ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့်ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဗိုလ်ချုပ်ကြီး ညိုစောနှင့်ဇနီး၊ ပြည်ထောင်စု ဝန်ကြီးများဖြစ်ကြသည့် ဦးမင်းနောင်၊ ဦးမျိုးသန့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ မန္တလေးမြို့ရှိရှေးဟောင်းသမိုင်းဝင်သာသနိက ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းထားရှိမှုအခြေအနေများအား သွားရောက် ကြည့်ရှုစစ်ဆေးပြီး တန်ခိုးကြီးဘုရားစေတီများအား ဖူးမြော်ကြည်ညိုသည်။

**စည်ရှည်တံတားဆောက်လုပ်ရေး ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မန္တလေးနန်းမြို့တွင်းသို့ ရောက်ရှိကြပြီး နန်းမြို့အနောက်ဘက်ရှိ မြို့ရိုးထိန်းသိမ်းထားရှိမှုနှင့် စည်ရှည်တံတားအား ပြန်လည်တည်ဆောက်နိုင်ရေးဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဲဇံက စည်ရှည်တံတား၏သမိုင်းအကျဉ်းနှင့် ယခင်တံတားအဟောင်းအထောက်အထား အချက်အလက်များကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က စည်ရှည်တံတား ပြန်လည်တည်ဆောက်မည့် အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်း တင်ပြမှုများအပေါ် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တံတားပြန်လည်တည်ဆောက်ရာတွင် ရှေးမူမပျက်မူလပုံစံအတိုင်း တည်ဆောက်သွားရန်လိုကြောင်း၊ တံတားနှင့်ဆက်စပ်လျက်ရှိသည့် လမ်းများကိုလည်း စနစ်တကျဆောင်ရွက်ရန်လိုကြောင်း၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေနန်းတော်ကျောင်း (ရွှေကျောင်း)တွင် လှည့်လည်ကြည့်ရှုစဉ်။

**မဟာအတုလဝေယန် (အတုမရှိ)ကျောင်းတော်ကြီး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် မဟာအတုလဝေယန် (အတုမရှိ)ကျောင်းတော်ကြီးသို့ ရောက်ရှိကြပြီး ကျောင်းတော်ကြီးအတွင်းရှိ စူဠာမုနိရုပ်ရှင်တော် ဘွဲ့အမည်ခံရုပ်ပွားဆင်းတုတော်ကြီးအား ဖူးမြော်ကြည်ညိုကာ မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်း၊ သောက်တော်ရေချမ်းနှင့် ဆီမီးတို့ကို ကပ်လှူပူဇော်သည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်သည် စူဠာမုနိရုပ်ရှင်တော် ဘွဲ့အမည်ခံရုပ်ပွားတော်မြတ်ကြီးပင့်ဆောင်ထားရှိမှု အခြေအနေများအား ကြည့်ရှု၍ ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ကြည်ညိုသပ္ပါယ်စွာရှိစေရေး လိုအပ်သည်များကို ဆောင်ရွက်သွားရန် မှာကြားကာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က မဟာအတုလဝေယန်(အတုမရှိ) ကျောင်းတော်ကြီး ထိန်းသိမ်းရေးအတွက် ဘက်စုံ အလှူတော်ငွေများကို ပေးအပ်လှူဒါန်းသည်။ ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီး ဧည့်သည်တော်မှတ်တမ်း စာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးသည်။

စာမျက်နှာ ၆ သို့ ✻





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စည်ရှည်တံတားဆောက်လုပ်ရေးဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

✻ စာမျက်နှာ ၅ မှ

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် စူဠာမုနိရုပ်ရှင်တော် ဘွဲ့အမည်ခံရုပ်ပွားတော်မြတ်ကြီး ပင့်ဆောင်ခဲ့မှု မှတ်တမ်းဓာတ်ပုံများအား ကြည့်ရှုကာ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီးအား လက်ယာရစ် လှည့်လည်၍ ကျောင်းတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေး၊ နဂိုမူလရှေးဟောင်းအမွေအနှစ်လက်ရာများအတိုင်း လက်ရာမပျက်ထိန်းသိမ်းစောင့်ရှောက်ရေး မှတ်တမ်းများကို ပြန်လည်ကြည့်ရှုလေ့လာ၍ ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**ရွှေနန်းတော်ကျောင်း (ရွှေကျောင်း)**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ရွှေနန်းတော်ကျောင်း(ရွှေကျောင်း)သို့ ရောက်ရှိကြပြီး ကျောင်းတော်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုသည်။ ထို့နောက် ကျောင်းတော်ကြီးအတွင်းအပြင်ရှိ မြန်မာမှု သစ်သားပန်းပုအခြေခံ ခြူးပန်း၊ ခြူးနွယ်အပြောက်အမွမ်းများ၊ ရုပ်လုံးရုပ်ကြွများ၊ ကျေးငှက်တိရစ္ဆာန်ရုပ်များ၊ နံရံကပ်ရုပ်ကြွများ၊ အတွင်းမာရဘင်အရှေ့ပိုင်းကွန်းစင်တိုင်အခြေတွင် ထုဆစ်ပူဇော်ထားသည့် ဇာတ်ကြီးဆယ်ဘွဲ့၊ တောထွက်ခန်း၊ မဟာပဒုမဇာတ်၊ ဥတေနဇာတ်တော်တို့ကို အနုစိတ် ထုဆစ်ပူဇော်ထားရှိမှုများကို ကြည့်ရှုပြီး တန်ဖိုးမဖြတ်နိုင်သည့် ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်လက်ရာများ ဖြစ်သည့်အတွက် စနစ်တကျဖြင့် လက်ဆင့်ကမ်းထိန်းသိမ်းစောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း၊ ကျောင်းတော်ကြီးအတွင်းရှိ တိုင်လုံးများသပ်ရပ်မှုနှင့် ကြံ့ခိုင်မှုရှိအောင် စဉ်ဆက်မပြတ်မွမ်းမံ ထိန်းသိမ်းဆောင်ရွက်သွားရန်လိုကြောင်း၊ အမွေအနှစ်လက်ရာများကို ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် မှန်ကာရံခြင်းများ၊ ကန့်သတ်ဧရိယာထားရှိခြင်းများ ဆောင်ရွက်ထားရှိရန်လိုကြောင်း၊ ရှေးဟောင်း အမွေအနှစ်လက်ရာများဖြစ်သည့်အတွက် အထူးဂရုပြု ထိန်းသိမ်း စောင့်ရှောက်သွားရန် လိုကြောင်း၊ ရွှေကျောင်းတော်ကြီး၏ အောက်ခြေတိုင်များ ခိုင်ခံ့နေစေရေး ထိန်းသိမ်းဆောင်ရွက်သွားရန်နှင့် သန့်ရှင်းသပ်ရပ်မှုရှိအောင် ထိန်းသိမ်း ဆောင်ရွက်မည်ဆိုပါက လာရောက်လေ့လာသူများကိုလည်း ပိုမိုဆွဲဆောင်နိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

**မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရား**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် ပဥ္စမသင်္ဂါယနာတင်၊ ဘဝရှင်မင်းတုန်းမင်းတရားကြီး တည်ထားကိုးကွယ်တော်မူသော မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရားသို့ ရောက်ရှိ ဖူးမြော်ကြည်ညိုကြပြီး ပန်း၊ ရေချမ်း ကပ်လှူပူဇော်သည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့်ဇနီးတို့က ဘုရားကြီးဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူတော်ငွေများကို ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူသည်။ ယင်းနောက် ဘုရားကြီးအား လက်ယာရစ် လှည့်လည်ဖူးမြော်ကြည်ညိုခဲ့ပြီး ဘုရားကြီးရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ မဟာသကျမာရဇိန် ကျောက်တော်ကြီးဘုရားအား ဖူးမြော်ကြည်ညိုစဉ်။

**မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီးသို့ ရောက်ရှိကြပြီး ဦးစီးပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ထုတိဝရအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး မဟာဓမ္မိကာရာမ ရွှေကျင်တိုက်မကြီး ဦးစီးပဓာနနာယက ဆရာတော်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့အား ဓမ္မဒါနအဖြစ် ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ပြန်လည်ပေးအပ်သည်။



မဟာ ဓမ္မိကာရာမ ရွှေကျင်တိုက်မကြီး ဦးစီးပဓာနနာယက ဆရာတော်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့အား ဓမ္မဒါနအဖြစ် ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ် ပေးအပ်စဉ်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် သက်တမ်း ၁၆၂ နှစ်ကျော် ကျွန်းကျောင်းတော်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်သည်။

ယင်းနောက် ကျွန်းကျောင်းတော်ကြီး ပြန်လည်ပြုပြင်ထိန်းသိမ်းထားရှိမှုများနှင့်ကျွန်းကျောင်းတော်ကြီးအတွင်းရှိ ရွှေကျင်သာသနာပိုင်ဆရာတော်ကြီးများ၏ ပုံတူရုပ်တုတော်များကို ဖူးမြော်ကြည့်ရှုပြီး ဓာတ်ပုံပြခန်းအား ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ကျောင်းတော်ကြီး ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် ထိန်းသိမ်းဆောင်ရွက်ရန်နှင့် အခြားလိုအပ်သည်များကိုလမ်းညွှန်မှာကြားသည်။

**မြနန်းစံကျော် ရွှေနန်းတော်ကြီး**

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မန္တလေးနန်းမြို့တွင်းရှိ မြနန်းစံကျော် ရွှေနန်းတော်ကြီး ထိန်းသိမ်းထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးရာ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံနှင့် တာဝန်ရှိသူများက ရွှေနန်းတော်ကြီးနှင့် အဆောင်တော်များ ထိန်းသိမ်းထားရှိမှုအခြေအနေများနှင့် ၂၀၂၃ ခုနှစ် မေလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် လာရောက်စစ်ဆေးစဉ် လမ်းညွှန်မှာကြားချက်များ လိုက်နာဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မြနန်းစံကျော်ရွှေနန်းတော်ကြီး သမိုင်းမှတ်တမ်းဓာတ်ပုံများနှင့် နန်းတွင်းအသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသမှုများကိုကြည့်ရှုကာ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြနန်းစံကျော်ရွှေနန်းတော်ကြီးအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

# ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ဝန်ထမ်းမိသားစုများက အလှူငွေနှင့် စားသောက်ဖွယ်ရာများလှူဒါန်းရန် ပြင်ဆင်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၂၅**

နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရဲဝံ့စွာ စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသည့် ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို စေတနာရှင်ပြည်သူများနှင့် ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းမိသားစုများက အလှူငွေများနှင့် စားသောက်ဖွယ်ရာများ ပေးပို့ လှူဒါန်းလျက်ရှိရာ ပြည်ထောင်စု တရားလွှတ်တော်ချုပ် ဝန်ထမ်းမိသားစုများကလည်း ပါဝင်လှူဒါန်းရန်အတွက် မွန်မြတ်သည့် စိတ်စေတနာဖြင့် စုပေါင်းချက်ပြုတ် ကြော်လှော်ကြပြီး ကိုယ်တိုင်စိတ်အား ထက်သန်စွာဖြင့် ပြင်ဆင်ထုပ်ပိုးနေမှုများကို ပြည်ထောင်စု တရားသူကြီးချုပ်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဩဂုတ် ၂၃ ရက် နံနက်ပိုင်းတွင် လိုက်လံ ကြည့်ရှုအားပေးခဲ့ကြသည်။

ပြည်ထောင်စု တရားလွှတ်တော်ချုပ် ဝန်ထမ်းမိသားစုများအနေဖြင့် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေး၊ အများပြည်သူ၏ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ် စောင့်ရှောက်ရေး တာဝန်ကို ထမ်းဆောင်နေသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိ ဗာလချောင်ကြော်၊ ငါးနီတူခြောက်ကြော်၊ နန်းမြိုင်ကော်ဖီမစ်ထုပ်၊ အသင့်စားခေါက်ဆွဲခြောက်ထုပ်၊ လက်ဖက်အကြော်ထုပ်၊ ငါးပိထောင်းဘူး၊ မြေပဲဆားလှော်၊ ပုံးရည်ကြီးစသည့် စားသောက်ဖွယ်ရာ ၁၃ မျိုးနှင့် လှူဒါန်းငွေကျပ်သိန်း ၅၀ အား နေပြည်တော်တိုင်းစစ်ဌာနချုပ်သို့ ပေးပို့လှူဒါန်းသွားမည်ဖြစ်သည်။

ထို့ပြင် "ပြည်ချစ်သားမွန်၊ မေတ္တာစာသဝဏ်" စာတမ်းဖြင့် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံပေးစာ စာအရေးအသားပြိုင်ပွဲကို ပြည်ထောင်စု တရားလွှတ်တော်ချုပ် စုဝေးခန်းမ၌ ကျင်းပပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်ငွေနှင့် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြု ပေးအပ်

**နေပြည်တော် ဩဂုတ် ၂၅**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ လာရောက်ဂုဏ်ပြု ပေးအပ်လျက်ရှိသည်။

**ဂုဏ်ပြုပေးအပ်**

ထိုသို့ ပေးအပ်လျက်ရှိရာ ဩဂုတ် ၂၃ ရက် ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကော်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁)၊ (၂)၊ (၃)၊ (၄)တို့မှ ဝန်ထမ်းမိသားစုများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင် မိသားစုများ၊ ဗမာလူငယ်များအစည်းအရုံး၊ သီရိခေတ္တရာဖောင်ဒေးရှင်း ဝန်ထမ်းမိသားစုများနှင့် စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများ ဂုဏ်ပြုပေးအပ်ခြင်းကို နေပြည်တော်တိုင်းစစ်ဌာနချုပ်ရှိ ပေါင်းလောင်းရိပ်သာ၌ ပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကော်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မိုးအောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကော်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကော်စီဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၄) ပြည်ထောင်စုဝန်ကြီး ဦးအောင်ကျော်ဟိုးနှင့် စေတနာရှင်အလှူရှင်များ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ထိုသို့ပေးအပ်လှူဒါန်းရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကော်စီဥက္ကဋ္ဌရုံးဝန်ကြီးဌာန (၁)၊ (၂)၊ (၃)၊ (၄) တို့မှ ဝန်ထမ်းမိသားစုများနှင့် စေတနာရှင်အလှူရှင်များက ဂုဏ်ပြုချီးမြှင့်ငွေကျပ် တစ်ရာလေးဆယ့်ငါးသိန်းခြောက်သောင်းတစ်ထောင့်တစ်ရာနှင့် ငွေကျပ်တစ်ရာခြောက်ဆယ့်ကိုးသိန်းကိုးသောင်းခုနစ်ထောင် တန်ဖိုးရှိစားသောက်ဖွယ်ရာများကို တိုင်းမှူးထံ ဂုဏ်ပြုပေးအပ်ရာ တိုင်းမှူးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။ ထို့နောက် အလှူရှင်များက လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တိုင်းမှူးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အဆိုပါ ဂုဏ်ပြုချီးမြှင့်ငွေများနှင့် စားသောက်ဖွယ်ရာများအား ရှေ့တန်းစစ်မျက်နှာအသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရှုပ်ရှုပ်ချချ တာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



အညာဒေသထွက် ရှင်မတောင်သနပ်ခါးတုံးများကို တွေ့ရစဉ်။

# အညာဒေသထွက် ရှင်မတောင်သနပ်ခါးပျိုးပင်များကို ဧရာဝတီတိုင်းဒေသကြီးဘက်မှ စိုက်ပျိုးရန်မှာယူ

**ရန်ကုန် ဩဂုတ် ၂၅**

အညာဒေသထွက် ရှင်မတောင်သနပ်ခါးပျိုးပင်များကို ဧရာဝတီတိုင်းဒေသကြီးဘက်မှ စိုက်ပျိုးရန် မှာယူခြင်းများရှိနေကြောင်း သနပ်ခါးဈေးကွက်အတွင်းမှ သိရသည်။

မြန်မာ့သနပ်ခါးကို အိမ်နီးချင်း ထိုင်းနိုင်ငံဘက်မှလည်းမှာယူကြကာ ရှင်မတောင်သနပ်ခါးပျိုးပင်များကိုလည်း မှာယူမှုများပြားလျက်ရှိကြောင်းသိရသည်။

"သနပ်ခါးကတော့ မြန်မာနိုင်ငံမှာက မိန်းကလေးအများစု လိမ်းကြတဲ့အရာဆိုတော့ မှာကြတယ်။ တခြား အိမ်နီးချင်းနိုင်ငံဖြစ်တဲ့ ထိုင်းဘက်က အမျိုးသမီးတွေလည်းမှာကြတယ်။ သနပ်ခါးစိုက်ရင်တော့ အများကြီးပြုစုစရာတော့မလိုဘူး။ ကျွန်မတို့ရွာဘက်တွေက မြေကိုက သနပ်ခါးမြေလိုဖြစ်နေတော့ သနပ်ခါးပျိုးရင် ဒီဘက်မှာ ခက်ခက်ခဲခဲတော့မရှိဘူး။ လက်ရှိကာလမှာ ခြံရှင်းဈေးတွေကြီးတာကြောင့် တချို့က ပြန်မလုပ်ဘဲ အပြတ်ရောင်းလိုက်တာတွေ ရှိပေမယ့် တချို့ကလည်း သနပ်ခါးပျိုးပင်တွေကို တော်တော်များများ ပြန်လုပ်ကြတယ်။ ဧရာဝတီတိုင်းဒေသကြီးဘက်က စမ်းစိုက်ဖို့မှာကြတယ်။ ရန်ကုန်၊ ပြည်၊ ပုသိမ်ဘက်တွေကတော့ အတော်လေး အဝယ်လိုက်ပါတယ်" ဟု မြိုင်မြို့နယ်ရှိ သနပ်ခါးစိုက်တောင်သူတစ်ဦးကပြောသည်။

ထို့ပြင် မြန်မာ့သနပ်ခါးကို ပိုမိုစိုက်ပျိုးသင့်ပြီး မြန်မာနိုင်ငံ၌ ကုန်ချောအနေဖြင့် ထုတ်လုပ်နိုင်ပါက မြန်မာ့သနပ်ခါးဈေးကွက်မှာပို၍ ဈေးကွက်ကောင်းနိုင်ကြောင်း သိရသည်။

"နောက်ပိုင်း နည်းပညာတွေနဲ့ကောင်းကောင်း ထုတ်နိုင်ပြီး brand အနေနဲ့ထုတ်နိုင်ရင် သနပ်ခါးဈေးကွက်က တော်တော်ကြီးကို အလားအလာရှိတယ်လို့ထင်တယ်။ အရောင်းအဝယ်ကတော့ အဆက်မပြတ်ကိုရှိတယ်။ အရောင်းရဆုံးအချိန်ကတော့ တပို့တွဲလပေါ့။ သူကပူတဲ့အချိန်ဆို သနပ်ခါးအပွေးလည်းတက်တယ်။ မှာလည်းမှာကြတယ်ပေါ့။ မိုးတွင်းကတော့မှိုတက်တာတွေ၊ ဘာတွေရှိတယ်။ ရောင်းအားအကောင်းဆုံးအချိန်ကတော့ တပို့တွဲ၊ တပေါင်းပေါ့။ အဲဒီအချိန်က အရောင်းရဆုံးအချိန်ဖြစ်တယ်" ဟု ၄င်းကပြောသည်။

အရာတော်ဘက်မှ ထွက်ရှိသည့် သနပ်ခါးကို ရွှေဘိုသနပ်ခါးဟုခေါ်ကြပြီး ပခုက္ကူဘက်မှထွက်ရှိသည့်သနပ်ခါးကို ရှင်မတောင်သနပ်ခါးဟုခေါ်ကြကြောင်း၊ သုံးစွဲသူများအနေဖြင့်လည်း မိမိကြိုက်နှစ်သက်သည့် သနပ်ခါးကို ဝယ်ယူသုံးစွဲကြလေ့ရှိကြောင်းသနပ်ခါးဈေးကွက်မှသိရသည်။

**သစ်တော်**

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍမှ ဝန်ထမ်းများနှင့် တွေ့ဆုံ

**တောင်ကြီး ဩဂုတ် ၂၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်တို့သည် ယမန်နေ့နံနက်ပိုင်းက တောင်ကြီးမြို့ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးရုံးသို့ ရောက်ရှိပြီး သစ်တော၊ သတ္တုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သစ်တောသယံဇာတများ ရေရှည်တည်တံ့ရေး၊ သန့်ရှင်းကောင်းမွန်သော ပတ်ဝန်းကျင်ရရှိရေးနှင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုအနည်းဆုံးဖြစ်သော Green Mining၊ Responsible Mining ဖြစ်စေရေး ဦးတည်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် တရားမဝင်သစ်နှင့် သတ္တုတွင်းထွက်များ ထုတ်ယူသယ်ဆောင်မှု တားဆီးရေးကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ဝန်ထမ်းများအနေဖြင့် အဂတိတရားကင်းရှင်းစွာဖြင့် ပြည်သူက ယုံကြည်လေးစားအားကိုးရသည့် နိုင်ငံ့ဝန်ထမ်းကောင်းများဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားရန် လိုကြောင်း မှာကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က နိုင်ငံတော်၏ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသော ဌာနဆိုင်ရာများနှင့် ဝန်ထမ်းများ၏ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားကာ



ဝန်ထမ်းများအား ထောက်ပံ့ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်၍ ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် တောင်ကြီးမြို့နယ် တောင်ကြီးငှက်ဘေးမဲ့တောအတွင်း ကျောက်တောင်မြေအား ကွန်တိုလိုင်းဖော် မြေအစားထိုးစနစ်ဖြင့် စိုက်ပျိုးထားသော အပင် ၂၃၅၀ ၏ ရှင်သန်အောင်မြင်မှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့နယ် တောင်ကြီးထင်းကြိုးဝိုင်းအတွင်းရှိ ၂၀၂၃ ခုနှစ် ရေဝေရေလဲစိုက်ခင်းဧက ၁၀၀ နှင့် ကွန်တိုလိုင်းဖော်မြေအစားထိုးစနစ်ဖြင့် စိုက်ပျိုးမှုအပင် ၁၂၅၀၊ ၂၀၂၃ ခုနှစ် ယူကလစ်စပ်မျိုးစိုက်ခင်း ၁၀ ဧက၊ ၂၀၂၄ ခုနှစ် ရေဝေရေလဲစိုက်ခင်း ၇၅ ဧက၊ ကျောက်တောင်မြေအား မြေအစားထိုး၍ အပင် ၂၆၀၀ စိုက်ပျိုးထားမှုနှင့် ၂၀၂၄ ခုနှစ် စက်မှုကုန်ကြမ်းထင်းရှူးစိုက်ခင်းဧက ၇၀ ရှင်သန်အောင်မြင်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တောင်ကြီးမြို့ ရေပေးဝေရေးအတွက် အရေးပါသောထီသိမ်ကန်ရေထွက် စိမ်းလန်းစိုပြည်စေရေးအတွက် စိုက်ပျိုးထားသည့် ၂၀၂၃ ခုနှစ် ကွက်လပ်ဖြည့် ထင်းရှူးစိုက်ခင်းအပင် ၁၀၀၀၀ အောင်မြင်ဖြစ်ထွန်းနေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့သို့ရောက်ရှိပြီး သစ်တောဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ရုံးသစ်တည်ဆောက်နေမှုကိုလည်းကောင်း၊ ဟိုပုံး-လွိုင်လင်ကားလမ်း ၂၀၂၄ ခုနှစ် အာဆီယံလမ်းဘေးဝဲယာစိုက်ခင်း ၄၂ ဧက ရှင်သန်အောင်မြင်မှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ဟိုပုံးမြို့နယ် လွယ်တန့်ကျေးရွာသို့ ရောက်ရှိပြီး သစ်တောဦးစီးဌာနနှင့် အာရှဒေသသစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် လွယ်တန့်ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆောင်ရွက်လျက်ရှိသော ကျေးရွာ ၁၆ ရွာမှ ဒေသခံပြည်သူများနှင့်တွေ့ဆုံ၍ ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း၏ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ နိုင်ငံတကာနှင့် မြန်မာနိုင်ငံအတွင်း ဆောင်ရွက်အောင်မြင်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားကာ ဒေသခံများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် လွယ်တန့်ဒေသခံ ပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းအတွင်း သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း ဆောင်ရွက်နေမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်မြိုင် တောင်ကြီး - နောင်ကားလမ်းခွဲ - ပင်းပက် ရထားလမ်းပိုင်းနှင့် တောင်ကြီး - ပေါမူ - အေးသာယာ - ရွှေညောင် ရထားလမ်းပိုင်းများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၂၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် ဩဂုတ် ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် တောင်ကြီး-နောင်ကားလမ်းခွဲ-ပင်းပက် ရထားလမ်းပိုင်း၊ အဆင့်မြှင့်တင်ပြုပြင်ထားသည့် တောင်ကြီး -ပေါမူ-အေးသာယာ-ရွှေညောင် ရထားလမ်းပိုင်းရှိ ဘူတာများ၊ ယာဒ်ဝင်းများ၊ တံတားနှင့် တာပေါင်များ ထိန်းသိမ်းမှုအခြေအနေနှင့် အဆိုပါရထားလမ်းပိုင်းရှိထီသိမ်အဝိုင်းပတ် တံတားနှင့် အဝိုင်းပတ်ရထားလမ်းထိန်းသိမ်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ခရီးစဉ်အတွင်း ဒုတိယဝန်ကြီးသည် တောင်ကြီး-နောင်ကားလမ်းခွဲ - ပင်းပက်ရထားလမ်းပိုင်းရှိ တံတားနှင့် တာပေါင်များ ထိန်းသိမ်းမှုအခြေအနေကို RGC ရထားလိုက်ပါစီးနင်း၍ စစ်ဆေးပြီး လမ်းပိုင်းအတွင်းရှိ တံတားနှင့် Box Culvert များ ရေရှည်ခိုင်ခံ့မှုရှိစေရေး စနစ်တကျစစ်ဆေး၍ ထိန်းသိမ်းဆောင်ရွက်ရန်၊ ရထားလမ်းဘေးရေမြောင်းများ (Side Drains) စနစ်တကျဆောင်ရွက်သွားရန်နှင့် ရထားလမ်းတာပေါင်များ ရေတိုက်စားမှုနည်းစေရန် အတွက် မြက်ကပ်စိုက်ပျိုးထားမှု ရှင်သန်အောင် ဂရုစိုက်ဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားသည်။

ထိုအတူ အဆင့်မြှင့်တင်ပြုပြင်ထားသည့် တောင်ကြီး-ပေါမူ-အေးသာယာ-ရွှေညောင် ရထားလမ်းပိုင်းရှိ ဘူတာများ၊ ယာဒ်ဝင်းများ၊ တံတားနှင့် တာပေါင်များ ထိန်းသိမ်းမှုအခြေအနေကို RGC ရထားလိုက်ပါစီးနင်းစစ်ဆေးပြီး အဆိုပါရထားလမ်းပိုင်းရှိထီသိမ်အဝိုင်းပတ်နေရာတွင် စိုက်ပျိုးထားသည့် သစ်ပင်များနှင့် အဝိုင်းပတ်တာပေါင်တွင် မြေထိန်းနိုင်ရန် စိုက်ပျိုးထားသည့်မြက်ပင်များ ရှင်သန်စေရေး ဂရုစိုက်သွားရန်၊ မြေထိန်းနံရံများ တည်ဆောက်ထားမှုကို စနစ်တကျစစ်ဆေးသွားရန်၊ ထီသိမ်အဝိုင်းပတ်တံတားကို ပုံမှန်စစ်ဆေးခြင်းများ ဆောင်ရွက်သွားရန်၊ ကွေ့ဒီဂရီ၊ Alignmentနှင့် Super Elevations များ မှန်ကန်မှုရှိစေရေး ပုံမှန်စစ်ဆေးပြုပြင်ခြင်းများဆောင်ရွက်ရန်၊ ရထားလမ်း



ဘေးရေမြောင်းများ စနစ်တကျဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးမှာကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးသည် ဘူတာများသန့်ရှင်းသပ်ရပ်မှုရှိစေရေး ပုံမှန်ရှင်းလင်းဆောင်ရွက်ရန်၊ ရထားစီးခရီးသည်များ အဆင်ပြေစေရေးနှင့် ရထားများ ထွက်ချိန်မှန်ကန်စေရေး အလေးထားဆောင်ရွက်ရန်တို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဩဂုတ် ၂၅**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများကို ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ် တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းတို့၌ စနေ၊ တနင်္ဂနွေနေ့တို့တွင်လည်း အထူးသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများတွင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် စတုတ္ထအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းကို ၂-၉-၂၀၂၄ ရက်မှ ၁၁-၁၀-၂၀၂၄ ရက်ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား (အမျိုးသမီး/ အမျိုးသား) များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာနမှ သိရသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊စည်သူလမ်း၊ဘူတာအနီး၊တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း) ၊ ရှောင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့ အနောက်ကွင်း၊ ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီးဒေါက်တာညွန့်ဖေ (၁၃) ကြိမ်မြောက် အာဆီယံပညာရေးဝန်ကြီးများအစည်းအဝေး တက်ရောက်



**နေပြည်တော် ဩဂုတ် ၂၅**

ထိုင်းနိုင်ငံမှ အိမ်ရှင်အဖြစ် ကျင်းပသည့် (၁၃) ကြိမ်မြောက် အာဆီယံ ပညာရေးဝန်ကြီးများ အစည်းအဝေး တက်ရောက်မည့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေဦးဆောင်သော မြန်မာ ကိုယ်စားလှယ်အဖွဲ့သည် ယမန် နေ့ညနေပိုင်းတွင် ခေတ္တတည်းခို သည့် ထိုင်းနိုင်ငံ ဘူရီယမ်မြို့ရှိ Modena ဟိုတယ်မှတစ်ဆင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှပညာ ရေးဝန်ကြီးများနှင့် ကိုယ်စားလှယ် များ၊ ဧည့်သည်တော်များနှင့်အတူ ဘူရီယမ်မြို့ရှိ Khao Phnom Rung ရှေးဟောင်းဒေသနှင့် Prasat Meaung Tam ရှေးဟောင်းဒေသ သို့ သွားရောက်လေ့လာပြီး ထိုင်းနိုင်ငံ ပညာရေးဝန်ကြီးက တည်ခင်းဧည့်ခံသည့် ဂုဏ်ပြု ညစာစားပွဲသို့ တက်ရောက်သည်။

**အစည်းအဝေးဖွင့်ပွဲ**

(၁၃) ကြိမ်မြောက် အာဆီယံ ပညာရေးဝန်ကြီးများ အစည်း အဝေးဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် Burriam United Stadium ၌ ကျင်းပပြုလုပ် ရာ Burriam Province Governor နှင့် ထိုင်းနိုင်ငံ ပညာရေးဝန်ကြီး Police General Prempoon Chidchob တို့က အဖွင့်အမှာစကား များပြောကြားပြီး ထိုင်းရိုးရာ ယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေ တင်ဆက်ကာ တက်ရောက်လာ သည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများ မှ နိုင်ငံ့ကိုယ်စားလှယ်အဖွဲ့ ခေါင်းဆောင်တစ်ဦးချင်းစီ ကြိုဆို မိတ်ဆက်ပြီး စုပေါင်းမှတ်တမ်း တင်ဓာတ်ပုံရိုက်ကြသည်။

**တက်ရောက်**

ထို့နောက် အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက် ကျင်းပရာ အိမ်ရှင်ထိုင်းနိုင်ငံ ပညာရေးဝန်ကြီး Police General Prempoon Chidchob က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ် များ၊ တီမောလက်စ်တေနိုင်ငံ နှင့် မိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက် ကြသည်။ ယင်းနောက် အစည်း အဝေးတွင် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံက (၁၈) ကြိမ်မြောက် အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး အစီရင်ခံစာကို လည်းကောင်း၊ ထိုင်းနိုင်ငံက (၁၉) ကြိမ်မြောက် အဆင့်မြင့်အရာရှိ ကြီးများအစည်းအဝေး အစီရင် ခံစာကိုလည်းကောင်း တင်ပြ ဆွေးနွေးကြသည်။

ဆက်လက်၍ ဒစ်ဂျစ်တယ်ခေတ် ပညာရေး အသွင်ကူးပြောင်းရေး ဆိုင်ရာနှင့်စပ်လျဉ်း၍ တက်ရောက် လာသောနိုင်ငံများက နိုင်ငံအလိုက် အလှည့်ကျ ဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ညွန့်ဖေက အနာဂတ်ပညာရေးကို ပုံဖော်ရန်၊ အလုပ်အကိုင်အခွင့် အလမ်းများ ဖွံ့ဖြိုးတိုးတက်ရန် အတွက် ဒစ်ဂျစ်တယ်နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများ၏စွမ်းအား ကို အသုံးချရမည် ဖြစ်ပါကြောင်း၊ အစဉ်ပြောင်းလဲနေသည့် ကမ္ဘာ ကြီးတွင် လူတစ်ဦးတစ်ယောက် ချင်းစီ အောင်မြင်မှုများ ရရှိလာ အောင် ဖြည့်စွမ်းပေးနိုင်သည့် တက်ကြွမှု၊ လူတိုင်းအကျုံးဝင်မှု နှင့် ထိရောက်သည့် သင်ကြား သင်ယူမှု ဝန်းကျင်ကောင်းများ ဖန်တီးပေးရေးသည် ကျွန်ုပ်တို့၏ မျှော်မှန်းချက်ဖြစ်ပါကြောင်း။

အမျိုးသား ဒစ်ဂျစ်တယ်ပညာ ရေးမဟာဗျူဟာ ချမှတ်ရာတွင် ဆရာ ဆရာမများ၊ မူဝါဒ ချမှတ်သူ များ၊ စက်မှုလုပ်ငန်းရှင်များ နှင့် ကျောင်းသား ကျောင်းသူ များ ပါဝင်ရမည်ဖြစ်ပါကြောင်း၊ ထို့အပြင် တက္ကသိုလ်၊ ကောလိပ်၊ ကျောင်းများအားလုံးကို မြန်နှုန်း မြင့် အင်တာနက်လိုင်းများ၊ ဒစ်ဂျစ် တယ်စက်ပစ္စည်းများ ပံ့ပိုးပေးရမည် ဖြစ်သကဲ့သို့ အွန်လိုင်းပလက်ဖောင်း များလည်း တည်ထောင်ပေးကြ ရမည်ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ ဒစ်ဂျစ်တယ် စက်ပစ္စည်းများနှင့် ရင်းနှီးကျွမ်းဝင် အောင်၊ ဒစ်ဂျစ်တယ်နည်းပညာ စွမ်းရည် မြင့်မားလာအောင် ဆောင်ရွက်ပေးရန် လိုအပ်ပါ ကြောင်း၊ ဒစ်ဂျစ်တယ်အသွင် ကူးပြောင်းရေးကာလတွင် အဓိက နေရာကပါဝင်နေသည့် ဆရာ ဆရာမများ၏စွမ်းရည်မြင့်မားရေး ပံ့ပိုးကူညီခြင်းသည် ကျွန်ုပ်တို့၏ ကတိကဝတ်တစ်ခုဖြစ်ပါကြောင်း၊ ပံ့ပိုးရာတွင် ဒစ်ဂျစ်တယ်စက်ပစ္စည်း ကိရိယာများနှင့် အွန်လိုင်းရင်းမြစ် ပစ္စည်းများပံ့ပိုးသည့်အပြင် ယင်း ပစ္စည်းများကို အသုံးပြုသော နောက်ဆုံးပေါ် နည်းပညာများ၊ သင်ကြားနည်းစနစ်များကို သိရှိ နားလည်စေရန် ဆောင်ရွက်ပေး ခြင်းများ ပါဝင်မည်ဖြစ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ယင်းနောက် တက်ရောက်လာ သည့် ကိုယ်စားလှယ်များနှင့် အာဆီယံဒုတိယအထွေထွေအတွင်း ရေးမှူးချုပ်တို့က နိုင်ငံအလိုက် ဆွေးနွေးတင်ပြချက်များ အပေါ် အမြင်ချင်းဖလှယ်ဆွေးနွေးကြပြီး အစည်းအဝေးက "ဒစ်ဂျစ်တယ် ခေတ် ပညာရေးအသွင်ကူးပြောင်း ရေး"နှင့်စပ်လျဉ်းသည့် ပူးတွဲ သဘောတူညီချက် တစ်ရပ်ကို ဆွေးနွေး အတည်ပြုခဲ့ကြသည်။ ၂၀၂၆ ခုနှစ် (၁၄) ကြိမ်မြောက် အာဆီယံ ပညာရေးဝန်ကြီးများ အစည်းအဝေးကို စင်ကာပူနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသွား မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကကြီးခခွေး၊ မတတ်သေး၊ လူရေးညံ့တော့သည်

**ဒေါက်တာထွန်းတင့်**

## မြန်မာဗျည်းအက္ခရာများ

(ယမန်နေ့မှအဆက်)

ဌ

**ဌ / ထ့ဝင်ဗဲ /**

ဌ သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် ဆယ့်နှစ်လုံး မြောက်ဗျည်းအက္ခရာဖြစ်သည်။ ဌဝမ်းဘဲဟု ခေါ်သည်။ ယခုအခါ ဌ အက္ခရာပုံသည် ဝမ်းဘဲသဏ္ဍာန်နှင့် မတူလှသော်လည်း ပုဂံခေတ်၊ ပင်းယခေတ်စသောရှေးကျောက်စာများတွင်ဌဝမ်းဘဲအက္ခရာသည် ဝမ်းဘဲကလေးနှင့်အတော်တူသည်။ ထို့ကြောင့် ဌဝမ်းဘဲဟု အနွတ္ထ အမည်မှည့်ခေါ်ခဲ့ကြခြင်းဖြစ်မည်။ ဋ္ဌဝဂ်ဗျည်းငါးလုံးတွင် ဒုတိယ ဗျည်းအက္ခရာဖြစ်သည်။ ထို့ကြောင့် ဋ္ဌဝဂ်၏ ဒုတိယက္ခရာဟု ခေါ်သည်။ သံနှံ့သံတင်းဗျည်းဖြစ်သည်။ လျှာထိပ်ဌာန် (မုဒ္ဓဌာန်)တွင် ဖြစ်သည်။ မြန်မာဘာသာတွင် အနက်မရှိသောဗျည်းဖြစ်သည်။ ပါဠိ ဘာသာ၊ သက္ကတဘာသာ စသည်တို့ကို မွေးစားသည့် မွေးစားဝေါဟာရ များအတွက် အသုံးပြုရသည်။ ဌဝမ်းဘဲဟူသောအမည်နှင့်ပတ်သက်၍ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထပကာသနီကျမ်း တွင် "ဌဝမ်းဘဲအက္ခရာ၏သင်္ကေတကား သံယုဂ်ဖြစ်ခါ ဋ္ဌသန်လျင်းချိတ် အက္ခရာကဲ့သို့ ဏကြီး၏အောက်၌တည်သော်လည်း အသွင်မဖောက် သင့်။ ထိုသို့လျက်ကို အချို့သော သူတို့သည် ဏကြီးကို ဟဆွဲ၏သို့ ရေးသည်ကားမသင့်နိုး။ ဌဝမ်းဘဲ၏ အရိပ်အသွင်မျှ ဦးခေါင်းထင် စေသင့်သည်။ သန်လျင်းချိတ်၏ အောက်၌ဆွဲ၍ ဒွေးဘော်ဖြစ်ရာ၌ကား ဆိုခဲ့ပြီးသောအတိုင်း ဌဝမ်းဘဲ၏ အမြီးအခွေမျှ ရေးသော်လည်း သင့်သည်ပင် ဖြစ်၏။ အချို့သော သူတို့သည် ထိပ်အပြင်၌ အတန်ငယ် နိမ့်ညွတ်၍ ရေးသည်ကား သဘောထုံးစံမထင်။ အလေ့မျှသာ ဖြစ်အံ့ သည်။ ဌဝမ်းဘဲဟူသည်နှင့်လျော်စွာ ဝမ်းဘဲသဏ္ဍာန်သဘောရှိလျှင် သင့်တော့သည်" ဟူ၍ ရှင်းပြထားပါသည်။

**ဌဝမ်းဘဲ**သည် စုတ်ချက်တစ်ချက်ဆွဲ အက္ခရာဖြစ်သည်။

ဍ

**ဍ / ဒ့ါယင်ဂေါက် /**

ဍ သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် ဆယ့်သုံးလုံး မြောက်ဗျည်းအက္ခရာဖြစ်သည်။ ဍရင်ကောက် ဟုခေါ်သည်။ ရှေးအခါ က ဍသံကောက်ဟုလည်းခေါ်သေးသည်။ ရင်ဘတ်မောက်မောက် ကောက်ကောက်သဏ္ဍာန်နှင့်တူသောကြောင့် ရင်ကောက်သောဍ၊ ဍရင်ကောက်ဟု မှည့်ခေါ်သည်။ သံကောက်နှင့်တူသောကြောင့် ဍသံကောက်ဟုလည်းခေါ်သည်။ သံကောက်ဆိုသည်မှာ တံခါးမင်းတုပ် စသည်ကိုချိတ်ဆွဲ၍ ဖွင့်ရသော အဖျားတစ်ဖက်တွင် ချိတ်ပါသော သံချောင်းဖြစ်သည်။ သော့သဖွယ် အသုံးပြုရသည်။ သံကောက်ဟု ခေါ်ခြင်းဖြစ်သည်။ ဋ္ဌဝဂ်ဗျည်းငါးလုံးတွင် တတိယဗျည်းအက္ခရာ ဖြစ်သဖြင့် ဋ္ဌဝဂ်၏ တတိယက္ခရာဟုခေါ်သည်။ သံထင်သံလျော့ဗျည်း၊ ဃောသသိထိလဗျည်းဖြစ်သည်။ လျှာထိပ်ဌာန် (မုဒ္ဓဌာန်)တွင် ဖြစ်သည်။ မြန်မာဘာသာတွင် အနက်မရှိသောဗျည်းဖြစ်သည်။ ပါဠိ၊ သက္ကတစသော မွေးစားဝေါဟာရများအတွက် အသုံးပြုရသည်။ ဒုတိယ ကျော်အောင်စံထားဆရာတော်ကမူ ဍသံကောက်ဟူသောအမည်ကို နှစ်ခြိုက်သည်။ ဆရာတော်၏ ဝေါဟာရတ္ထပကာသနီကျမ်းတွင် ထိုဗျည်းအက္ခရာနှင့်ပတ်သက်၍ "ဍသံကောက် အက္ခရာ၏ သင်္ကေတ ကား သံယုဂ်ဖြစ်ခါ ဏကြီး၏အောက်၌တည်သော်လည်း အသွင် မဖောက်သင့်။ သာရုပ္ပရှိအောင်အကွေးအညွတ်ကိုပြုပြင်သော်လည်း ဦးခေါင်းမျက်နှာနောက်သို့မူသော အသွင်ကို မပျောက်စေဘဲ ရေးလို၏။ အချို့သောသူတို့ မထင်စေဘဲရေးသည်ကား အလေ့ဖြစ်၍တစ်ကြောင်း၊ သိသာပြီးဖြစ်၍တစ်ကြောင်း ရေးလေသည်။ သဘောအားဖြင့်ကား အသွင်မပျက်ရေးသော်လည်းဆိုဖွယ်ရာမရှိ။ ဎရေမှုတ်၏ အထက်၌ ဆင့်၍ ဒွေးဘော်ဖြစ်သော်လည်း အထက်ဆင့်အက္ခရာဖြစ်၍ အသွင် မဖောက်ပြီ။ ဤ၌ ဍသံကောက်ဆိုသည်ကို ဍရင်ကောက်ဟူ၍ အချို့ ဆိုကုန်၏။ နောက်သို့ မျက်နှာပြုသောအက္ခရာဖြစ်၍ မျက်နှာမူရာ ညွတ်လာသော အကွေးကို ရင်ဟူ၍ ရင်ကောက်ဆိုသင့်၏"ဟု ရှင်းပြ ထားပါသည်။

**ဍရင်ကောက်**သည် စုတ်ချက်တစ်ချက်ဆွဲ အက္ခရာဖြစ်သည်။

ဎ

**ဎ / ဒ့ါယေမှုတ် /**

ဎ သည် မြန်မာဗျည်းအက္ခရာ သုံးဆယ့်သုံးလုံးတွင် ဆယ့်လေးလုံး မြောက်ဗျည်းအက္ခရာဖြစ်သည်။ ဎရေမှုတ်ဟုခေါ်သည်။ ယင်းဗျည်း အက္ခရာတစ်ဖက်တွင် လက်ကိုင်စရာ အကောက်အချိတ်ကလေး ပါသဖြင့် ရေသောက်ရန် ရေခွက်၊ ရေမှုတ်နှင့် တူသောကြောင့် ဎ ရေမှုတ် ဟု အမည်ပေးခဲ့ခြင်းဖြစ်သည်။ အနွတ္ထအမည်ဖြစ်သည်။ ဋ္ဌဝဂ်ဗျည်း ငါးလုံးတွင် စတုတ္ထဗျည်းအက္ခရာဖြစ်သည်။ ထို့ကြောင့် ဋ္ဌဝဂ်၏ စတုတ္ထက္ခရာဟုခေါ်သည်။ သံထင်သံတင်းဗျည်းဖြစ်သည်။ ဃောသဓနိတ ဖြစ်သည်။ လျှာထိပ်ဌာန် (မုဒ္ဓဌာန်) တွင်ဖြစ်သည်။ မြန်မာဘာသာတွင် အနက်မရှိသောဗျည်းဖြစ်သည်။ ပါဠိဘာသာ၊ သက္ကတဘာသာ စသည် ကို မွေးစားသည့် မွေးစားဝေါဟာရများအတွက် အသုံးပြုရသည်။ ပါဠိဘာသာတွင်လည်း ဎနှင့်ပတ်သက်၍ ဎ သည် ပစ္စည်း ဎ နှင့် ကာရိယ ဎ ဟူ၍ နှစ်မျိုးရှိကြောင်း၊ အသံ၊ ခြိမ်းခြောက်သံ၊ ကျေးဇူးမဲ့သောစကား ဟူသော အနက်ရှိကြောင်းမျှသာ တိပိဋကပါဠိ – မြန်မာအဘိဓာန်ကြီး တွင်ပြသည်။ ဒုတိယကျော်အောင်စံထားဆရာတော်က ဝေါဟာရတ္ထ ပကာသနီကျမ်းတွင် ဎ နှင့်ပတ်သက်၍ "ဎ ရေမှုတ်အက္ခရာ၏ သင်္ကေတကား ဏကြီးအက္ခရာနှင့် သံယုဂ်ဖြစ်သောအခါ ဆွဲရသော်လည်း အသွင်မဖောက်သင့်"ဟူ၍လည်းကောင်း "ဍသံကောက်နှင့် ဒွေးဘော်ဖြစ်မူကား အမှီဖြစ်သော နောက်သရနှင့်စပ်စေလို၍ အမြီးကို ချီချီကြွကြွရေးပါသည်မျှသာ အသွင်မဖောက်ဟူရ၏"ဟူ၍ လည်း ကောင်းမျှသာ ရှင်းပြထားပါသည်။

**ဎရေမှုတ်**သည် စုတ်ချက်နှစ်ချက်ဆွဲ အက္ခရာဖြစ်သည်။

(ဆက်လက်ဖော်ပြပါမည်)

# ကယားပြည်နယ်အစိုးရအဖွဲ့က ဌာနဆိုင်ရာဝန်ထမ်းများအတွက် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်

လွိုင်ကော် ဩဂုတ် ၂၅

ကယားပြည်နယ်အစိုးရအဖွဲ့က လွိုင်ကော်မြို့သို့ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ပြန်လည်တာဝန်ထမ်းဆောင်ရန် ရောက်ရှိလာသည့် ဌာနဆိုင်ရာဝန်ထမ်းများ နေထိုင်စားသောက်မှုအဆင်ပြေစေရေးအတွက် ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ပြည်နယ်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးက ဝန်ထမ်းများလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားပြီး ပြည်နယ်အစိုးရအဖွဲ့အတွင်းရေးမှူးက ဝန်ထမ်းများ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေနှင့်အညီ လုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စများကို ရှင်းလင်းပြောကြားသည်။ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လွိုင်ကော်မြို့သို့ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ပြန်လည်တာဝန်ထမ်းဆောင်ရန် ရောက်ရှိလာသည့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများနှင့် မြို့သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်လျက်ရှိကြသည့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်း စုစုပေါင်း ၃၈၀ အား ထောက်ပံ့ငွေနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ရာ တက်ရောက်လာကြသည့် ဝန်ထမ်းများကိုယ်စား ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းကိုယ်စားလှယ်များက လက်ခံရယူကြသည်။



ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက အခမ်းအနားသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားသည်။

အဆိုပါ ထောက်ပံ့ပေးအပ်ပွဲတွင် ကယားပြည်နယ်အစိုးရအဖွဲ့က ပြန်လည်တာဝန်ထမ်းဆောင်ရန်ရောက်ရှိလာသည့် နိုင်ငံ့ဝန်ထမ်းများနှင့် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများအတွက် စုစုပေါင်း ထောက်ပံ့မှု တန်ဖိုးငွေကျပ် ၃၁၄၆၅၀၀၀ ဖြစ်ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီးတရားလွှတ်တော်တွင် ( ၂၇ ) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲကျင်းပ



မကွေး ဩဂုတ် ၂၅

ပြည်ထောင်စု တရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးများ၏ (၂၇) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး ထပ်ဆင့်ရှင်းလင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် မကွေးတိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထပ်ဆင့်ရှင်းလင်းပွဲတွင် မကွေးတိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်မိမိမော်က (၂၇) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် ပြည်ထောင်စု တရားသူကြီးချုပ်၏ မှာကြားချက်များ၊ တရားလွှတ်တော်တရားသူကြီး ဒေါ်သင်းသင်းချိုနှင့် ဒေါ်ခင်နှင်းထွေးတို့က ပြည်ထောင်စု တရားလွှတ်တော် တရားသူကြီးများ၏ မှာကြားချက်များနှင့် တရားစီရင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် တိုင်းဒေသကြီး တရားရေးဦးစီးမှူး ဦးခင်မောင်မြင့်က ပြည်ထောင်စု တရားလွှတ်တော်ချုပ်၏ မှာကြားချက်များကို ရှင်းလင်းဆွေးနွေး မှာကြားခဲ့သည်။

### ရှင်းလင်းဆွေးနွေး

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် ခရိုင်/မြို့နယ် တရားသူကြီးများ၏ တင်ပြချက်များအပေါ် တိုင်းဒေသကြီး တရားရေးဦးစီးမှူးက ရှင်းလင်း ဆွေးနွေးခဲ့ကြောင်း သိရသည်။

**အောင်ကို(ဖန်ခါးမြေ)**



# တောင်ကြီးမြို့နယ်၌ ကျေးရွာငါးရွာကို အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတားများဖောက်လုပ်နေမှု ကွင်းဆင်းစစ်ဆေး

တောင်ကြီး ဩဂုတ် ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေများဖြင့် ကျေးရွာငါးရွာကို အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်း၊ တံတားများ ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မိုင်းသော်ရှေ့ကျေးရွာအုပ်စု ကုန်းမုန့်ကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

### ကြည့်ရှုစစ်ဆေး

ထိုသို့စစ်ဆေးရာတွင် တောင်ကြီးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဝင်းစန္ဒာနှင့် တာဝန်ရှိသူများသည် ကျေးရွာကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ကုန်းမုန့်ကျေးရွာတွင် အရှည်နှစ်မိုင် တစ်ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် မြေသား နှစ်ပေ ၊ သဲပြုန်း ကိုးလက်မရှိ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုနှင့် ယင်းလမ်းပေါ်ရှိ ကျေးလက်ကုန်ထုတ်တံတား ခုနစ်စင်း တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်းနှင့် တံတားများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၂၁ ဒသမ ၇၉၄ သန်းအကုန်အကျခံကာ ခရိုင်/မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှုဖြင့် တင်ဒါအောင်မြင်သောကုမ္ပဏီများက ယခုနှစ် ဇွန်လ စတုတ္ထပတ်မှ စတင်ကာဆောင်ရွက်လျက်ကြောင်း သိရသည်။

၂၂၂

# ပေါင်မြို့နယ်၌ ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနား ကျင်းပ

ပေါင် ဩဂုတ် ၂၅

မွန်ပြည်နယ် ပေါင်မြို့နယ်၌ သထုံခရိုင်ငါးလုပ်ငန်းဦးစီးဌာနက ငါးမျိုးစိုက်ထည့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၄ ရက် နံနက်ပိုင်းတွင် ရင်းငြိမ်ချောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် သထုံခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမင်းမင်းနှင့် ခရိုင်ရုံးဝန်ထမ်းများ၊ ပေါင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထင်လင်းအောင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးသံမရောင်၊ အဖွဲ့ဝင် ဗိုလ်မှူး ကျော်နိုင်ဦးနှင့် မြို့နယ်ဌာနဆိုင်ရာများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များက ရင်းငြိမ်ချောင်းအတွင်းသို့ ငါးသားပေါက် စခန်း(သထုံ)မှ နှစ်လက်မအရွယ်ရှိ ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၂၀၀၀၀၊ ငါးခုံးမကြီးသားပေါက်ကောင်ရေ ၃၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၅၀၀၀၀ ကို ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။



**မွန်မလေး (ပြန်/ဆက်)**

## ရေကြီးမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၂၅

**သံလွင်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့နံနက် ၇ နာရီခွဲတိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ) အထက်သို့ ပေဝက်ခန့် (၁၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**စစ်တောင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့နံနက် ၇ နာရီခွဲတိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ)အထက်သို့ တစ်ပေခန့် (၂၇ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

# ကိုယ့်မြို့ကိုယ့်ရွာတည်ငြိမ်အေးချမ်းဖို့ရာ ကိုယ့်ဝန်တာ

ငြိမ်းချမ်းအောင်

၂၀၂၁ ခုနှစ် မြန်မာ့နိုင်ငံရေး အပြောင်းအလဲကာလတွင် EAO အဖွဲ့အချို့သည် အခွင့်ကောင်းအဖြစ် ယူဆ၍ တစ်ချိန်တစ်ခါက လက်ကိုင်ထားခဲ့သည့် တစ်တော တစ်ကြက်ဖ စစ်ဘုရင်ဝါဒကို ပြန်လည်အသက်သွင်း ဖော်ဆောင်လာခဲ့ကြသည်။

လွတ်လပ်ရေးရပြီးစ ပါလီမန်ဒီမိုကရေစီအစိုးရခေတ်ကာလမှာပင် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်မဖြေရှင်းဘဲ ပါတီစွဲ၊ ဝါဒစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲကိုယ်စီဖြင့် လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ကာ တောခိုသူပုန်ထခဲ့ကြသော EAO အဖွဲ့အချို့သည် ယခုအကြိမ်တွင်လည်း ဖက်ဒရယ်ဒီမိုကရေစီအရေးဟု ကြွေးကြော်၍ ၎င်းတို့၏အကျိုးစီးပွားအလို့ငှာ တိုက်ကွက်များဖော်ဆောင်လာခဲ့ကြသည်။ နယ်စပ်ဒေသများရှိ တပ်မတော်၏ လုံခြုံရေးတပ်စခန်းများနှင့် မြို့ရွာအချို့ကို အင်အားသုံး စတင်တိုက်ခိုက်လာခဲ့ကြသည်။

ဖက်ဒရယ်ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးအတွက် တော်လှန်ရေးဟုဆိုခဲ့ကြသူ သောင်းကျန်းသူများက ၎င်းတို့ထိန်းချုပ်ထားသည့်နယ်မြေများရှိ အစိုးရအခြေခံ အဆောက်အအုံများ၊ လူမျိုးရေးနှင့်ဘာသာရေးအထိမ်းအမှတ် အဆောက်အအုံများအား စက်ယန္တရားများအသုံးပြု၍ မြေလှန်ဖျက်ဆီးခြင်း၊ ဗမာနှင့် အခြားတိုင်းရင်းသားများအား ဖမ်းဆီး၍ နှင်ထုတ်ခြင်း၊ ဒေသခံပြည်သူများကို ခြိမ်းခြောက်၍ လူငယ်များ၊ ကလေးငယ်များကို အဓမ္မစစ်မှုထမ်းစေပြီး အတင်းအဓမ္မတိုက်ပွဲဝင်စေခိုင်းခြင်း စသည်ဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများစွာကိုလုပ်ဆောင်လာခဲ့ကြရာမှ ဒေသခံပြည်သူအများစုသည် မိမိတို့၏ အိုးအိမ်များကိုစွန့်ခွာ၍ တိုက်ပွဲရှောင်များအဖြစ် အခြားဒေသများသို့ သွားရောက်ခိုလှုံကြရတော့သည်။

ထို့အပြင် တောမီးလောင် တောကြောင် လက်ခမောင်းခတ်ဆိုသည့်နှယ် အကြမ်းဖက်သောင်းကျန်းသူများနှင့် မသမာသူများက တိုက်ပွဲရှောင်ပြည်သူများထံမှ အဖိုးတန် ရွှေငွေပစ္စည်းများ လုယက်ခြင်း၊ ကျန်ရှိခဲ့သည့် အိုးအိမ်တိုက်တာ အဆောက်အအုံများမှ အဖိုးတန်ပစ္စည်းများကို ဖောက်ထွင်းခိုးဝှက်ခြင်း၊ နေ့လယ် နေ့ခင်း အချိန်မှာပင် အုပ်စုလိုက် ပြောင်ပြောင်တင်းတင်း ဝင်ရောက်လုယက်ယူငင်ခြင်းများ ပြုလုပ်ခဲ့ကြရာ တိုက်ပွဲရှောင် ဒေသခံပြည်သူများမှာ ဒုက္ခပင်လယ်ဝေခဲ့ကြရလေသည်။

**လမ်းပန်းဆက်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု**

ဒေသဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် လမ်းတံတားမှစပြီး စီးပွားရေး၊ လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများကိုလည်း ဖျက်ဆီးခဲ့ပြန်၍ နိုင်ငံသားများ၏ လမ်းပန်းဆက်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုလုံခြုံချောမွေ့စေရေးကို ထိခိုက်မှုများဖြစ်ပေါ်စေခဲ့သည်။

> ❝ ထိုပြည်တွင်းစစ်ကြောင့် တိုင်းပြည်တွင် အလဟဿနစ်နာဆုံးရှုံးမှုတို့ကတော့ တွက်ချင့်နိုင်စွမ်းမရှိတော့သော လူမျိုးတစ်မျိုးလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ၊ ဂုဏ်သရေနှင့် လူနေမှုအဆင့်အတန်းတို့အပြင် တွက်ချင့်၍ရသမျှ အမေရိကန်စာရေးဆရာကြီး ရစ်ချတ်ဘတ်ဝဲ(လ်) ၏ အဆိုအတိုင်းမူ --- ၁၉၄၈၊ ၄၉၊ ၅၀ ခုနှစ်များအတွင်း မြန်မာပြည်သည် ပြည်တွင်းစစ်ကြောင့် စိုက်ပျိုးနိုင်သော မြေရေိယာ၏ ၃၅ ရာခိုင်နှုန်းတို့ ကောခဲ့ရသည်။ လူဦးရေ သုံးသန်းခန့်တို့ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြသည်။ ပြည်သူပြည်သားနှစ်သောင်းနှစ်ထောင်နှင့် အစိုးရဘက်မှ စစ်ဘက်နယ်ဘက်အမှုထမ်းပေါင်း ငါးထောင့်ခုနစ်ရာတို့ အသက်ဆုံးကြရသည်။ ပြည်သူပိုင်ပစ္စည်းတန်ဖိုး ဒေါ်လာ ငါးသန်း၊ ပြည်သူပြည်သားတို့၏ကိုယ်ပိုင် အိုးအိမ်ပစ္စည်းတန်ဖိုး ဒေါ်လာ ကိုးဆယ့်ငါးသန်းဆုံးရှုံးခဲ့ကြရသည်ဟု သူ၏စာအုပ်တွင် ဖော်ပြခဲ့သည်။ အမိမြန်မာပြည်ကြီးကတော့ မငိုတော့ပါ။ မပြုံးတော့ပါ။ ငိုအား ပြုံးအားလည်း မရှိရှာတော့ပါ ❞

ကနဦးကာလများတွင် အစွန်းရောက်သူများ၊ အာဃာတကြီးမားသူများ၊ စိတ်ခံစားချက် ပြင်းပြသူများနှင့် မသိနားမလည်သူအချို့မှာလည်း ပြည်ဖျက်မီဒီယာများ၏ မဟုတ်မမှန် ဝါဒဖြန့်ချိမှုများကို နားယောင်ကာ အဟုတ်အမှန်ထင်၍ အကြမ်းဖက်သောင်းကျန်းသူများကို မင်းလောင်းမျှော်သလို မျှော်ခဲ့ကြသည်။ စစ်ကိုခေါ်ခဲ့ကြလေသည်။ လက်တွေ့ဘဝတွင် တည်ငြိမ်အေးချမ်းနေသော ဒေသများ တကယ်တမ်း စစ်ပွဲဒဏ်သင့်လေမှ စစ်၏ အနိဋ္ဌာရုံများကို သူတို့လည်း မျက်ဝါးထင်ထင်တွေ့ကြုံခံစားကြရလေတော့သည်။

> ❝ သောင်းကျန်းသူခေါင်းဆောင်တွေရဲ့ စစ်ဘုရင်ဝါဒတွေ ပြန်လည်ကြီးစိုးလာမှုနဲ့အတူ ဒီဒေသခံတွေဟာ ဟိုးယခင်က စစ်ဘုရင်ဝါဒကြီးစိုးခဲ့တဲ့ဒေသတွေလို ဥပဒေမဲ့အနိုင်ကျင့်ခံရမှုတွေ၊ တရားမဲ့သတ်ဖြတ်ခံရမှုတွေ၊ မှန်ကန်တဲ့စီးပွားရေးလုပ်ငန်းတွေနေရာမှာ မူးယစ်ဆေးဝါးနဲ့ လောင်းကစားလုပ်ငန်းတွေ၊ ပြောင်းနဲ့ ကြံအစား ဘိန်းစိုက်ပျိုးရမှုတွေ၊ လူငယ်တွေဟာလည်း စာအုပ်နဲ့ဘောပင်အစား သေနတ်တွေကိုင်ရင်းနဲ့ ပြန်လည်ရှင်သန်ကြရတော့မှာလည်း ဖြစ်ပါတယ်။ အလင်းထဲကနေ အမှောင်ထဲကို ပြန်ရောက်ရတော့မယ့် အခြေအနေလည်းဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ ဒီလိုအခြေအနေမျိုး ပြန်ရောက်ချင်ကြမှာမဟုတ်ဘူးလို့ ကျွန်တော်ယုံကြည်ပါတယ်။ မြန်မာ့တပ်မတော်အနေနဲ့ ကျွန်တော်တို့ပြည်သူတွေ ဒီလိုအခြေအနေမျိုးရောက်မှာကိုလည်း လုံးဝခွင့်ပြုပေးမှာ မဟုတ်ပါဘူး ❞

**သမိုင်းဖြစ်ရပ်တစ်ခု**

သမိုင်းပညာရှင်ဆရာကြီး ဒေါက်တာသန်းထွန်း၏ **"သမိုင်းသင်တာ မအအောင်"** ဟူသည့် အဆိုအမိန့်က သွေးထွက်အောင်မှန်လှပေသည်။ ခေတ်စနစ်ချင်း၊ အခြေအနေချင်းမတူသည်မို့ နှိုင်းယှဉ်ပြစရာ မဟုတ်သော်လည်း ယနေ့လူငယ်များအား သမိုင်းဖြစ်ရပ်တစ်ခုကို ကန့်လန့်ကာဖွင့်ပြချင်ပါသည်။ ဒုတိယကမ္ဘာစစ်ကာလတွင် ဖက်ဆစ်ဂျပန်တို့၏ **"ဒိုက်တိုအာကျိုအေးကင်း"**၊ အရှေ့အာရှတိုက်သားများသာတူညီမျှ ကောင်းစားရေးဟူသော ဝါဒဖြန့်ချိမှုအပေါ်ယုံစားပြီး နယ်ချဲ့အင်္ဂလိပ်ကို တိုက်ထုတ်နိုင်ရန် မြန်မာပြည်သူများက ဂျပန်ကို အမျှော်ကြီးမျှော်ခဲ့ကြဖူးသည်။

ပြည်သူလူထုသည် မြန်မာနိုင်ငံကို သုံးကြိမ်တိုင်တိုင် မတရားစစ်ပြုပြီး သိမ်းပိုက်ခဲ့သော နယ်ချဲ့အင်္ဂလိပ်ကို မုန်းတီးခဲ့ကြသည်။ ဂျပန်များကို အထင်ကြီး၍ နယ်ချဲ့အင်္ဂလိပ်ကို အနိုင်တိုက်သူများအဖြစ် လေးစားခဲ့ကြသည်။ မြန်မာတွေ အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်အောင် အကူအညီပေးလိမ့်မည်ဟုလည်း မျှော်လင့်ခဲ့ကြသည်။

သို့နှင့် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်နေ့ နံနက် ၁၀ နာရီတွင် ဂျပန်လေယာဉ်များ ပထမဆုံးအခေါက် ရန်ကုန်မြို့ကြီးကို လာရောက်ဗုံးကြဲစဉ် ရန်ကုန်မြို့ခံ ပြည်သူအများစုသည် ဂျပန်များကို မိတ်ဆွေအဖြစ်ယူဆ၍ ဗုံးခိုကျင်းများနှင့် ဘေးလွတ်ရာများသို့ တိမ်းရှောင်ခြင်းမပြုကြဘဲ ဂျပန်လေယာဉ်များကို ထွက်ကြည့်ကြလေသည်။ အချို့ကား လက်များပင် ဝှေ့ယမ်း၍ နှုတ်ဆက်ကြလေသည်။ သူတို့၏ စိတ်ထဲတွင် ၎င်းတို့၏မိတ်ဆွေ ဂျပန်တွေက စစ်နှင့်မဆိုင်သည့် မြို့လယ်ခေါင်ကို ဗုံးကြဲ၊ စက်သေနတ်နှင့် ပစ်ကြလိမ့်မည်ဟု လုံးလုံးထင်မှတ်မထားခဲ့ကြချေ။ သို့သော် စစ်ဦးဘီလူးဆိုသည့်နှယ် ဂျပန်ဗုံးကြဲလေယာဉ်၊ တိုက်လေယာဉ်များက မည်းမည်းမြင်ရာ ဗုံးကြဲ၊ စက်သေနတ်ပစ် တိုက်ခိုက်မှုပြုခဲ့ကြရာမှ ရန်ကုန်မြို့ခံ ပြည်သူစုစုပေါင်း ၂၀၀၀ ခန့်သေ၍ ၂၅၀၀ ခန့်ဒဏ်ရာရရှိခဲ့ကြသည်။ ဒုတိယအကြိမ် ဒီဇင်ဘာလ ၂၅ ရက်နေ့ နံနက် ၁၀ နာရီခွဲတွင် ဂျပန်လေယာဉ်များ၏ ထပ်မံလာရောက်တိုက်ခိုက်မှုဖြစ်စဉ်တွင်လည်း အရပ်သားပြည်သူ ထောင်ချီသေဆုံးပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြပြန်သည်။

ဂျပန်တို့၏ ဗုံးကြဲတိုက်ခိုက်မှုများကြောင့် မြို့နေပြည်သူအများစုသည် အထုပ်အပိုးကိုယ်စီဖြင့် စစ်ဘေးရန်မှ လွတ်ရာကျွတ်ရာသို့ ရရာမီရာ ရထား၊ ကား၊ သင်္ဘော၊ လှေတို့ဖြင့် ထွက်ပြေးကြရလေတော့သည်။ ယာဉ်၊ ရထားမမီသူ၊ တက်၍မရနိုင်သူများကလည်း ခြေကျင်လျှောက်၍ ထွက်ပြေးတိမ်းရှောင်ကြရလေသည်။

ခေတ်ပျက်ကာလ ထုံးစံအတိုင်း မသမာသူများကလည်း လူသူကင်းမဲ့သွားသည့် အိုးအိမ်၊ တိုက်တာ၊ ဆိုင်ခန်းများမှ ကျန်ရစ်ခဲ့သော အဖိုးတန်ပစ္စည်းများကို ဖောက်ထွင်းသယ်ယူခဲ့ကြသလို လူဆိုးဓားပြတို့ကလည်း စစ်ဘေးရှောင်များ၏ ရွှေ၊ ငွေ၊ အဖိုးတန်ပစ္စည်းများကို လမ်းခရီးမှာပင် ဓားပြတိုက်လုယက်ခဲ့ကြပြန်သည်။

နယ်ချဲ့အင်္ဂလိပ်အစိုးရကလည်း ရန်ကုန်မြို့မှ ဆုတ်ခွာမပေးမီ မတ်လ ၇ ရက်နေ့ မွန်းလွဲ ၂ နာရီမှ စတင်၍ အာရ်အီးတီဓာတ်အားပေးစက်ရုံ၊ ကမ်းနားရှိ ကရိန်းများ၊ သိမ်ကြီးဈေး၊ သန်လျင်နှင့် ဓနိတောရှိ ရေနံချက်စက်ရုံစသည့် အချက်အချာနေရာများ၊ အဆောက်အအုံစက်ရုံများကို မြေလှန်စနစ်ဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ကြရာ တစ်ချိန်က စည်ကားလှသော ရန်ကုန်မြို့ကြီးသည် မီးဟုန်းဟုန်းတောက်လောင်ပျက်စီး၍ မြို့ပျက်ကြီးတစ်ခုဖြစ်သွားခဲ့ရလေသည်။

**မြန်မာ့လွတ်လပ်ရေးအတွက် တပ်မတော်၊ ပြည်သူနှင့် နိုင်ငံရေးပါတီများ ပူးပေါင်းလက်တွဲ**

နယ်မြို့၊ မြို့ရွာအသီးသီးရှိဒေသခံပြည်သူများမှာလည်း ဖက်ဆစ်ဂျပန်တပ်များ၏ ရိုင်းပျစော်ကားမှုများကို ခါးစည်းခံကြရပြန်ပါသည်။ မော်လမြိုင်မြို့သို့ ချီတက်လာသော ဖက်ဆစ်ဂျပန်တပ်များကို ပန်းသပြေနှင့် အားတက်သရော သွားရောက်ကြိုဆိုခဲ့ကြသည့် ဒေသခံပြည်သူများကိုလည်း ဂျပန်စစ်သားများက လက်နက်ခဲယမ်းမီးကျောက်များ၊ ရိက္ခာများကို ထမ်းခိုင်းခဲ့ကြသည်။ ဤသို့ဖြင့် ဂျပန်ခေတ်တစ်လျှောက်လုံး မြန်မာပြည်သူတို့မှာ ဖက်ဆစ်ဂျပန်တို့၏ ပါးရိုက်၊ နားရိုက်နှိပ်စက်မှုများ၊ စော်ကားမှုများကို အံကြိတ်ခံခဲ့ကြရလေသည်။ သို့နှင့် မြန်မာ့လွတ်လပ်ရေးအတွက် တပ်မတော်၊ ပြည်သူနှင့် နိုင်ငံရေးပါတီများ ပူးပေါင်းလက်တွဲကာ စည်းလုံးညီညွတ်မှုအားမာန်ဖြင့် ဖက်ဆစ်ဂျပန်ကို ဆက်လက်တွန်းလှန်တိုက်ခိုက်ခဲ့ကြရပြန်ပါသည်။

ကွန်မြူနစ်အပါအဝင် ရောင်စုံသူပုန်များနှင့် ကျေးလက်နေပြည်သူများကပင် **"ဒီမိုးကရေကစီးပဲစီးနိုင်လွန်းတယ်"**ဟု ဆိုရလောက်အောင် နှုတ်ကဒီမိုကရေစီအရေး ရှေ့တန်းတင်ဟောပြောခဲ့ကြသော်လည်း ဒေသခံပြည်သူများကို ဆက်ကြေးတောင်း၊ နှိပ်စက်ညှဉ်းပန်းရုံမက အစိုးရ၏ ဒေါက်တိုင်များ၊ ဓနရှင်များဟုစွပ်စွဲကာ အစုလိုက်၊ အပြုံလိုက် ရွာလုံးကျွတ်သတ်ဖြတ်ခဲ့ကြ၍ ကျေးလက်နေပြည်သူအများစုမှာ ရန်ကုန်မြို့အပါအဝင် စစ်ဘေးလွတ်ရာသို့ စစ်ဘေးရှောင် ပြောင်းရွှေ့အခြေချခဲ့ကြရသည်။

ဗိုလ်မှူးကြီး(ဟောင်း)တင်မောင်က မုန်တိုင်းလွန်သော်စာအုပ်တွင် **"ထိုပြည်တွင်းစစ်ကြောင့် တိုင်းပြည်တွင် အလဟဿနစ်နာဆုံးရှုံးမှုတို့ကတော့ တွက်ချင့်နိုင်စွမ်းမရှိတော့သော လူမျိုးတစ်မျိုးလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ၊ ဂုဏ်သရေနှင့် လူနေမှုအဆင့်အတန်းတို့အပြင် တွက်ချင့်၍ရသမျှ အမေရိကန်စာရေးဆရာကြီး ရစ်ချတ်ဘတ်ဝဲ(လ်) ၏ အဆိုအတိုင်းမူ --- ၁၉၄၈၊ ၄၉၊ ၅၀ ခုနှစ်များအတွင်း မြန်မာပြည်သည် ပြည်တွင်းစစ်ကြောင့် စိုက်ပျိုးနိုင်သောမြေရေိယာ၏ ၃၅ ရာခိုင်နှုန်းတို့ ကောခဲ့ရသည်။ လူဦးရေ သုံးသန်းခန့်တို့ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြသည်။ ပြည်သူပြည်သားနှစ်သောင်းနှစ်ထောင်နှင့် အစိုးရဘက်မှ စစ်ဘက်နယ်ဘက်အမှုထမ်းပေါင်း ငါးထောင့်ခုနစ်ရာတို့ အသက်ဆုံးကြရသည်။ ပြည်သူပိုင်ပစ္စည်း တန်ဖိုး ဒေါ်လာ ငါးသန်း၊ ပြည်သူပြည်သားတို့၏ကိုယ်ပိုင် အိုးအိမ်ပစ္စည်းတန်ဖိုး ဒေါ်လာ ကိုးဆယ့်ငါးသန်း ဆုံးရှုံးခဲ့ကြရသည်ဟု သူ၏စာအုပ်တွင် ဖော်ပြခဲ့သည်။ အမိမြန်မာပြည်ကြီးကတော့ မငိုတော့ပါ။ မပြုံးတော့ပါ။ ငိုအား ပြုံးအားလည်း မရှိရှာတော့ပါ"**ဟူ၍ မှတ်တမ်းတင်ရေးသားခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကလည်း ဩဂုတ်လ ၅ ရက်နေ့က လက်ရှိကာလ နိုင်ငံတော်အတွင်း ဖြစ်ပေါ်ခဲ့သည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပြည်သူများအား ဆက်စပ်တင်ပြပြောကြားရာတွင် **"သောင်းကျန်းသူခေါင်းဆောင်တွေရဲ့** 

စာမျက်နှာ ၁၂ သို့ ☆

# တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင် ပြည်သူများ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းပွဲ အခမ်းအနား ကျင်းပ



နေပြည်တော် ဩဂုတ် ၂၅

တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင် အလှူငွေများ လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းက နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမဈေးကုန်းကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဇဝနတိက္ခ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသည့် ဒွေ့ပရိသတ်များက ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် တိုက်အုပ်ဆရာတော် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ ဘဒ္ဒန္တ ဇဝနတိက္ခထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်သည့် မေတ္တာသုတ် ပရိတ်တရားတော်များကို နာကြားကြသည်။

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးနှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက လှူဒါန်းသော ဆွမ်းဆန်တော်နှင့် ဆီ၊ ဆား၊ ပဲ၊ ဆေးများကို ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် ဆရာတော်နှင့် ဆရာတော်၊ သံဃာတော်များအား စစ်ရေးချုပ် ဦးဆောင်သည့် တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိကြီးများက ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဆွမ်းပဒေသာပင် အလှူတော်ငွေများကို တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် အလှူရှင်များက ပေးအပ်လှူဒါန်းကြရာ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးမင်းဦးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ၊ ဆေးနှင့် ဆွမ်းပဒေသာပင်များ လှူဒါန်းရခြင်း ရည်ရွယ်ချက်ကို တပ်မတော်အရာရှိကြီးတစ်ဦးက ရှင်းလင်းလျှောက်ထားသည်။

ထို့နောက် နေပြည်တော်တိုင်း သံဃနာယက အဖွဲ့ဝင် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ ဈေးကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စန္ဒောဘာသထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကာ ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းသည်။

နေပြည်တော် ပျဉ်းမနားမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘိုးဘွားရိပ်သာများအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် စေတနာရှင်ပြည်သူများက ၂၀၀၆ ခုနှစ်မှစ၍ နှစ်စဉ် လှူဒါန်းလျက်ရှိပြီး ယနေ့လှူဒါန်းမှုအစုစုမှာ အလှူငွေကျပ် ၁၃၃၆၉၀၀၀၊ ဆန် ၁၀၅၆ အိတ် ၆ ပြည်၊ ဆီ ၃၁၇ ဒသမ ၅၀ ပိဿာ၊ ပဲ ၃၀၇၅ ပိဿာ၊ ဆား ၃၀၇၅ ပိဿာ၊ ဆေးမျိုးစုံ ၇၆၈ ဘူးတို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သုံးခွမြို့နယ် သဲကုန်းတူးမြောင်းကျေးရွာအုပ်စု သဲကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန သုံးခွမြို့နယ် ဦးစီးမှူးရုံးမှဝန်ထမ်းအဖွဲ့ ဩဂုတ်၂၄ ရက် နံနက် ၉ နာရီခွဲတွင် ပန်းခင်းစီမံချက်(၃) ဖြင့် အသက် ၁၀ နှစ်ပြည့်နှင့် အသက် ၁၈ နှစ်နှင့်အထက် နိုင်ငံသားစိစစ်ရေးကတ်ပြား မပြုလုပ်ရသေးသော ကျောင်းသား ကျောင်းသူများနှင့် ကျေးရွာသူ ကျေးရွာသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းပြုလုပ်ပေးစဉ်။

ကိုကျော်(သုံးခွ)

# AFC Challenge League ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်ပါဝင်သော အုပ်စု (D) ပွဲစဉ်များကို မြန်မာနိုင်ငံ၌ ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၅

၂၀၂၄-၂၀၂၅ ရာသီ AFC Challenge League ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရထားသည့် မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းပါဝင်သော အရှေ့အာရှဇုန် အုပ်စု (D) ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲကို အရှေ့အာရှဇုန်နှင့် အနောက်အာရှဇုန်ခွဲ၍ ကျင်းပမည်ဖြစ်ပြီး အနောက်အာရှဇုန်တွင် လေးသင်း သုံးအုပ်စု၊ အရှေ့အာရှဇုန်တွင် သုံးသင်းနှစ်အုပ်စု ပါဝင်မည်ဖြစ်သည်။ အရှေ့အာရှဇုန် အုပ်စုနှစ်ခုတွင် အမှတ်အများဆုံး ရရှိသည့် ထိပ်ဆုံးနှစ်သင်းစီမှာ နောက်တစ်ဆင့် တက်ရောက်ခွင့်ရမည်ဖြစ်ပြီး အနောက်အာရှဇုန်တွင် အုပ်စုသုံးခုမှ ထိပ်ဆုံးတစ်သင်းစီနှင့် ဒုတိယနေရာရအသင်းများအနက် အကောင်းဆုံးတစ်သင်း စုစုပေါင်း လေးသင်းမှာ နောက်တစ်ဆင့် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ကွာတားဖိုင်နယ်တွင် အရှေ့အာရှဇုန် လေးသင်း၊ အနောက်အာရှဇုန် လေးသင်း ပါဝင်မည်ဖြစ်သော်လည်း ဇုန်အလိုက်သာ ကစားရမည်ဖြစ်ပြီး နောက်ဆုံးအဆင့်တွင် အရှေ့အာရှဇုန်မှ တစ်သင်း၊ အနောက်အာရှဇုန်မှ တစ်သင်း ဗိုလ်လုပွဲ ကစားရမည်ဖြစ်သည်။ အနောက်အာရှဇုန် အုပ်စုပွဲများကို အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၁ ရက်၊ အရှေ့အာရှဇုန်အုပ်စုပွဲများကို အောက်တိုဘာ ၂၇ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ကျင်းပမည်ဖြစ်သည်။ အုပ်စုပွဲများကို တစ်ကျော့တည်းကျင်းပမည်ဖြစ်ပြီး ကွာတားဖိုင်နယ်နှင့် ဆီမီးဖိုင်နယ်ကို နှစ်ကျော့၊ ဗိုလ်လုပွဲကို တစ်ကျော့ ကျင်းပမည်ဖြစ်သည်။

အုပ်စုမဲခွဲမှုအရ အနောက်အာရှဇုန် အုပ်စု (A) တွင် အရှေ့ဘင်ဂေါ (အိန္ဒိယ)၊ Nejmeh (လက်ဘနွန်)၊ Bashundhara Kings (ဘင်္ဂလားဒေ့ရှ်)၊ ပါရို (ဘူတန်)၊ အုပ်စု (B) တွင် အယ်လ်အာရာဘီ (ကူဝိတ်)၊ အာကာဘက် (တာ့ခ်မင်နစ္စတန်)၊ မာဇီယာ (မော်လ်ဒိုက်)၊ အဘာဒက်ရှ် (ကာဂျစ္စတန်)၊ အုပ်စု (C) တွင် အယ်လ်အာလီ (ဘာရိန်း)၊ အယ်လ်ဖိုတိုဝါ (ဆီးရီးယား)၊ အယ်လ်ဆာဘ် (အိုမန်)၊ ဟီလယ်လ် (ပါလက်စတိုင်း)၊ အရှေ့အာရှဇုန် အုပ်စု (D) တွင် ရှမ်းယူနိုက်တက် (မြန်မာ)၊ တိုင်နန်စီးတီး (တရုတ်တိုင်ပေ)၊ Young Elephant (လာအို)၊ အုပ်စု (E) တွင် မာဒူရာယူနိုက်တက် (အင်ဒိုနီးရှား)၊ Svay Rieng (ကမ္ဘောဒီးယား)၊ ဖယ်လ်ကွန် (မွန်ဂိုလီးယား) အသင်းတို့ ပါဝင်နေသည်။ ရှမ်းယူနိုက်တက်အသင်းပါဝင်သော အုပ်စုပွဲများကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည်ဖြစ်ပြီး ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်း၌ ပြုလုပ်မည်ဖြစ်သည်။ အုပ်စု (D) ပွဲစဉ်များအဖြစ် အောက်တိုဘာ ၂၇ ရက်တွင် ရှမ်းယူနိုက်တက် (မြန်မာ) နှင့် Young Elephant (လာအို)၊ အောက်တိုဘာ ၃၀ ရက်တွင် တိုင်နန်စီးတီး (တရုတ်တိုင်ပေ) နှင့် Young Elephant (လာအို)၊ နိုဝင်ဘာ ၂ ရက်တွင် ရှမ်းယူနိုက်တက် (မြန်မာ) နှင့် တိုင်နန်စီးတီး (တရုတ်တိုင်ပေ) တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ကိုညီလေး**

☆ စာမျက်နှာ ၁၁ မှ

စစ်ဘုရင်ဝါဒတွေ ပြန်လည်ကြီးစိုးလာမှုနဲ့အတူ ဒီဒေသခံတွေဟာ ဟိုးယခင်က စစ်ဘုရင်ဝါဒ ကြီးစိုးခဲ့တဲ့ဒေသတွေလို ဥပဒေမဲ့ အနိုင်ကျင့်ခံရမှုတွေ၊ တရားမဲ့သတ်ဖြတ်ခံရမှုတွေ၊ မှန်ကန်တဲ့ စီးပွားရေးလုပ်ငန်းတွေနေရာမှာ မူးယစ်ဆေးဝါးနဲ့ လောင်းကစားလုပ်ငန်းတွေ၊ ပြောင်းနဲ့ကြံအစား ဘိန်းစိုက်ပျိုးရမှုတွေ၊ လူငယ်တွေဟာလည်း စာအုပ်နဲ့ ဘောပင်အစား သေနတ်တွေကိုင်ရင်းနဲ့ ပြန်လည်ရှင်သန်ကြရတော့မှာလည်း ဖြစ်ပါတယ်။ အလင်းထဲကနေ အမှောင်ထဲကို ပြန်ရောက်ရတော့မယ့်အခြေအနေလည်း ဖြစ်ပါတယ်။ ပြည်သူတွေအနေနဲ့ ဒီလိုအခြေအနေမျိုး ပြန်ရောက်ချင်ကြမှာ မဟုတ်ဘူးလို့ ကျွန်တော်ယုံကြည်ပါတယ်။ မြန်မာ့တပ်မတော်အနေနဲ့ ကျွန်တော်တို့ပြည်သူတွေ ဒီလိုအခြေအနေမျိုးရောက်မှာကိုလည်း လုံးဝခွင့်ပြုပေးမှာ မဟုတ်ပါဘူး။

> **“ ကျွန်တော်တို့ပြည်သူတွေအနေနဲ့လည်း ခေတ်အဆက်ဆက်ပေါ်ပေါက်လာတဲ့ ပြည်ပကျူးကျော်သူတွေနဲ့ ပြည်တွင်းသောင်းကျန်းသူအမျိုးမျိုးရဲ့ဒဏ်ကို မြန်မာ့တပ်မတော်နဲ့လက်တွဲပြီး ကြံ့ကြံ့ခံအောင်မြင်စွာ တွန်းလှန်နိုင်ခဲ့ကြတဲ့သူတွေပဲ ဖြစ်ပါတယ်။ တပ်မတော်နဲ့ ပြည်သူပူးပေါင်းပြီး ပြည်တွင်း၊ ပြည်ပအန္တရာယ်တွေကို ရင်ဆိုင်ကျော်ဖြတ်နိုင်ခဲ့ကြသလို ရင်ဆိုင်ကျော်ဖြတ်နိုင်စွမ်းလည်း ရှိကြပါတယ်။ ကျွန်တော်တို့ ပြည်သူတွေ သတိပြုရမှာက ဒီနေ့ ကမ္ဘာ့ရေးရာအခြေအနေတွေဟာ အင်မတန်မှ နက်နဲရှုပ်ထွေးလာတာကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တည်တံ့နေစေဖို့ ကျွန်တော်တို့အားလုံး စည်းလုံးညီညွတ်ဖို့လိုပါတယ် ”**

“ကျွန်တော်တို့ ပြည်သူတွေအနေနဲ့လည်း ခေတ်အဆက်ဆက် ပေါ်ပေါက်လာတဲ့ ပြည်ပကျူးကျော်သူတွေနဲ့ ပြည်တွင်းသောင်းကျန်းသူ အမျိုးမျိုးရဲ့ဒဏ်ကို မြန်မာ့တပ်မတော်နဲ့ လက်တွဲပြီး ကြံ့ကြံ့ခံအောင်မြင်စွာ တွန်းလှန်နိုင်ခဲ့ကြတဲ့သူတွေပဲ ဖြစ်ပါတယ်။ တပ်မတော်နဲ့ ပြည်သူ ပူးပေါင်းပြီး ပြည်တွင်း၊ ပြည်ပ အန္တရာယ်တွေကို ရင်ဆိုင်ကျော်ဖြတ်နိုင်ခဲ့ကြသလို ရင်ဆိုင်ကျော်ဖြတ်နိုင်စွမ်းလည်းရှိကြပါတယ်။ ကျွန်တော်တို့ပြည်သူတွေ သတိပြုရမှာက ဒီနေ့ ကမ္ဘာ့ရေးရာအခြေအနေတွေဟာ အင်မတန်မှ နက်နဲရှုပ်ထွေးလာတာကြောင့် ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ တည်တံ့နေစေဖို့ ကျွန်တော်တို့အားလုံး စည်းလုံးညီညွတ်ဖို့လိုပါတယ်” စသည်ဖြင့် ပြောကြားခဲ့ပါသည်။

သို့ဖြစ်၍ မြန်မာပြည်သူများအနေဖြင့် သမိုင်းရှုထောင့်အမြင်၊ သမိုင်းအတွေ့အကြုံ၊ သမိုင်းသင်ခန်းစာများအရလည်းကောင်း၊ မျက်မှောက်ကာလတွင် တည်ငြိမ်အေးချမ်းမှု ကင်းမဲ့သွားသော နယ်မြေဒေသအချို့မှ ဒေသခံပြည်သူများ ကြုံတွေ့ခဲ့ကြရသည့်အနိဋ္ဌာရုံ သာဓကများအရလည်းကောင်း၊ ကိုယ့်မြို့ကိုယ့်ရွာ တည်ငြိမ်အေးချမ်းရေးကို ကိုယ့်ဝန် ကိုယ့်တာ ကိုယ့်တာဝန်အဖြစ် ရှုမြင်သုံးသပ်ပြီး နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်တို့ စည်းလုံးညီညွတ်စွာ ပူးပေါင်းကာကွယ်စောင့်ရှောက်ကြပါစို့ဟု တိုက်တွန်းနှိုးဆော် ရေးသားတင်ပြလိုက်ရပါသည်။ ။

# တိုင်ဖွန်းရှန်ရှန် ဂျပန်နိုင်ငံ အရှေ့ဘက်ခြမ်းသို့ ဦးတည်ရွေ့လျားလျက်ရှိ



**တိုကျို ဩဂုတ် ၂၅**

တိုင်ဖွန်းရှန်ရှန်သည် ဩဂုတ် ၂၇ ရက်တွင် အလွန်အားကောင်းသော တိုင်ဖွန်းမုန်တိုင်းအဖြစ် ရောက်ရှိလာဖွယ်ရှိပြီး ဂျပန်နိုင်ငံ အရှေ့ဘက်ခြမ်းသို့ ဦးတည်ရွေ့လျားလျက်ရှိကြောင်း မိုးလေဝသတာဝန်ရှိသူများက ခန့်မှန်းပြောကြားသည်။

ဂျပန်နိုင်ငံအနောက်ပိုင်းမှ အရှေ့ပိုင်းအထိ ဩဂုတ် ၂၅ ရက်တွင် လေပြင်းများ တိုက်ခတ်လျက်ရှိပြီး တိုယာမာစီရင်စု ကာမီချီမြို့၌ တစ်နာရီအတွင်း မိုးရေ ၁၃၁ မီလီမီတာ ရွာသွန်းခဲ့ကြောင်း သိရသည်။

မြေနိမ့်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားနိုင်ကြောင်း မိုးလေဝသ တာဝန်ရှိသူများက သတိပေးပြောကြားသည်။

လေဆင်နှာမောင်း အပါအဝင် မိုးကြိုးပစ်ခြင်း၊ မိုးသီးကြွေခြင်းနှင့် လေပြင်းများတိုက်ခတ်ခြင်းတို့ အပြင် မြေပြိုကျခြင်းများဖြစ်နိုင်ဖွယ်ရှိသည့်အတွက် ပြည်သူများအနေဖြင့် သတိထားရန်လိုအပ်ကြောင်း ၎င်းတို့က တိုက်တွန်းပြောကြားသည်။

ဂျပန်နိုင်ငံ အရှေ့ပိုင်းမှ အနောက်ဘက်ပိုင်းအထိ ဒေသများ၌ ဩဂုတ် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် မိုးသက်လေပြင်းများ တိုက်ခတ်ကာ ပြင်းထန်သော ရာသီဥတုအခြေအနေများကို ကြုံတွေ့ရနိုင်သည်။

တိုင်ဖွန်းမုန်တိုင်း အင်အားကောင်းလာသည့်အတွက် အများပြည်သူ သယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုအချို့ကိုဖျက်သိမ်းထားကြောင်း အာဏာပိုင်များက ကြေညာချက်ထုတ်ပြန်ခဲ့သည်။

တိုင်ဖွန်းမုန်တိုင်းဆိုင်ရာ နောက်ဆုံးရသတင်း အချက်အလက်များကို မျက်ခြည်မပြတ်စောင့်ကြည့်ကြရန်လိုအပ်ကြောင်း အာဏာပိုင်များက ပြည်သူများအား တိုက်တွန်းပြောကြားထားကြောင်း သိရသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

# လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအဖွဲ့က အစ္စရေးကို ပြင်းထန်သည့် တိုက်ခိုက်မှုများ စတင်ဆင်နွှဲ

**ဘေရွတ် ဩဂုတ် ၂၅**

လက်ဘနွန်အခြေစိုက် ဟစ်ဇ်ဘိုလာအဖွဲ့သည် အစ္စရေးကို ပြင်းထန်သည့် တိုက်ခိုက်ရေးဆင်နွှဲမှုများ စတင်ခဲ့ကြောင်း ယနေ့ ပြောကြားသည်။

ဟစ်ဇ်ဘိုလာအဖွဲ့သည် ဩဂုတ် ၂၅ ရက်တွင် အထက်ပါအတိုင်း ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

အစ္စရေးအခြေစိုက် စခန်းများနှင့် အခြားစစ်ဘက်ဆိုင်ရာ ပစ်မှတ်များကို ဒုံးကျည် ၃၂၀ ကျော် ပစ်ခတ်ခဲ့ကြောင်း ဟစ်ဇ်ဘိုလာအဖွဲ့က ပြောကြားသည်။

ဇူလိုင်လအတွင်း မြို့တော် ဘေရွတ်၌ အစ္စရေး၏ လေကြောင်းတိုက်ခိုက်မှုဖြင့် ၎င်း၏ အကြီးတန်း တပ်မှူးတစ်ဦး သေဆုံးမှုကို တုံ့ပြန်သည့်အနေဖြင့် အဆိုပါ တိုက်ခိုက်မှုအား တုံ့ပြန်ခြင်းဖြစ်ကြောင်း ဟစ်ဇ်ဘိုလာအဖွဲ့က ပြောသည်။



အစ္စရေးကာကွယ်ရေးဝန်ကြီး ယိုရက်ဂေါလန့်သည် ဒေသခံများအား အာဏာပိုင်များထံမှ ညွှန်ကြားချက်များကို လိုက်နာရန် အထူးအခြေအနေတစ်ရပ်ကို ကြေညာခဲ့ကြောင်း သိရသည်။

အစ္စရေး၏အကြီးဆုံးစီးပွားရေးမြို့တော် တဲလ်အဗစ်အနီးရှိ နိုင်ငံတကာလေဆိပ်ကို ယာယီပိတ်ထားခဲ့သည်။

အစ္စရေး တပ်မတော်သည် ဟစ်ဇ်ဘိုလာပစ်မှတ်များကို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း အစောပိုင်းတွင် ကြေညာခဲ့ပြီး အကြီးစားတိုက်ခိုက်မှုများအတွက် ကြိုတင်ပြင်ဆင်မှုများကိုလည်း လုပ်ဆောင်ခဲ့ကြောင်း သိရသည်။

အစ္စရေးပိုင်နက်ဆီသို့ ဒုံးကျည်များ ပစ်လွှတ်ရန် ပြင်ဆင်နေသည့် ဟစ်ဇ်ဘိုလာများကို အစ္စရေးတပ်ဖွဲ့က ပြန်လည်တိုက်ခိုက်ခဲ့ကြောင်း အစ္စရေးတပ်မတော် ပြောရေးဆိုခွင့်ရှိသူ ဒန်နီရယ် ဟာဂါရီက ပြောကြားခဲ့သည်။ အဆိုပါတိုက်ခိုက်မှုသည် လက်ဘနွန်နိုင်ငံရှိ ဟစ်ဇ်ဘိုလာအဖွဲ့၏ ခြိမ်းခြောက်မှုများကို ဖယ်ရှားရန် ခုခံကာကွယ်သည့်အနေဖြင့် လုပ်ဆောင်ခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကိုးကား – အင်န်အိတ်ချ်ကေ
ဘာသာပြန် – အောင်ကျော်ကျော်

# တူကီယဲလေကြောင်းလိုင်းများက လက်ဘနွန်နှင့် တူကီယဲအကြား ပြေးဆွဲပျံသန်းမှုများ ရပ်ဆိုင်းထား

**အစ္စတန်ဘူလ် ဩဂုတ် ၂၅**

တူကီယဲလေကြောင်းလိုင်းများသည် လုံခြုံရေးစိုးရိမ်မှုများကြောင့် လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့သို့ လေကြောင်းပြေးဆွဲပျံသန်းမှုများကို ဩဂုတ် ၂၅ ရက်တွင် ရပ်ဆိုင်းထားလိုက်ကြောင်း နိုင်ငံပိုင် NTV ရုပ်သံက ဖော်ပြခဲ့သည်။

လက်ဘနွန်နိုင်ငံကို အစ္စရေးနိုင်ငံက လေကြောင်းမှ တိုက်ခိုက်ခဲ့ပြီးနောက် လေကြောင်းခရီးစဉ်နှစ်ခုကို ဖျက်သိမ်းလိုက်ကြောင်း NTV က ဖော်ပြခဲ့သည်။ အစ္စတန်ဘူလ်မှ ဘေရွတ်သို့ ပျံသန်းမည့် လေယာဉ်လက်မှတ်များကို လက်ရှိတွင် တူကီယဲလေကြောင်းလိုင်း ဝက်ဘ်ဆိုက်တွင် မရရှိနိုင်သော်လည်း ကြိုတင်မှာယူမှုများအတွက် ဖွင့်ထားဆဲဖြစ်သည်။

လက်ဘနွန်နိုင်ငံရှိ ဟစ်ဇ်ဘိုလာ၏ဒုံးကျည်များနှင့် ဒုံးကျည်ပစ်လွှတ်မှု ထောင်ပေါင်းများစွာကို အစ္စရေးစစ်လေယာဉ် ၁၀၀ ခန့်က ပစ်မှတ်ထားပြီး ဖျက်ဆီးခဲ့ကြောင်း အစ္စရေးက သတင်းထုတ်ပြန်ခဲ့သည်။

ဇူလိုင်လအတွင်းက ဟစ်ဇ်ဘိုလာအဖွဲ့၏ အကြီးတန်းတပ်မှူး Fouad Shokor လုပ်ကြံသတ်ဖြတ်ခံရမှုအတွက် လက်တုံ့ပြန်သည့်အနေဖြင့် ဟစ်ဇ်ဘိုလာအဖွဲ့ကအစ္စရေးကို တိုက်ခိုက်ခဲ့ကြောင်း ကြေညာခဲ့သည်။

ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အလင်းသစ်

# ယခုနှစ်ခုနစ်လအတွင်း ဖိလစ်ပိုင်နိုင်ငံသို့ နိုင်ငံခြားသားခရီးသွား ၃ ဒသမ ၂၈ သန်း ဝင်ရောက်ခဲ့

**မနီလာ ဩဂုတ် ၂၅**

ယခုနှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ ဖိလစ်ပိုင်နိုင်ငံသို့ နိုင်ငံခြားသားခရီးသွား စုစုပေါင်း ၃၂၇၆၇၃၁ ဦး လာရောက်လည်ပတ်ခဲ့ပြီး ၂၀၂၃ ခုနှစ် အလားတူကာလထက် ၁၁ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း အောက်လွှတ်တော်အမတ်တစ်ဦးက ဩဂုတ် ၂၅ ရက်တွင် ပြောကြားခဲ့သည်။

တောင်ကိုရီးယား၊ အမေရိကန်နှင့် တရုတ်နိုင်ငံများသည် ယခုနှစ်အတွင်း ဖိလစ်ပိုင်နိုင်ငံ၏ အဓိကနိုင်ငံခြားသား ခရီးသွားလာရောက်လည်ပတ်မှု အရင်းအမြစ်များဖြစ်ကြောင်း ခရီးသွားလုပ်ငန်းဆိုင်ရာ အောက်လွှတ်တော်ကော်မတီ ဒုတိယဥက္ကဋ္ဌ မာဗင်ရီလ်လိုက ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံအစိုးရသည် နိုင်ငံတစ်ဝန်းရှိ ခရီးသွားနေရာများသို့ ပိုမိုဝင်ရောက်နိုင်သောလမ်းများ ဖွံ့ဖြိုးတိုးတက်စေရန် ၂၀၂၅ ခုနှစ်တွင် ရန်ပုံငွေအသစ် ပီဆို ဖ ဒသမ ၄ ဘီလီယံ (အမေရိကန်ဒေါ်လာ ၁၁၃ ဒသမ ၇၈ သန်း) ခွဲဝေချထားပေးခဲ့ကြောင်း ရီလ်လိုကပြောကြားခဲ့သည်။

အဆိုပါရန်ပုံငွေသည် ၂၀၂၅ ခုနှစ် နိုင်ငံတော်ဘတ်ဂျက်၏ ခရီးသွားလမ်းအခြေခံအဆောက်အအုံအစီအစဉ်အောက်တွင်ဖြစ်ပြီး ယခုနှစ်နှောင်းပိုင်းတွင် သမ္မတ ဖာဒီနန်မားကို့စ်၏ ခွင့်ပြုချက်အတွက် အောက်လွှတ်တော်နှင့် အထက်လွှတ်တော်တို့က စိစစ်လျက်ရှိသည်။

ကွန်ဂရက်လွှတ်တော်သည် နိုင်ငံတစ်ဝန်းရှိ ဒေသအားလုံးတွင် ခရီးသွားနေရာများဆီသို့ လမ်းများနှင့် တံတားများကို အဆင့်မြှင့်တင်ရန် လုံလောက်သော ပံ့ပိုးကူညီမှုပေးရန် ဆုံးဖြတ်ထားကြောင်း ရီလ်လိုက ပြောကြားခဲ့သည်။

ကိုးကား–ဆင်ဟွာ
ဘာသာပြန်–အလင်းသစ်

# ကွန်ဂိုသမ္မတနိုင်ငံ၌ မျောက်ကျောက်ရောဂါဖြစ်ပွားမှု ၁၉ ခု အတည်ပြုခဲ့


**ဘာရဇီးလဲ ဩဂုတ် ၂၅**

ဇန်နဝါရီ ၉ ရက်မှ ဧပြီ ၉ ရက်အထိ ကူးစက်ရောဂါ စောင့်ကြည့်ရေး အချက်အလက်များအပေါ် အခြေခံ၍ ကွန်ဂိုသမ္မတနိုင်ငံ၌ မျောက်ကျောက်ရောဂါဖြစ်ပွားမှု ၁၉ ခုကို အတည်ပြုခဲ့ကြောင်း ကျန်းမာရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ယမန်နေ့တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

အဆိုပါရောဂါဖြစ်ပွားမှုများကို လီကိုမူ၊ ပလာတောရှော့နှင့် ပွိုင့်တီ–နွိုင်ရီး ဒေသများတွင် တွေ့ရှိရကြောင်း သိရသည်။

ကွန်ဂိုအစိုးရသည် မျောက်ကျောက်ရောဂါကူးစက်ခံရသူများကို နိုင်ငံအတွင်း၌ စစ်ဆေးတွေ့ရှိထားသော်လည်း ကပ်ရောဂါကို ထိန်းချုပ်နိုင်ပြီဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လက်ကိုသန့်ရှင်းသောရေနှင့် ဆပ်ပြာဖြင့် ပုံမှန်စနစ်တကျဆေးကြောခြင်း၊ ပတ်ဝန်းကျင်ကိုသန့်ရှင်းစွာထားရှိခြင်း၊ အသက်ရှင်သည်ဖြစ်စေ သေဆုံးသည်ဖြစ်စေ



တောရိုင်းတိရစ္ဆာန်များနှင့် ထိတွေ့ခြင်းမှ ရှောင်ကြဉ်ရန်နှင့် သံသယရှိသူများနှင့် ထိတွေ့ခြင်းမှ ရှောင်ကြဉ်ခြင်းအပါအဝင် ကြိုတင်ကာကွယ်မှုအစီအမံများကိုလိုက်နာကြရန် ကျန်းမာရေးအာဏာပိုင်များက ပြည်သူများကို တိုက်တွန်းပြောကြားသည်။

မျောက်ကျောက်ရောဂါ လက္ခဏာများမှာ အဖျားတက်ခြင်း၊ ခေါင်းကိုက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ အဆစ်အမြစ် ရောင်ရမ်းခြင်း၊ ကြွက်သားများနာကျင်ခြင်းနှင့် လက်ဖဝါး ခြေဖဝါးတွင် အဖုအပိမ့်များ ထွက်လာခြင်းတို့ ဖြစ်သည်။

လတ်တလောဖြစ်ပွား လျက်ရှိသည့် မျောက်ကျောက်ရောဂါဖြစ်ပွားမှုကို ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေအဖြစ် ကြေညာထားကြောင်း သိရသည်။

ကိုးကား – ဆင်ဟွာ
ဘာသာပြန် – အောင်ကျော်ကျော်

# တောင်ကြီးမြို့၌ ပြည်နယ်အဆင့် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအထိမ်းအမှတ် ကျင်းပ

**တောင်ကြီး ဩဂုတ် ၂၅**

၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပြည်နယ်အဆင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုအထိမ်းအမှတ်ကို ယမန်နေ့ နံနက် ၉ နာရီခွဲက တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ဒေါ်ခင်သိန်းခန်းမ၌ ကျင်းပသည်။

**အမှာစကားပြောကြား**

အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်က ကျောင်းကျန်းမာရေးလုပ်ငန်းများအား ရှင်းလင်းတင်ပြပြီး ကျောင်းကျန်းမာရေးသီတင်းပတ်အထိမ်းအမှတ် VideoClip ပြသ၍ ကျန်းမာရေးအဆင့်မြင့်ကျောင်းတည်ထောင်မှု ပြည်နယ်အဆင့် ထူးချွန်ဆုရကျောင်းများအား ဆုချီးမြှင့်ရာ အထက်တန်းအဆင့် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမဆုရရှိသည့် ကျောင်းများအား ပြည်နယ်ဝန်ကြီးချုပ်က ဆုများပေးအပ်ချီးမြှင့်သည်။ ထို့နောက် အလယ်တန်းအဆင့် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမဆုရရှိသည့် ကျောင်းများကို ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်ကလည်းကောင်း၊ မူလတန်းအဆင့် ပထမ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဉ္စမဆုရသည့် ကျောင်းများကို ပြည်နယ်လူမှုရေးရာဝန်ကြီးက လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။



ယင်းနောက် ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်နှင့် ပြည်နယ်ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ယဉ်မင်းစုတို့က အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြပြီး အထက(၁) ကျောင်းသူများက Exercise is Medicine သီချင်းဖြင့် သရုပ်ဖော်တင်ဆက်ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျောင်းသား ကျောင်းသူများအား သံဓာတ်အားဖြည့်ဆေးပြားများ တိုက်ကျွေးခြင်း၊ KG ကျောင်းသားကျောင်းသူများအား ကြက်ဥ၊ ငှက်ပျောသီး၊ ပေါင်မုန့်များ ပေးဝေကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောင်းသားကျောင်းသူများ နည်းစနစ်မှန်သွားတိုက်တတ်စေရန် အသိပညာပေးနေမှုများ၊ ခြင်ကျားပိုးလောက်လမ်းကင်းစင်ကျောင်းများ ထူထောင်ရေးအတွက် ကျောင်းသားလူငယ်များက အေးဒီးစ်ခြင်ကျားပိုးလောက်လမ်း ကာကွယ်နှိမ်နင်းရေးနှင့် ပတ်သက်၍ ကျန်းမာရေးအသိပညာပေးနေမှုများ၊ ကျောင်းသားကျောင်းသူလေးများ၏ ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးအတွက် အာဟာရမျှတစွာ စားသုံးတတ်စေရန် အစာအုပ်စုသုံးအုပ်စုပါဝင်အောင် ရွေးချယ်စားသုံးမှု သရုပ်ပြသနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# ဘီးလင်းမြို့နယ်၌ Mpox(မျောက်ကျောက်) ရောဂါအကြောင်း အသိပညာပေးခြင်းများ ဆောင်ရွက်

**ဘီးလင်း ဩဂုတ် ၂၅**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ Mpox (မျောက်ကျောက်)ရောဂါအကြောင်း အသိပညာပေးဟောပြောခြင်းကို ယမန်နေ့ နံနက်ပိုင်းက ဘီးလင်းမြို့ မင်္ဂလာဈေးအတွင်းရှိ ဈေးခေါင်းရုံး၌ ကျင်းပသည်။

ဟောပြောပွဲတွင် ဘီးလင်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာမျိုးမင်းက Mpox (မျောက်ကျောက်) ရောဂါကို ၂၀၂၄ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် နိုင်ငံတကာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ အဖြစ်ကြေညာခဲ့ပြီး မိမိနိုင်ငံ၊ မိမိမြို့နယ်အတွင်း ကူးစက်ပြန့်ပွားမှုမရှိစေရန် ကာကွယ်နိုင်မည့်နည်းလမ်းကိုးမျိုးနှင့် ရောဂါကူးစက်နိုင်သည့် နည်းလမ်း ရှစ်မျိုးတို့ကို ဈေးသူဈေးသားများအား ရှင်းလင်းပြောကြားခဲ့သည်။



ထို့နောက် မြို့နယ်ဆရာဝန်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့၊ မီးသတ်တပ်ဖွဲ့နှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက လူစည်ကားရာ မင်္ဂလာဈေးအရှေ့သို့ သွားရောက်၍ Mpox (မျောက်ကျောက်) ရောဂါအကြောင်း Hand speaker ဖြင့် အသိပေးနှိုးဆော်ခြင်း၊ ဗီနိုင်းပိုစတာများစိုက်ထူခြင်း၊ Mpox (မျောက်ကျောက်) ရောဂါကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဝေငှခြင်းတို့ကို ဆောင်ရွက်ခဲ့ကြပြီး မြို့ပေါ်ရပ်ကွက်များအတွင်း ကျန်းမာရေးဦးစီးဌာနမှ ဦးဆောင်၍ အသံချဲ့စက်ဖြင့် မျောက်ကျောက်ရောဂါ အသိပေး နှိုးဆော်ခြင်းများကို လိုက်လံ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# သထုံမြို့နယ်၌ မျောက်ကျောက်ရောဂါကာကွယ်ရေး အသိပညာပေးဆွေးနွေးခြင်း၊ မြေစိုက်ပိုစတာစိုက်ထူခြင်းများ ဆောင်ရွက်

**သထုံ ဩဂုတ် ၂၅**

မွန်ပြည်နယ် သထုံမြို့နယ်တွင် Mpox(မျောက်ကျောက်) ရောဂါကာကွယ်ရေး ပညာပေးမြေစိုက်ပိုစတာစိုက်ထူခြင်း၊ လက်ကမ်းစာစောင်များ ဝေငှပေးခြင်း၊ အသိပညာပေး ဆွေးနွေးခြင်းတို့ကို ယနေ့နံနက်ပိုင်းက မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် တာဝန်ရှိသူများပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဆွေဝင်းနှင့် အဖွဲ့ဝင်များ၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းဦးနှင့် ကျန်းမာရေးဝန်ထမ်းများ ဦးဆောင်၍ တက်ရောက်လာသူတို့က သထုံမြို့ သုဝဏ္ဏဈေးအရှေ့၌ မျောက်ကျောက်ရောဂါကာကွယ်ရေးနှိုးဆော်ချက် မြေစိုက်ပိုစတာအား စုပေါင်းစိုက်ထူကာ ပြည်သူများထံ ပညာပေးလက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြသည်။

ယင်းနောက် သထုံခရိုင်ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ အသိပညာပေး ဆွေးနွေးပွဲအား ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားသည်။

ဆက်လက်၍ ခရိုင်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးက မျောက်ကျောက်ရောဂါ ကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ၊ ရောဂါပျိုးရက်၊ သံသယဖြစ်ပွားဖွယ် ရောဂါလက္ခဏာများ၊ ကာကွယ်နိုင်သည့် နည်းလမ်းများစသည်တို့ကို အသိပညာပေးဆွေးနွေးရာ တက်ရောက်လာသူများက သိလိုသည်တို့ကိုမေးမြန်းခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)




# Mpox (မျောက်ကျောက်) ရောဂါ ကာကွယ်ရေးနှိုးဆော်ချက်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ၂၀၂၄ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် Mpox (မျောက်ကျောက်)ရောဂါကူးစက်မှုအား နိုင်ငံတကာပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ပါသည်။

**ရောဂါကူးစက်နိုင်ခြေရှိသည့် နည်းလမ်းများ**

- ရောဂါပိုးရှိသူနှင့်လိင်ဆက်ဆံခြင်းမှ ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် အရေပြားချင်းထိတွေ့ခြင်း၊ နမ်းရှုပ်ခြင်း၊ ပွေ့ဖက်ခြင်းတို့မှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးရှိသူနှင့် မျက်နှာချင်းဆိုင် အနီးကပ်တွေ့ဆုံခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊ (စကားပြောခြင်း၊ အသက်ရှူခြင်း)
- ရောဂါပိုးရှိသူ၏ အနာများ၊ အညစ်အကြေးများနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- ရောဂါပိုးများ ကပ်တင်ကျန်နေသည့် အသုံးအဆောင်ပစ္စည်းများ၊ မျက်နှာပြင်များကို လက်ဖြင့် ကိုင်တွယ်ထိတွေ့ခြင်းမှတစ်ဆင့် ကူးစက်ခြင်း၊
- မသန့်ရှင်းသောဆေးထိုးအပ်နှင့် ဆေးရုံသုံးပစ္စည်းများမှတစ်ဆင့် ကူးစက်ခြင်း၊
- Mpox ဗိုင်းရပ်စ်ရောဂါပိုးကူးစက်ခံထားရသည့် တိရစ္ဆာန်များနှင့် တိုက်ရိုက်ထိတွေ့မိရာမှတစ်ဆင့် ကူးစက်ခြင်း၊
- မိခင်မှကလေးသို့ ကိုယ်ဝန်ဆောင်စဉ်၊ မွေးဖွားစဉ်နှင့် မွေးဖွားပြီးနောက်တွင် ကူးစက်ခြင်း၊

**ရောဂါပျိုးရက်**

- ရောဂါပိုးစတင်ဝင်ရောက်ပြီး ၁ ရက်မှ ၂၁ ရက်အတွင်း ရောဂါလက္ခဏာများ စတင်ဖြစ်ပွားနိုင်ပါသည်။

**သံသယဖြစ်ဖွယ်ရောဂါလက္ခဏာများ**

- မျက်နှာ၊ ပါးစပ်၊ လက်နှင့် ခြေထောက်၊ ခန္ဓာကိုယ်၊ စအိုဝန်းကျင်နှင့် လိင်အင်္ဂါများတွင်အနီကွက်များထွက်ခြင်း၊ အရည်ကြည်ဖုများပေါက်ခြင်း၊
- ဖျားခြင်း (>38.5°C)၊
- အကြိတ်များရောင်ရမ်းခြင်း၊
- လည်ချောင်းနာခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကြွက်သားများနာကျင်ခြင်း၊ ကျောအောင့်ခြင်း၊
- မောပန်းနွမ်းနယ်ခြင်း၊

(လွန်ခဲ့သည့်(၂၁)ရက်အတွင်း ရောဂါပိုးတွေ့ရှိရာ နိုင်ငံ/ဒေသများမှ ပြန်လည်ဝင်ရောက်လာသူများတွင် အထက်ပါလက္ခဏာများဖြစ်ပွားလာပါက ကျန်းမာရေးဌာနသို့ချက်ချင်းသတင်းပေးပို့ရန် လိုအပ်ပါသည်။)

**ကာကွယ်နိုင်မည့် နည်းလမ်းများ**

- Mpox(မျောက်ကျောက်) ရောဂါလက္ခဏာခံစားနေရသူနှင့် အရေပြားချင်းထိတွေ့ခြင်း၊ မျက်နှာချင်းဆိုင် အနီးကပ်ထိတွေ့ခြင်း၊ လိင်ပိုင်းဆိုင်ရာထိတွေ့ဆက်ဆံခြင်းများကို ရှောင်ကြဉ်ပါ၊
- အနီးကပ်ထိတွေ့မှုကို ရှောင်လွှဲ၍မရပါက လက်အိတ်ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း(Mask)ကို တပ်ဆင်ပါ၊
- သံသယရောဂါလက္ခဏာခံစားနေရသူ၏ အသုံးအဆောင်ပစ္စည်းများကို ကိုင်တွယ်ရာတွင် လက်အိတ် ဝတ်ဆင်ခြင်းနှင့် နှာခေါင်းစည်း(Mask) တပ်ဆင်ခြင်း ပြုလုပ်ပါ၊
- လက်ကို ဆပ်ပြာနှင့် ရေ သို့မဟုတ် အယ်လ်ကိုဟောအနည်းဆုံး (၆၀%)ပါဝင်သော ရေမလို လက်သန့်စင်ဆေးရည် အသုံးပြု၍ စနစ်တကျဆေးကြောပါ၊ လက်မဆေးဘဲ ပါးစပ်၊ နှာခေါင်းနှင့် မျက်လုံးများကို ကိုင်တွယ်ခြင်းမပြုပါနှင့်၊
- တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကောင်းမွန်စေရန် ဆောင်ရွက်ပါ၊
- နှာချေ ချောင်းဆိုးသည့်အခါတွင် လက်ကိုင်ပဝါ သို့မဟုတ် တံတောင်ကွေးဖြင့် လုံခြုံစွာဖုံးအုပ်ပါ၊
- အသုံးအဆောင်ပစ္စည်းများ (အိပ်ရာခင်း၊ မျက်နှာသုတ်ပဝါ၊ အဝတ်အထည်စသည့်...)များကို ရေ၊ ဆပ်ပြာနှင့် စနစ်တကျလျှော်ဖွပ်၍ အသုံးပြုပါ၊
- တိရစ္ဆာန်များကို အကာအကွယ်မပါဘဲ မထိတွေ့ပါနှင့်၊ အသားများကို ကျက်အောင်ချက်ပြုတ်စားပါ၊

**Mpox (မျောက်ကျောက်)ရောဂါလူနာနှင့် အနီးကပ်ထိတွေ့ခဲ့ခြင်း (သို့မဟုတ်) ရောဂါသံသယလက္ခဏာများ ခံစားရပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပေးပို့၍ လိုအပ်သောစစ်ဆေးစမ်းသပ်မှုနှင့် ကုသမှုခံယူပါ။**

**ကျန်းမာရေးဝန်ကြီးဌာန**
**ဩဂုတ်လ၊ ၂၀၂၄**

# ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်၍ ထိခိုက်ပျက်စီးသွားသောသီးနှံများ အမြန်ပြန်လည်စိုက်ပျိုးနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

ပုသိမ် ဩဂုတ် ၂၅

ဧရာဝတီတိုင်းဒေသကြီးအတွင်း ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီတွင် ရေကြီးနစ်မြုပ်၍ ထိခိုက်ပျက်စီးသွားသောသီးနှံများ အမြန်ပြန်လည်စိုက်ပျိုးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်များမှ စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး လုပ်ငန်းကြီးကြပ်မှုကော်မတီဝင်များ၊ မျိုးစေ့ထုတ်ကုမ္ပဏီများ၊ သွင်းအားစုကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် တောင်သူများ တက်ရောက်ကြသည်။



### ရေကြီးနစ်မြုပ်ခဲ့

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က "ဇူလိုင်လနှင့် ဩဂုတ်လတွင် ဖြစ်ပေါ်ခဲ့သည့် မြစ်ရေကြီးမှုဖြစ်စဉ်များ၊ မိုးအဆက်မပြတ်ရွာသွန်းမှုဖြစ်စဉ်များကြောင့် တိုင်းဒေသကြီးအတွင်း၌ စိုက်ပျိုးကေများ ရေကြီးနစ်မြုပ်ခဲ့ရပါကြောင်း၊ ရေကြီးနစ်မြုပ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့်စိုက်ကေများမှ ပြန်ပေါ်စိုက်ကေများတွင် ပျက်စီးခဲ့သည့် စိုက်ကေများအား မိုးစပါးများ ပြန်လည်ထွန်ယက်စိုက်ပျိုးခြင်းနှင့် ထိခိုက်ခဲ့သည့် စိုက်ကေများအတွက် အထွက်နှုန်းများ ထိခိုက်မှုမရှိစေရေး ကုစားခြင်းများဆောင်ရွက်လျက်ရှိပြီး စိုက်ကေများပြည့်မီစေရေးနှင့် အထွက်နှုန်းများ ထိခိုက်မှုမရှိစေရေးအတွက် ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိုးစပါးစိုက်ရာသီမှာ အောက်တိုဘာလကုန်အထိ သတ်မှတ်ထား၍ ၎င်းကာလအတွင်း ပျက်စီးစိုက်ကေများအား ပြန်လည်ဖြည့်တင်းစိုက်ပျိုးရမည်ဖြစ်ပြီး မိုးစပါးစိုက်ကေများ အပြည့်အဝပြန်လည်စိုက်ပျိုးနိုင်ရေး ဆောင်ရွက်ကြရန်လိုကြောင်း၊ တိုင်းဒေသကြီး၏ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ တိုးတက်စေရေးနှင့် ရေကြီးနစ်မြုပ်၍ ထိခိုက်ပျက်စီးခဲ့သည့် စိုက်ကေများအား အမြန်ပြန်လည်ကုစားစိုက်ပျိုးနိုင်ရေး လိုအပ်ချက်များကို အချိန်မီတင်ပြဖြည့်ဆည်းနိုင်ရေး ဝိုင်းဝန်းဆွေးနွေးပေးကြရန်" အမှာစကားပြောကြားသည်။

ထို့နောက် မြေစာရင်းဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးမိုးသီးနှံများ စိုက်ပျိုးမှုနှင့် ရေကြီးနစ်မြုပ်၊ ထိခိုက်ပျက်စီး၊ ပြန်လည်စိုက်ပျိုးမှုအခြေအနေများကို လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ခရိုင်အလိုက်သီးနှံများ ရေကြီးနစ်မြုပ်၊ ထိခိုက်ပျက်စီးမှု၊ မိုးသီးနှံများထိခိုက်ပျက်စီးမှုအပေါ် ပြန်လည်ကုစား အစားထိုးစိုက်ပျိုးဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း၊ ခရိုင်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများက ၂၀၂၄-၂၀၂၅ ခုနှစ် အဓိကသီးနှံစိုက်ပျိုးထုတ်လုပ်မှု အခြေအနေများ၊ မိုးစပါးထွန်ယက်စိုက်ပျိုးပြီးစီးမှု အခြေအနေများ၊ ရေကြီးနစ်မြုပ်မှုကြောင့် သီးနှံများ ထိခိုက်၊ ပျက်စီးမှုအပေါ် ပြန်လည်စိုက်ပျိုးဆောင်ရွက်မှု အခြေအနေများနှင့် မျိုးစပါးများ စုဆောင်းထားရှိမှုများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များ ထပ်မံဖြည့်စွက်မှာကြားကာ ၂၀၂၄-၂၀၂၅ ခုနှစ် စိုက်ပျိုးရာသီတွင် ရေကြီးနစ်မြုပ်၍ ထိခိုက်ပျက်စီးသွားသောသီးနှံများ အမြန်ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# မုဒုံမြို့၌ သတ္တမအကြိမ်မြောက် ဝါခေါင်လ ကရင်ရိုးရာချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနား ကျင်းပ

မုဒုံ ဩဂုတ် ၂၅

သတ္တမအကြိမ်မြောက် ဝါခေါင်လကရင်ရိုးရာချည်ဖြူဖွဲ့ မင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၈ နာရီက မွန်ပြည်နယ် မုဒုံမြို့နယ်ရှိ ဂျုံးဂျုံးကျတောရကျောင်း၌ စည်ကားသိုက်မြိုက်စွာကျင်းပသည်။


ဦးစွာ "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍



အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး ဂျုံးဂျုံးကျတောရကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ကိတ္တိဝဏ္ဏထံမှ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးပြည်သိမ်းနှင့်အဖွဲ့ဝင်များ၊ မွန်ပြည်နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးစောအောင်ကျော်သိန်းနှင့် ဧည့်ပရိသတ်အပေါင်းတို့က ငါးပါးသီလခံယူသည်။ ထို့နောက် ဆရာတော်ကြီးများမှ မေတ္တသုတ်ပရိတ်တရားတော် ရွတ်ဖတ်ပူဇော်ချီးမြှင့်ပြီး ပင့်သံဃာ ၁၆ ပါးတို့အား တာဝန်ရှိသူများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေသည်။

ဆက်လက်၍ မွန်ပြည်နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌက ကရင်ရိုးရာချည်ဖြူဖွဲ့ပြုလုပ်ရခြင်း အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး ဆရာတော်ကြီးက တက်ရောက်လာသည့် ဧည့်ပရိသတ်အပေါင်းတို့အား ချည်ဖြူဖွဲ့ပေး၍ ကရင်မျိုးဆက်မောင်မယ်များက ကရင်ရိုးရာယဉ်ကျေးမှု အဆို၊ အကတေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။

အောင်မျိုးသူ (ပြန်/ဆက်)




## လေဖိအားနည်းရပ်ဝန်း အခြေအနေ

နေပြည်တော် ဩဂုတ် ၂၅

ယနေ့မွန်းလွဲ ၃ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်း (Low Pressure Area) တစ်ခုဖြစ်ပေါ်နေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာနိုင်ပြီး အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ နောက်နှစ်ရက်အတွင်း အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် ဂျက်ခမ်းပြည်နယ်တို့ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၆-၈-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၉၇၅ | ၃၀၅၅ | ၃၀၃၀ | ၂၉၈၅ | ၃၀၅၅ | ၃၀၇၀ | ၃၀၈၀ | ၃၀၃၅ | ၃၁၆၅ | ၃၁၉၀ | ၃၀၄၅ | ၃၀၆၀ | ၃၀၉၅ | ၃၀၈၀ | ၃၀၉၅ | ၃၄၉၅ | ၅၀၀၀ |
| 95 Ron | ၃၁၁၅ | ၃၁၉၅ | ၃၁၇၀ | ၃၁၂၅ | ၃၂၀၀ | ၃၂၁၀ | ၃၂၂၅ | ၃၁၇၅ | ၃၃၀၅ | ၃၃၃၅ | ၃၁၈၅ | ၃၂၀၀ | ၃၂၃၅ | ၃၂၂၀ | ၃၂၃၅ | ၃၆၄၀ | ၆၀၀၀ |
| HSD (500 ppm) | ၂၆၁၀ | ၂၆၉၀ | ၂၆၆၅ | ၂၆၂၀ | ၂၆၉၀ | ၂၇၀၅ | ၂၇၁၅ | ၂၆၇၀ | ၂၇၉၅ | ၂၈၂၅ | ၂၆၈၀ | ၂၆၉၅ | ၂၇၂၅ | ၂၇၁၅ | ၂၇၂၅ | ၃၁၃၀ | ၅၀၀၀ |
| HSD (50 ppm) | ၃၂၀၀ | ၃၂၈၀ | ၃၂၅၅ | ၃၂၁၀ | ၃၂၈၅ | ၃၂၉၅ | ၃၃၁၀ | ၃၂၆၀ | ၃၃၉၀ | ၃၄၂၀ | ၃၂၇၀ | ၃၂၈၅ | ၃၃၂၀ | ၃၃၀၅ | ၃၃၂၀ | ၃၇၂၅ | ၅၀၀၀ |
| HSD (10 ppm) | ၃၂၀၀ | ၃၂၈၀ | ၃၂၅၅ | ၃၂၁၀ | ၃၂၈၅ | ၃၂၉၅ | ၃၃၁၀ | ၃၂၆၀ | ၃၃၉၀ | ၃၄၂၀ | ၃၂၇၀ | ၃၂၈၅ | ၃၃၂၀ | ၃၃၀၅ | ၃၃၂၀ | ၃၇၂၅ | ၅၀၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၈၁၉ | ၂၉၀၉ |
| 95 Ron | ၂၉၅၅ | ၃၀၄၈ |
| HSD (500 ppm) | ၂၄၆၄ | ၂၅၄၃ |
| HSD (50 ppm) | ၃၀၃၇ | ၃၁၂၈ |
| HSD (10 ppm) | ၃၀၃၇ | ၃၁၂၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ကြေညာချက်

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းမှ မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ စာဖတ်နှုန်းမြင့်တက်စေရန် ရည်ရွယ်၍ တစ်ဖက်တစ်လမ်းမှ ပါဝင်ဝန်ဆောင်မှုပေးသည့်အနေဖြင့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသော လူထုအခြေပြုဗဟိုဌာန (စာကြည့်တိုက်) များသို့ စာအုပ်များ ပေးပို့လှူဒါန်းလိုပါက မြန်မာ့စာတိုက်လုပ်ငန်းရှိ စာတိုက်များတွင် (အခမဲ့) ပေးပို့နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြန်မာ့စာတိုက်လုပ်ငန်း
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပူနွေးကမ္ဘာ တားဆီးရာ ဖြေရှာတစ်ခု တောပြုစု။

# စာရိတ္တမဏ္ဍိုင် တည့်မတ်ခိုင်မာအောင်

ကိုယဉ်ချစ် (မန္တလေး)

စာရိတ္တဆိုတာ ကိုယ်ကျင့်တရား၊ အကျင့်လို့ အဓိပ္ပာယ်ရပါတယ်။ လူတစ်ဦးမှာ အရေးကြီးဆုံးက စာရိတ္တဆိုတဲ့ ကိုယ်ကျင့်တရားဖြစ်ပါတယ်။ လူ့ဘဝမှာ ရှင်သန်ရပ်တည်နေနိုင်ဖို့ လုပ်ရင်းကိုင်ရင်း ကြီးပွားလိုစိတ်တွေ လွန်ကဲလာတဲ့အခါ ကိုယ်ကျင့်တရားကို အလွယ်တကူ ချိုးဖောက်မိတတ်ကြပါတယ်။ လုပ်လို့ရမှန်းသိတဲ့အခါ မကောင်းမှန်း၊ မမှန်မှန်းသိလျက်နဲ့ ရှေ့ကိုအတင်းတိုးလုပ်ဆောင်တတ်ကြပါတယ်။ ကြာလာတော့ အကျင့်ဖြစ်သွားပါတယ်။ အကျင့်က စွဲမြဲသွားပြီဆိုရင်တော့ ဘယ်သူသေသေ ငတေမာပြီးရောဆိုတဲ့ဇာတ် ခင်းကြပါတော့တယ်။

မနက်ပိုင်း လမ်းလျှောက်ထွက်လာတော့ လမ်းထိပ်ရေမြောင်းတံတားအလယ်က သံနဲ့လုပ်ထားတဲ့မြောင်းဖုံးက မရှိတော့ဘူး။ ရပ်ကြည့်နေတုန်း ဘေးနားအိမ်က ကလေးမကပြောတယ်။ မနက်အစောကြီး အမှိုက်ကောက်တဲ့သူတစ်ယောက် ဖြုတ်ပြီး ထမ်းယူသွားတာတဲ့။ သူ့ကို အန္တရာယ်ပြုမှာစိုးရိမ်တော့ သူလည်းမပြောရဲဘူးတဲ့။ လောလောဆယ် လမ်းသွားလမ်းလာတွေ အန္တရာယ်ကင်းအောင် သစ်သားတို တစ်ချောင်းစိုက်ပြီး တိုင်ထိပ်မှာ ပလတ်စတစ်အိတ်တစ်လုံး ချည်ပေးထားခဲ့တယ်။ ယူသွားတဲ့သူကတော့ လမ်းသွားလမ်းလာတွေ အန္တရာယ်ဖြစ်မှာ မစိုးရိမ်ဘူး။ ဒီသံမြောင်းဖုံးကို သံထည်ပစ္စည်းအဟောင်းဝယ်တဲ့ဆိုင်ကို သွားရောင်းပြီး သူ့ဝမ်းရေးကို ဖြေရှင်းမယ်။

### ကလေးသူငယ်ဘဝကတည်းက စာရိတ္တကောင်းမွန်အောင် အခြေခံတည်ဆောက်ပေး

ဒီလိုဖြစ်စဉ်မျိုးတွေ ဖြစ်ပွားရတဲ့အကြောင်းရင်းက စားဝတ်နေရေး အခက်အခဲတွေကို ရရာနည်းလမ်းနဲ့ လစ်ရင်လစ်သလို ဖြေရှင်းနေတာဖြစ်ပါတယ်။ အဓိကအကြောင်းရင်းကတော့ လူအချို့မှာ အကျင့်စာရိတ္တမဏ္ဍိုင်တွေ ယိမ်းယိုင်ပျက်စီးလာနေတာ ထင်ရှားလာပါတယ်။ စာရိတ္တမဏ္ဍိုင်တည့်မတ်ထိန်းကျောင်းပေးတဲ့ အလုပ်တွေကို ချက်ချင်းလက်ငင်း ဆောင်ရွက်လို့မရပါဘူး။ တစ်ဦးကောင်းတစ်ယောက်ကောင်းလည်း ဆောင်ရွက်လို့ မရပါဘူး။ ငယ်စဉ်ကျောင်းနေအရွယ် ကလေးသူငယ်ဘဝကတည်းက စာရိတ္တကောင်းမွန်အောင် အခြေခံတည်ဆောက်ပေးကြရပါမယ်။ ကလေးတွေနဲ့ အနီးကပ်ဆုံးရှိနေတဲ့ မိဘတွေ၊ ဆရာတွေက ပညာသင်ပေးတာအပြင် အကျင့်စာရိတ္တကောင်းမွန်တဲ့ လူတော်လူကောင်းတွေဖြစ်လာအောင် တည့်မတ်ပေးရမှာဖြစ်သလို ပတ်ဝန်းကျင်တွေကလည်း ဝိုင်းဝန်းပြုစုပျိုးထောင်ပေးကြရမှာပါ။

စာရေးသူတို့မူလတန်းပညာ စပြီးသင်ယူတော့ ဆရာ ဆရာမတွေက ကျောင်းစာတစ်ခုတည်းကိုသာ သင်ပေးတာမဟုတ်ဘဲ လိမ္မာယဉ်ကျေးအောင်၊ အကျင့်စာရိတ္တကောင်းအောင်၊ ပညာတတ်တွေဖြစ်အောင်၊ စည်းကမ်းရှိရှိနေတတ်အောင်၊ အများနဲ့ ပူးပေါင်းဆောင်ရွက်တတ်အောင် သွန်သင်ဆုံးမမှုတွေအောက်မှာ စတင်သင်ယူခဲ့ရတာကို ပြန်ပြီး အမှတ်ရမိပါတယ်။

ရဟန်းသံဃာတော်တွေ၊ သက်ကြီးရွယ်အိုတွေ၊ မိဘတွေ၊ ဆရာတွေရှေ့ကဖြတ်သွားရင် လက်အုပ်လေးချီ ကန်တော့ကန်တော့ဆိုပြီးမှ သွားရတယ်။ ကျောင်းစာအပြင် အိမ်တွင်းလက်မှုပညာအခြေခံတွေ သင်ပေး၊ အသိပညာဗဟုသုတရစေမယ့် ပုံပြင်တွေပြောပြ၊ ခန္ဓာကိုယ်ရော စိတ်ပိုင်းဆိုင်ရာတွေပါ လိမ္မာယဉ်ကျေးအောင် သင်ပေးခဲ့ကြပါတယ်။ အကျင့်စာရိတ္တကောင်းအောင်၊ ယဉ်ကျေးလိမ္မာအောင်၊ သတ္တိရှိအောင်၊ လူတော်လူကောင်းတွေဖြစ်အောင် ကျောင်းစာပြင်ပမှာ သင်ယူခွင့်ရခဲ့လို့ ဘဝတစ်သက်တာ အထောက်အကူတွေ ဖြစ်ခဲ့ပါတယ်။

ခေတ်ကာလ ပြောင်းလဲလာတဲ့အချိန်မှာ မိမိတို့ခေတ်ကာလနဲ့ နှိုင်းယှဉ်ကြည့်ရင် အများကြီး ပြောင်းလဲကုန်ပါပြီ။ မျက်မှောက်ကာလမှာ လူငယ်လူရွယ်ပိုင်းတွေရဲ့ အပြောအဆို၊ အနေအထိုင်၊ ဆက်ဆံရေးတွေကအစ လုံးဝပြောင်းလဲနေပါပြီ။ ပြောင်းလဲမှုတွေနဲ့အတူ နည်းပညာပိုင်းအသုံးပြုရတဲ့ ပစ္စည်းတွေကလည်း ပေါ်လာပြန်ပါတယ်။ နည်းပညာပိုင်းဆိုင်ရာဆိုတာတွေက မီးလိုပါပဲ။ အသုံးချတတ်ရင် ကောင်းကျိုးခံစားရသလို အသုံးချတာ လွဲချော်သွားရင် ဆိုးကျိုးတွေ ခံစားကြရမှာပါ။

### နည်းပညာတွေကို တလွဲအသုံးချမိကြတာ

တိုးတက်မှုနဲ့ ဆုတ်ယုတ်မှုဆိုတာ ဒွန်တွဲနေတတ်တာကို သတိမူကြရမှာဖြစ်ပါတယ်။ နည်းပညာပိုင်းဆိုင်ရာတွေကို မှန်မှန်ကန်ကန်အသုံးချနိုင်ရင် အရည်အသွေး၊ အရည်အချင်းတွေ တိုးတက်လာမှာမှန်ပေမယ့် တလွဲအသုံးချမိရင် ဘေးထွက်ဆိုးကျိုးတွေ အများကြီးခံစားကြရမှာပါ။ အချို့က နည်းပညာတွေကို တလွဲအသုံးချမိကြတာ လွန်ကဲလာတဲ့အခါ စိတ်ဓာတ်ပိုင်း၊ ကိုယ်ကျင့်တရားပိုင်း၊ အကျင့်သီလပိုင်းတွေ လျော့ကျနိမ့်ပါးလာတာ သတိမမူနိုင်ကြတော့ပါဘူး။ ယဉ်ကျေးသိမ်မွေ့လှတဲ့ မြန်မာ့ယဉ်ကျေးမှုနယ်ပယ်မှာ မကြားဖူး၊ မမြင်ဖူး၊ မကြုံဖူးတာတွေ လက်ငင်းကာလမှာ မြင်တွေ့နေရပါတယ်။ မလုပ်သင့်တာတွေလုပ်ကြ၊ မပြောသင့်တာတွေ ပြောကြနဲ့ မိဘနဲ့သားသမီး၊ ဆရာနဲ့တပည့် ဆက်ဆံရေးတွေကအစ မကောင်းတဲ့ပြောင်းလဲမှုတွေကို မြင်တွေ့ခံစားနေကြရပါတယ်။ မြန်မာလူမျိုးတွေရဲ့ စာရိတ္တမဏ္ဍိုင်ကြီး ယိမ်းယိုင်နေပြီဆိုတာ သတိမူကြရမှာဖြစ်ပါတယ်။

ဒီလိုဖြစ်လာတဲ့ကာလဟာ လွန်ခဲ့တဲ့ဆယ်စုနှစ် အနည်းငယ်ကတည်းက ဖြစ်ပါတယ်။ ကောင်းတာတွေရှိခဲ့သလို မကောင်းတဲ့ဆိုးကျိုးတွေက မြန်မာ့လူနေမှုစနစ်ကို ထဲထဲဝင်ဝင်အတွင်းထိ လှိုက်စားနေတယ်လို့ ခံစားမိပါတယ်။ အဓိကအကြောင်းကတော့ အခြေခံအကျဆုံး ငယ်စဉ်ကလေးဘဝကတည်းက အကျင့်စာရိတ္တပိုင်းဆိုင်ရာ ပြုစုပျိုးထောင်မှုတွေ အားနည်းလာတာဖြစ်တယ်လို့ ယူဆပါတယ်။

> **“စာရိတ္တဆိုတာကတော့ အခြေခံကျတဲ့ ငယ်ရွယ်စဉ်ဘဝမှာ ကျင်လည်ရပ်တည်ခဲ့ရတဲ့ အခြေအနေ၊ ပတ်ဝန်းကျင်အခြေအနေတွေကြောင့် ကောင်းတယ်၊ မကောင်းဘူးဖြစ်လာရတာပါ။ ငယ်စဉ်ဘဝကတည်းက စာရိတ္တကောင်းတဲ့ လူငယ်လူရွယ်တွေကို မွေးထုတ်ပေးနိုင်မယ်ဆိုရင် အနာဂတ်ရဲ့ အရေးများစွာဟာ တိုးတက်အောင်မြင်ပါလိမ့်မယ်။ သစ်ပင်တစ်ပင်ကို လိုသလိုပုံသွင်းချင်ရင် နုနယ်တဲ့အရွယ်ကတည်းက ပြုပြင်ရပါမယ်။ ပင်စည်တွေ၊ အကိုင်းအခက်တွေကြီးရင့်မှ ပြုပြင်မယ်ဆိုရင်တော့ မလိုအပ်တဲ့နေရာတွေကို ခုတ်ထစ်ဖြတ်တောက် ပြုပြင်မှရပါမယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့အနာဂတ်ဖြစ်တဲ့ လူငယ်လူရွယ်တွေကို ငယ်စဉ်ကတည်းက စာရိတ္တမဏ္ဍိုင်တည့်မတ်ခိုင်မာအောင် လုပ်ဆောင်ပေးကြရမှာဖြစ်”**

ရက်ရှည်ကျောင်းပိတ်ရက်တွေမှာ အခြေခံကျတဲ့ လောကနီတိတွေ၊ (၃၈) ဖြာမင်္ဂလာတွေ၊ ဆုံးမစာတွေ စတဲ့ အသိပညာတွေ၊ ယဉ်ကျေးလိမ္မာသင်တန်းတွေကို လူငယ်ထုအတွင်းမှာ ယဉ်ကျေးလိမ္မာအောင် ထိထိရောက်ရောက် သင်ကြားပေးကြရမှာဖြစ်ပါတယ်။ လောကနီတိတွေ၊ (၃၈) ဖြာမင်္ဂလာတွေ၊ ဆုံးမစာတွေနဲ့ အလှမ်းဝေးသွားရင် ကိုယ်ကျင့်တရား၊ နိုင်ငံနဲ့လူမျိုးအပေါ် ချစ်မြတ်နိုးမှု၊ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်လိုစိတ်တွေဟာ တဖြည်းဖြည်းချင်း နိမ့်ကျသွားမှာဖြစ်ပါတယ်။ ဒါတွေကို ဆရာ၊ မိဘနဲ့ ပတ်ဝန်းကျင်တွေက တည့်မတ်ထိန်းကျောင်းပေးကြဖို့ လိုပါတယ်။

### ကလေးအရွယ်ဆိုတာ ပြုပြင်ရနိုင်တဲ့ ရွှံ့ရုပ်လေးနဲ့တူ

“သားသမီးငယ်က၊ မဆုံးမသော်၊ မိဘတစ်လည်၊ ရန်သူမည်၏” ဆိုစကားအတိုင်း ကလေးအရွယ် လူမမည်ဘဝကပင် ညွှန်ပြသွန်သင်ပြီး မကောင်းမြစ်ထာ ကောင်းရာမပြုပြင်ပေးပါလျှင် ကြီးပြင်းလာသောကာလတွင် စိုးရိမ်ပူပန်ရမှာ မလွဲဧကန်ဖြစ်ပါတယ်။ ကလေးအရွယ်ဆိုတာ ပြုပြင်ရနိုင်တဲ့ ရွှံ့ရုပ်လေးနဲ့တူပါတယ်။ ဒီရွှံ့ရုပ်လေးကို စတင်ထုဆစ်စဉ်ကပင် အမြင်မတင့်တယ်တဲ့အပိုင်းကို မပြုပြင်မိပါက ရွှံ့ခြောက်သွားမှ ပြုပြင်လို့မရနိုင်တော့ကြောင်းကို ဟံသာဝတီဆုံးမစာမှာ မှတ်သားဖူးပါတယ်။

ငယ်စဉ်ဘဝကတည်းက စာရိတ္တခိုင်မာအောင် လုပ်ဆောင်ပေးမှုတွေ အားနည်းလာတဲ့အခါ လူငယ်တချို့ဟာ အမှန်တရားစစ်စစ်ကို ရှာမတွေ့ကြ၊ ရိုးသားမှုကို ဂုဏ်ယူလိုစိတ်တွေပျောက်၊ ကိုယ်ကြီးပွားဖို့သာ အဓိကထား၊ ကိုယ်ချင်းစာစိတ်တွေ ပျောက်ကုန်ကြပါတယ်။ မရိုးသားမှုနဲ့ အကျိုးဖြစ်ထွန်းမှုတွေကို အမှန်ထင်ပြီး ရှေ့ကိုဆက်တိုးနေကြတဲ့အတွက် ပစ္စုပ္ပန်ကာလမှာ အများစုက ဆိုးကျိုးတွေ ခံစားရပါတော့တယ်။ မပြုပြင် မထိန်းကျောင်းနိုင်ဘဲ ရှေ့ဆက်တိုးနေကြရင် အနာဂတ်အတွက် ရင်လေးစရာကောင်းလှပါတယ်။ မရိုးသားမှုနဲ့ အောင်မြင်နေတဲ့သူတွေကတော့ မရိုးသားမှုရဲ့ စေတနာအကျိုးပေးတွေ ထင်ရှားလာပြီဆိုရင် အထိနာတတ်တယ်ဆိုတာ သတိမူကြရပါမယ်။ ဒီမရိုးသားမှုကို ခုံမင်လာတဲ့ အခြေခံဇာစ်မြစ်ကတော့ အကျင့်စာရိတ္တမဏ္ဍိုင် ယိမ်းယိုင်တာကြောင့်ဖြစ်ပါတယ်။ မခိုင်မာတဲ့စာရိတ္တမဏ္ဍိုင်ပေါ်မှာ ရပ်တည်ပြီး အမှန်ကိုအမှားထင်၊ အမှားကို အမှန်ထင် ကိုယ်ပိုင်အသိဉာဏ်တွေ နည်းပါးလာပြီး မကောင်းမှုအကုသိုလ်တွေကို ကျူးလွန်ကြပါတယ်။

မျက်မှောက်ကာလမှာဖြစ်ပေါ်နေတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍစုံမှာ တိုးတက်မှုတွေရှိသလို ဆုတ်ယုတ်မှုတွေကို ဒွန်တွဲကြားသိမြင်တွေ့နေကြရပါတယ်။ ခေတ်ကာလတစ်ခုရဲ့ အရွေ့တစ်ခုလို့ဆိုပေမယ့် မကောင်းတဲ့ရလဒ်တွေကို ပြည်သူအများစုကပဲ ခံစားရပါတယ်။

### ကိုယ်ချင်းစာနာစိတ်လေးနဲ့ လွန်ကဲတဲ့အတ္တတွေကိုလျှော့

ဒီခေတ် ဒီကာလမှာ စာရိတ္တချို့ယွင်းသူတွေက တောမီးလောင် တောကြောင်လက်ခမောင်းခတ်ဆိုသလို ကိုယ်ကျိုးစီးပွားကို ရှေ့တန်းတင်ပြီး အမြတ်ထုတ်နေကြတာတွေကိုလည်း မြင်တွေ့နေရပါတယ်။ တချို့ကိစ္စတွေက ပြည်သူအများနဲ့ တိုက်ရိုက်မဆက်နွှယ်ဘူးဆိုပေမယ့် သွယ်ဝိုက်တဲ့နည်းနဲ့ ပြည်သူတွေရဲ့ လူနေမှုဘဝကို ထိခိုက်နေပါတယ်။ ကိုယ်ချင်းစာနာစိတ်လေးနဲ့ လွန်ကဲတဲ့အတ္တတွေကိုလျှော့ပြီး စာရိတ္တတွေကို တည့်မတ်ပြုပြင်ရပါမယ်။

အချို့က လိုတာမရရင်၊ ဖြစ်ချင်တာမဖြစ်ရရင် ဆင်းရဲတယ်လို့ဆိုကြပါတယ်။ တကယ်တော့ မရနိုင်တာကို လိုချင်နေတာ၊ မဖြစ်နိုင်တာကိုဖြစ်အောင် ဇွတ်အတင်းလုပ်နေတာတွေကသာ ဆင်းရဲနေတာဖြစ်ပါတယ်။ ကိုယ်က အခြေအနေကောင်းပြီဆိုပြီး မတော်လောဘတွေနဲ့ ကြီးပွားချမ်းသာအောင် လုပ်နေပေမယ့် ပြည်သူအများရဲ့ခံစားချက်တွေကို နားစွင့်ပြီး ကိုယ်ချင်းစာနာစိတ်နဲ့ ဆင်ခြင်လုပ်ကိုင်သင့်ပါတယ်။ မှားနေမှန်းသိပေမယ့် အမှားက ခံစားနေရတဲ့ အစာတွေကို အရသာတွေ့ပြီး မတရားဆက်စားနေရင်တော့ စားပိုးနင့်တဲ့ဒုက္ခကို ပြန်ပြီး ခံစားရပါလိမ့်မယ်။ ကိုယ်ကျင့်သီလ၊ အကျင့်၊ စာရိတ္တတွေ ယိမ်းယိုင်နေရင် မိမိဂုဏ်သိက္ခာကို ထိန်းပြီး တည့်မတ်ပြုပြင်ပေးရပါမယ်။

စာရိတ္တဆိုတာကတော့ အခြေခံကျတဲ့ ငယ်ရွယ်စဉ်ဘဝမှာ ကျင်လည်ရပ်တည်ခဲ့ရတဲ့ အခြေအနေ၊ ပတ်ဝန်းကျင်အခြေအနေတွေကြောင့် ကောင်းတယ်၊ မကောင်းဘူးဖြစ်လာရတာပါ။ ငယ်စဉ်ဘဝကတည်းက စာရိတ္တကောင်းတဲ့ လူငယ်လူရွယ်တွေကို မွေးထုတ်ပေးနိုင်မယ်ဆိုရင် အနာဂတ်ရဲ့ အရေးများစွာဟာ တိုးတက်အောင်မြင်ပါလိမ့်မယ်။ သစ်ပင်တစ်ပင်ကို လိုသလိုပုံသွင်းချင်ရင် နုနယ်တဲ့အရွယ်ကတည်းက ပြုပြင်ရပါမယ်။ ပင်စည်တွေ၊ အကိုင်းအခက်တွေ ကြီးရင့်မှ ပြုပြင်မယ်ဆိုရင်တော့ မလိုအပ်တဲ့နေရာတွေကို ခုတ်ထစ်ဖြတ်တောက် ပြုပြင်မှရပါမယ်။ ဒါကြောင့် နိုင်ငံတော်ရဲ့အနာဂတ်ဖြစ်တဲ့ လူငယ်လူရွယ်တွေကို ငယ်စဉ်ကတည်းက စာရိတ္တမဏ္ဍိုင် တည့်မတ်ခိုင်မာအောင် လုပ်ဆောင်ပေးကြရမှာဖြစ်ပါတယ်။

မိသားစုတစ်စုမှာဖြစ်ဖြစ်၊ မြို့ပြတွေမှာဖြစ်ဖြစ်၊ နိုင်ငံတစ်နိုင်ငံမှာဖြစ်ဖြစ် စာရိတ္တကောင်းတဲ့ လူတွေနဲ့သာ ပေါင်းစည်းနေထိုင်နိုင်ရင် အေးချမ်းတည်ငြိမ်ပြီး သာယာဝပြောတဲ့ လူနေမှုဘဝကို ပိုင်ဆိုင်နိုင်ကြမှာဖြစ်ပါတယ်။ ဒါကြောင့် စာရိတ္တမဏ္ဍိုင် တည့်မတ်ခိုင်မာအောင် ဝိုင်းဝန်းဆောင်ရွက်ပေးကြဖို့ လိုအပ်ပါတယ်။ မျက်မှောက်ကာလမှာ ချည့်နဲ့ယိမ်းယိုင်လာတဲ့ စာရိတ္တမဏ္ဍိုင်ကြီးကို အနာဂတ်ကာလများစွာအထိ တည့်မတ်ခိုင်မာနေအောင် ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းထိန်းကျောင်းသွားကြဖို့ တိုက်တွန်းတင်ပြလိုက်ရပါတယ်။ ။

# ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်အကြို ရန်ကုန်တိုင်းဒေသကြီးအဆင့် အားကစားပွဲတော်ကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၅

နေပြည်တော်တွင်ကျင်းပမည့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်တွင် အောင်မြင်မှုများ ပိုမိုရရှိလာစေရန်အတွက် ရန်ကုန်တိုင်းဒေသကြီးအဆင့် အမျိုးသားအားကစားပွဲတော်ကို စက်တင်ဘာ ၁၆ ရက်မှ ၂၄ ရက်အထိ အားကစားနည်းပေါင်း ၂၄ နည်းဖြင့် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



**တက်ရောက်ဆွေးနွေး**

အဆိုပါရန်ကုန်တိုင်းဒေသကြီးအဆင့် အမျိုးသားအားကစားပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၂၂ ရက် မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ(၃)တွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးငွေအောင်၊ ရန်ကုန်တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း အားကစားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိစေရန်အတွက် ၂၀၂၄ ခုနှစ် မတ် ၅ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီကို အဖွဲ့ဝင် ၃၂ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းထားကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားအားကစားပွဲတော်တွင် ခရိုင်ပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ပြီး ထိုမှတစ်ဆင့် လက်ရွေးစင်အားကစားသမားများကို စိစစ်ရွေးချယ်ကာ အောက်တိုဘာလမှစ၍ စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်သွားမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး အားကစားပွဲတော်တွင် ပြေးခုန်ပစ်၊ ဘတ်စကက်ဘော၊ ကြက်တောင်၊ ဘိလိယက်နှင့် စနူကာ၊ လက်ဝှေ့၊ ကာယဗလနှင့် ကာယကြံ့ခိုင်မှု၊ ခရစ်ကက်၊ ဘောလုံး၊ ဖူဆယ်၊ ဂေါက်သီး၊ ဂျူဒို၊ ကရာတေးပိုက်ကျော်ခြင်း၊ ရေကူး၊ စားပွဲတင်တင်းနစ်၊ တိုက်ကွမ်ဒို၊ တင်းနစ်၊ ရိုးရာခြင်းလုံး၊ မြန်မာ့သိုင်း၊ ဘော်လီဘော၊ ဗိုဗီနမ်၊ အလေးမ၊ ဝူရှူးနှင့် မသန်စွမ်းအားကစားတို့ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# ကလေးဝမြို့၌ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအခမ်းအနား ကျင်းပ

ကလေးဝ ဩဂုတ် ၂၅

စစ်ကိုင်းတိုင်း ဒေသကြီး ကလေးဝမြို့တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။



**သီဆိုဖွင့်လှစ်**

အခမ်းအနားကို ကျောင်းသားကျောင်းသူများက ပညာဘဏ်တိုက်စာကြည့်တိုက်သို့ သွားကြစို့ သီချင်းဖြင့် သီဆိုဖွင့်လှစ်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်မိုးအောင်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် စာရေးဆရာမ နိုဝင်ဘာနှင်းက စာကြည့်တိုက်ကို သွားကြစို့နှင့် စာရေးဆရာ မောင်သောင်းထိန်(ချင်းတွင်း)က စာဖတ်ကြပါစို့ ခေါင်းစဉ်တို့ဖြင့် ဟောပြောခဲ့သည်။

ဆက်လက်၍ စာပဒေသာဝေဆာစေမည် ဗီဒီယိုကလစ်ကို ပြသပြီး စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှုအဖြစ် စကားပုံဆက်ပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲနှင့် စာစီစာကုံးပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၁) အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)နှင့် အမှတ်(၂) အခြေခံပညာ မူလတန်းလွန်ကျောင်း စာကြည့်တိုက်များတွင် အသုံးပြုရန်အတွက် သုတ၊ ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဦးဇော်ဝင်းထွန်းက ပေးအပ်လှူဒါန်းသည်။

ထို့နောက် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားသို့ တက်ရောက်လာသူများက ခင်းကျင်းပြသထားသော နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**



# လူထုအခြေပြုဗဟိုဌာနတွင် စာဖတ်ရှိန်မြှင့်တင်ရေး လှုပ်ရှားမှု ပြပွဲ၊ ပြိုင်ပွဲများ ကျင်းပ

စဉ့်ကိုင် ဩဂုတ် ၂၅

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်းတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် ပုံပြင်ပြောပြိုင်ပွဲ၊ စာဖတ်စွမ်းရည်ပြိုင်ပွဲနှင့် နံရံကပ်စာစောင်ပြပွဲများကို ယမန်နေ့နံနက် ၉ နာရီက အဆိုပါဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဝင်းဝင်းသန်းက ပြပွဲ၊ ပြိုင်ပွဲများ ပြုလုပ်ရခြင်း ရည်ရွယ်ချက်ကိုပြောကြားပြီး ဒုတိယဦးစီးမှူး ဒေါ်စန္ဒာအေးအောင်က ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများနှင့် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်ပြီး ပြိုင်ပွဲဝင်ကျောင်းသား ကျောင်းသူ ၂၀ တို့က မိမိတို့နှစ်သက်ရာ ခေါင်းစဉ်များဖြင့် ပုံပြင်ပြောပြိုင်ပွဲတွင်လည်းကောင်း၊ စာဖတ်စွမ်းရည်ပြိုင်ပွဲတွင်လည်းကောင်း အသီးသီးဝင်ရောက်ယှဉ်ပြိုင်ကြကြောင်းနှင့် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ဦးစီးအရာရှိဒေါ်ဝင်းဝင်းသန်းနှင့် တာဝန်ရှိသူများက ကျောင်းသုံးဗလာစာအုပ်၊ ခဲတံဘူး၊ ရောင်စုံခဲတံနှင့် ဆေးရောင်ခြယ်စာအုပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မန္တလေးမှ ကန်စွန်းဥများကို ရန်ကုန်အပါအဝင် မြန်မာနိုင်ငံအနှံ့ တင်ပို့နေရပြီး ဝယ်လိုအားများနေ

ရန်ကုန် ဩဂုတ် ၂၅

မန္တလေးတိုင်း ဒေသကြီးမှ တစ်ဆင့်ခံ ပြန်လည်ရောင်းချသော ကန်စွန်းဥများကို ရန်ကုန်တိုင်းဒေသကြီးအပါအဝင် မြန်မာနိုင်ငံအနှံ့တင်ပို့နေရပြီး ဝယ်လိုအားများနေကြောင်း သိရသည်။



**စားသုံးမှုပိုမိုများပြား**

လက်ရှိကာလမှာ ကန်စွန်းဥစတင်ပေါ်များသည့်လ ဖြစ်ပြီး ကန်စွန်းဥတွင် ရွှေဝါကန်စွန်း၊ ခါကြက်ကန်စွန်း၊ ငါးချိတ်ကန်စွန်းဟူ၍ သုံးမျိုးရှိရာ ယင်းတို့အနက် ခါကြက်ကန်စွန်းမှာ အချိုဆုံးဖြစ်သဖြင့် စားသုံးမှု ပိုမိုများပြားကြောင်း သိရသည်။

မန္တလေးမှတစ်ဆင့် ရန်ကုန်၊ မော်လမြိုင်၊ သထုံ၊ မြစ်ကြီးနား၊ တောင်ငူ စသည့်မြို့နယ်အစုံမှ မှာယူမှုများနေကြောင်း သိရသည်။

"မှာယူမှုတွေကတော့ အဆက်မပြတ်ရှိတယ်။ ကန်စွန်းဥဈေးက နည်းနည်းကျနေတယ်။ အများကြီးကျတာတော့ မဟုတ်ဘူး။ နည်းနည်းပေါ့။ ပေါ်တာလည်း ဒီလထဲမှာ များများစားစားပေါ်တာပေါ့။ ဒါပေမဲ့ စစချင်းကတော့ သူ့ဟာနဲ့သူဈေးက များနေတဲ့အတွက် တဖြည်းဖြည်းနဲ့ကျလာတာ။ ဒုတိယအခေါက်တွေ၊ တတိယ အခေါက်တွေကျတော့ ကုန်ကပေါ်နေတဲ့အခါ တဖြည်းဖြည်းကျလာတဲ့သဘောပါ။ ကန်စွန်းဥက ဆယ့်နှစ်ရာသီပေါ်တယ်။ တောင်ပေါ်ကန်စွန်းတို့ဆိုပြီး ပေါ်တဲ့ နေရာလေးတော့ ကွဲတာပေါ့။ ရန်ကုန်၊ မော်လမြိုင်၊ သထုံ၊ မြစ်ကြီးနား၊ တောင်ငူ အစုံပို့ရတယ်"ဟု မန္တလေးမြို့ရှိ ကန်စွန်းဥလက်လီ၊ လက်ကား ရောင်းဝယ်ရေး လုပ်ကိုင်သည့် မဖြူဖြူဝင်းက ပြောသည်။

**အစားထိုးအသုံးပြု**

ထို့ပြင် ဟင်းခတ်မှုန့်၊ အချိုမှုန့် အစားထိုးကာ ကန်စွန်းဥအမှုန့်ကို အစားထိုးအသုံးပြုနေကြကြောင်းလည်း ကန်စွန်းဥရောင်းဝယ်ရေးဈေးကွက်အတွင်းမှ သိရသည်။

"ကန်စွန်းဥက ပြုတ်စားကြတဲ့အပြင် ဖုတ်လည်းစားကြတယ်၊ နောက်ဖြည့်စွက်အစာတို့၊ ဘာတို့လည်းလုပ်တယ်။ ပြီးတော့ အချိုမှုန့်အနေနဲ့လည်း ကန်စွန်းဥအမှုန့်ကိုအစားထိုးကြတယ်။ အခုကြက်ကြော်တို့၊ ဘာတို့ လုပ်တဲ့နေရာမှာ အချိုမှုန့်မသုံးဘဲ တချို့က ကန်စွန်းဥအချိုကို သုံးကြတာ။ ဟင်းခတ်မှုန့်အနေနဲ့သုံးကြတယ်" ဟု မဖြူဖြူဝင်းက ပြောသည်။

**Thit Taw**

# ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဩဂုတ် ၂၅

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် ပိုမိုအားကောင်းလာနိုင်ပြီး အနောက်- အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ နောက်နှစ်ရက်အတွင်း အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် ဩရိဿပြည်နယ်မြောက်ပိုင်းနှင့် ဂျက်ခမ်းပြည်နယ်တို့ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

**မိုး/ဇလ**

# ကွန်ပနီလက်ထက်မှာ ဟယ်ရီကိန်းရဲ့ဆုဖလားမရရှိမှုကို အဆုံးသတ်နိုင်တော့မည်ဟုဆို



နည်းပြကွန်ပနီက ဘိုင်ယန်မြူးနစ်အသင်းကို ပြောင်းလဲမှုတွေ ပြုလုပ်ထားတာဖြစ်လို့ တိုက်စစ်မှူး ဟယ်ရီကိန်းရဲ့ ဆုဖလားမရရှိမှုကို အဆုံးသတ်နိုင်တော့မှာဖြစ်တယ်လို့ ဂျာမနီရဲ့ ဂန္ထဝင်ကစားသမားတစ်ဦးဖြစ်တဲ့ လိုသာမက်သာအက်စ်က ပြောကြားခဲ့ပါတယ်။

အင်္ဂလန်အသင်းခေါင်းဆောင် ဟယ်ရီကိန်းဟာ ဘိုင်ယန်မြူးနစ်အသင်းနဲ့အတူ ပထမရာသီမှာ ဘွန်ဒက်လီဂါသွင်းဂိုး ၃၆ ဂိုးသွင်းယူပေးခဲ့နိုင်ခဲ့ပေမယ့် ပြီးခဲ့တဲ့ဘောလုံးရာသီက ဘွန်ဒက်လီဂါ ချန်ပီယံ လေဗာကူဆင်အသင်းရဲ့အောက် ၁၈ မှတ်အကွာ အဆင့်(၃)နေရာနဲ့သာ ကျေနပ်ခဲ့ရတာ ဖြစ်ပါတယ်။

နည်းပြသောမက်တူချယ်ဟာ သူ့ရဲ့စာချုပ်သက်တမ်းတစ်နှစ်ကျန်ရှိနေသေးပေမယ့် ၂၀၂၃-၂၀၂၄ ဘောလုံးရာသီကုန်မှာ ဘိုင်ယန်မြူးနစ်အသင်းနဲ့ လမ်းခွဲသွားခဲ့တာကြောင့် ကွန်ပနီက ဘန်လေအသင်းမှ ထွက်ခွာကာ ဘိုင်ယန်မြူးနစ်အသင်းနည်းပြအဖြစ် တာဝန်ယူကိုင်တွယ်ခဲ့တာ ဖြစ်ပါတယ်။

ဝုလ်စ်ဘတ်အသင်းကို သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိတဲ့ပွဲစဉ်ဟာ ကွန်ပနီအတွက် ဘိုင်ယန်မြူးနစ်အသင်း နည်းပြဘဝ ပထမဆုံးကိုင်တွယ်တဲ့ ပွဲစဉ်ဖြစ်ပါတယ်။ ဟယ်ရီကိန်းဟာ ၂၀၂၃ ခုနှစ် ဩဂုတ်လက စပါးအသင်းကနေ ဘိုင်ယန်မြူးနစ်အသင်းဆီကို ပြောင်းရွှေ့ကြေးပေါင် ယူရိုသန်း ၁၀၀ နဲ့ လေးနှစ်စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။ တိုက်စစ်မှူး ဟယ်ရီကိန်းဟာ စပါးအသင်းရဲ့ ထိပ်တန်းဂိုးသွင်းရှင်အဖြစ် စံချိန်တင်ခဲ့ပြီး ၄၃၅ ပွဲမှာ သွင်းဂိုး ၂၈၀ သွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

# ဝုလ်ဗာဟမ်တန်အသင်းကို ဂိုးပြတ်နိုင်ပွဲရရှိခဲ့တဲ့ ချယ်လ်ဆီး

ဝုလ်ဗာဟမ်တန်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ ဩဂုတ် ၂၅ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၂)မှာ ချယ်လ်ဆီးအသင်းက အဝေးကွင်းမှာ ခြောက်ဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိကာ ဂိုးပြတ်နိုင်ပွဲရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ အိမ်ရှင်ဝုလ်ဗာဟမ်တန်အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၂၇ မိနစ်မှာ ကွန်ဟာက တစ်ဂိုး၊ ၄၅ မိနစ်မှာ လာဆင်က တစ်ဂိုးသွင်းယူပေးခဲ့ပြီး ချယ်လ်ဆီးအသင်းအတွက် သွင်းဂိုးတွေကိုတော့ ပွဲကစားချိန် နှစ်မိနစ်မှာ ဂျက်ဆင်က တစ်ဂိုး၊ ၄၅ မိနစ်မှာ ပယ်လ်မားက တစ်ဂိုး၊ ၄၉ မိနစ်၊ ၅၈ မိနစ်နဲ့ ၆၃ မိနစ်တို့မှာ မာဒီကီက ဟက်ထရစ်နဲ့ မိနစ် ၈၀ မှာ ဂျာအိုဖီးလစ်ကတစ်ဂိုး သွင်းယူပေးခဲ့တာဖြစ်ပါတယ်။

ဝုလ်ဗာဟမ်တန်အသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ပွဲစဉ်မှာ ချယ်လ်ဆီးအသင်းက ဘောလုံးပိုင်ဆိုင်မှု ၆၁ ဒသမ ၅ ရာခိုင်နှုန်းအထိ အသာစီးရရှိခဲ့တာဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းဟာ ဝုလ်ဗာမ်တန်အသင်းကို ခြောက်ဂိုးအထိသွင်းယူနိုင်ခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်(၂)အပြီးမှာ တစ်ပွဲတည်း သွင်းဂိုးအများဆုံးသွင်းယူနိုင်ခဲ့တဲ့ အသင်းအဖြစ် မှတ်တမ်းဝင်ခဲ့တာ ဖြစ်ပါတယ်။



# ဒုတိယပိုင်းသွင်းဂိုးတွေနဲ့ အက်စ်တွန်ဗီလာကို အနိုင်ရရှိခဲ့တဲ့ အာဆင်နယ်

ပရီမီယာလိဂ်ပွဲစဉ်(၂)ရဲ့ ဩဂုတ် ၂၄ ရက် ညပိုင်း နောက်ဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်စ်တွန်ဗီလာ အသင်းနဲ့ အာဆင်နယ်အသင်းတို့ ပွဲစဉ်မှာ အာဆင်နယ်အသင်းက ဒုတိယပိုင်း သွင်းဂိုးတွေနဲ့ အနိုင်ရရှိခဲ့ပါတယ်။

**သွင်းယူပေး**

အဲဒီပွဲစဉ်မှာ အာဆင်နယ် အသင်းအတွက် သွင်းဂိုးတွေကို ဒုတိယပိုင်းပွဲကစားချိန် ၆၇ မိနစ်မှာ ထရော့ဆက်က တစ်ဂိုး၊ ၇၇ မိနစ်မှာ ပါတေးက တစ်ဂိုး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။ အခုပွဲစဉ်မှာ ဒုတိယပိုင်းမှာ ရရှိခဲ့တဲ့ အက်စ်တွန်ဗီလာ အသင်းရဲ့ တိုက်စစ်ကစားသမား အိုလီဝက်ကင်ရဲ့ သွင်းဂိုးကို အာဆင်နယ် ဂိုးသမား ဒေးဗစ်ရာယာက ကာကွယ်နိုင်ခဲ့လို့ အက်စ်တွန်ဗီလာအသင်း ဂိုးရရှိမယ့်အခွင့်အရေးနဲ့ လွဲခဲ့ရတာဖြစ်ပါတယ်။



အိုလီဝက်ကင်ဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီက အက်စ်တွန်ဗီလာအသင်းနဲ့အတူ ပရီမီယာလိဂ် သွင်းဂိုး ၁၉ ဂိုး သွင်းယူနိုင်ခဲ့ကာ အက်စ်တွန်ဗီလာအသင်းကိုလည်း ချန်ပီယံလိဂ်ဝင်ခွင့်ရရှိအောင် စွမ်းဆောင်ပေးခဲ့တဲ့ ကစားသမားတွေထဲက တစ်ဦးလည်း ဖြစ်ပါတယ်။

အာဆင်နယ် အသင်းဟာ အက်စ်တွန်ဗီလာ အသင်းကို အနိုင်ရရှိခဲ့လို့ ပရီမီယာလိဂ်ပွဲစဉ် နှစ်ပွဲ ယှဉ်ပြိုင်ကစားပြီးချိန်မှာ နှစ်ပွဲစလုံးအနိုင်ရရှိကာ ရမှတ်ခြောက်မှတ်နဲ့ အဆင့်(၃)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

## ဘောလုံးလောကသတင်းတိုများ

- ချယ်လ်ဆီးအသင်းဟာ အဲဗာတန်အသင်းမှ ကယ်လ်ဗာ့လီဝင်ကို ခေါ်ယူဖို့ ပြင်ဆင်နေတယ်လို့ သိရပါတယ်။
- အာဆင်နယ်အသင်းက ရီးယဲလ်ဆိုစီဒက်အသင်းမှ ကွင်းလယ်ကစားသမားမာရီနိုကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။
- ရီးယဲလ်မက်ဒရစ်အသင်းမှ ဗီနီစီးယပ်ဂျူနီယာက ဆော်ဒီအာရေဗျကို ပြောင်းရွှေ့မည့် ကိစ္စနှင့်စပ်လျဉ်း၍ ရာသီကုန်ပိုင်းတွင် ဆုံးဖြတ်သွားမယ်လို့ သိရပါတယ်။

# ဆော်ဒီကလပ်တွေက စိတ်ဝင်စားပေမယ့် လီဗာပူးမှာ ပျော်ရွှင်နေဆဲဟု အဲလစ်ဆင် ပြောကြား

လီဗာပူးအသင်းဂိုးသမား အဲလစ်ဆင်ဟာ နွေရာသီ အပြောင်းအရွှေ့ကာလအတွင်း ဆော်ဒီအရေဗျကလပ်အသင်းတွေက ခေါ်ယူဖို့ စိတ်ဝင်စားနေပေမယ့် လီဗာပူးအသင်းမှာ ပျော်ရွှင်နေဆဲဖြစ်တယ်လို့ ဆိုပါတယ်။

ဘရာဇီးဂိုးသမား အဲလစ်ဆင်ဟာ ၂၀၁၈ ခုနှစ်က ရိုးမားအသင်းကနေ ပေါင် ၆၆ ဒသမ ၈ သန်းနဲ့ လီဗာပူးအသင်းဆီ ပြောင်းရွှေ့လာခဲ့ပြီး အဲဒီအချိန်က ကမ္ဘာပေါ်မှာ ဈေးအကြီးဆုံးဂိုးသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့တာဖြစ်ပါတယ်။

အသက် ၃၁ နှစ်အရွယ်ရှိ အဲလစ်ဆင်ဟာ လီဗာပူးအသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၂၆၁ ပွဲ ပါဝင်ကစားပေးခဲ့ပြီး ပရီမီယာလိဂ်ဖလား၊ ချန်ပီယံလိဂ်ဖလား၊ အက်ဖ်အေဖလား၊ အီးအက်ဖ်အယ်လ်ဖလားနဲ့ ကမ္ဘာ့ကလပ်အသင်းများဖလားတို့ကိုလည်း ရရှိခဲ့တာဖြစ်ပါတယ်။

ဖာဘင်ဟို၊ ဖာမီနိုနဲ့ ဟန်ဒါဆန်တို့ဟာ ၂၀၂၃ ခုနှစ်အတွင်းက လီဗာပူးအသင်းကနေ ဆော်ဒီအာရေဗျဆီ ထွက်ခွာသွားပြီဖြစ်ပေမယ့် အဲလစ်ဆင်ကတော့ လီဗာပူးမှာပဲ ဆက်ရှိနေဦးမယ်လို့ ဆိုပါတယ်။

ငွေကြယ် - ရေးသားသည်

# ဗြိတိန်လက်ဝှေ့သမား ဂျိုးကော်ဒီနာ၊ ချက်မန်းနှင့် ဂျက်မက်ဆေးတို့ ကမ္ဘာ့ချန်ပီယံခါးပတ်များအတွက် ဆော်ဒီအာရေဗျ၌ ယှဉ်ပြိုင်ထိုးသတ်မည်

ဗြိတိန်လက်ဝှေ့သမား ဂျိုးကော်ဒီနာ၊ ရာဗင်ချက်မန်းနှင့် ဂျက်မက်ဆေးတို့ဟာ ကမ္ဘာ့ချန်ပီယံခါးပတ်တွေအတွက် ဆော်ဒီအာရေဗျနိုင်ငံမှာ အောက်တိုဘာ ၁၂ ရက်မှာ ယှဉ်ပြိုင်ထိုးသတ်ကြမှာဖြစ်ပါတယ်။

ဝေးလ်နိုင်ငံသား ကော်ဒီနာဟာ ကမ္ဘာ့ရှုံးပွဲမရှိလက်ဝှေ့သမားတွေထဲက တစ်ဦးအဖြစ် ရပ်တည်နိုင်ရေး လိုက်ဝိတ်ခါးပတ်အတွက် ဒဗလျူဘီစီချန်ပီယံ ရှာကာစတီဗင်ဆင်နဲ့ ယှဉ်ပြိုင်ထိုးသတ်မှာ ဖြစ်ပါတယ်။

ချက်မန်းကတော့ ဒဗလျူဘီစီဖယ်သာဝိတ်ခါးပတ်အတွက် ရှုံးပွဲမရှိစံချိန်တင်ထားတဲ့ လက်ရှိချန်ပီယံ နီကိုလ်ဆင်နဲ့ ယှဉ်ပြိုင်ထိုးသတ်မှာ ဖြစ်ပါတယ်။ အသက် ၃၁ နှစ်အရွယ်ရှိဂျက်မက်ဆေးကတော့ ဩစတြေးလျအိုင်ဘီအက်ဖ်ခရူဆာဝိတ်ချန်ပီယံ အိုပီတိုင်ယာနဲ့ ယှဉ်ပြိုင်ထိုးသတ်မှာဖြစ်ပါတယ်။



ဂျိုးကော်ဒီနာ



ရာဗင်ချက်မန်း



ဂျက်မက်ဆေး

မြန်မာနိုင်ငံတစ်ဝန်းရှိ Grade-12 ကျောင်းသား၊ ကျောင်းသူများအတွက် သင်ကြားသင်ယူမှုတွင် အကောင်းဆုံးအထောက်အကူဖြစ်စေရန် ရည်ရွယ်ပြီး၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ်အခြေခံ၍ ပါမောက္ခ ဆရာကြီး၊ ဆရာမကြီးများနှင့်ဘာသာရပ်ဆိုင်ရာ ဝါရင့် ဆရာကြီး၊ ဆရာမကြီးများ ပြုစုရေးသားကြီးကြပ်တည်းဖြတ်ထားသည့် Grade-12 မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ဘောဂဗေဒ၊ ဘာသာရပ်များကို Grade-12 (တက္ကသိုလ် ဝင်တန်း) ကျောင်းသား၊ ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် တနင်္လာနေ့တိုင်း ဖော်ပြပေးမည်ဖြစ်ပါသည်။ ကြေးမုံစာတည်းအဖွဲ့

## ဇီဝဗေဒ

တီချယ် Rachel (ရန်ကုန်တက္ကသိုလ်)

၁၂ - ၈ - ၂၀၂၄ ရက်နေ့မှအဆက်-

- In addition, the roots may be physically supported by **an inert medium** such as perlite, gravel, or other substrates. ဒ့ါအပြင် အမြစ်များကို ကျောက်ပွဖြူ (perlite)၊ ဂဝံ (gravel)၊ (သို့) အခြားအောက်ခံလွှာတွေလိုမျိုး အာဟာရမပါတဲ့ ကြားခံကို အသုံးပြုလျက် ထောက်ကူပေးနိုင်တယ်။
- Despite inert media, roots can cause changes of the **rhizosphere pH** and root exudates can affect rhizosphere biology and physiological balance of the nutrient solution by secondary metabolites.အာဟာရမပါတဲ့ ကြားခံဖြစ်ပေမဲ့ အမြစ်တွေဟာ **rhizosphere pH** ကို ပြောင်းစေနိုင်ပြီး အမြစ်စိမ့်ထွက်ရည် (root exudates) များက rhizosphere ဇီဝဝန်းကျင် (အမြစ်၊ မြေကြီးနဲ့ microbes တို့ဝန်းကျင်) နဲ့ အဏုဇီဝ များနဲ့ ပိုးမွှားများကို ကာကွယ်ဖို့ထွက်ရှိလာတဲ့ secondary metabolites အာဟာရပျော်ရည်များရဲ့ ရုပ်ဂုဏ်သတ္တိမျှတမှုများအပေါ် သက်ရောက်မှုရှိနိုင်တယ်။ (secondary metabolites ဆိုတာ ဒြပ်ပေါင်းတစ်မျိုးဖြစ်တယ်။ သာမန်ကြီးထွားခြင်း၊ မျိုးပွားခြင်းများအတွက် မရှိမဖြစ်မလိုအပ်ဘူး၊ အပင်ရဲ့ ပတ်ဝန်းကျင်အခြေအနေကြောင့် ထွက်လာတာဖြစ်တယ်လို့ မှတ်ထားရင် ဒီအတန်းအတွက် လုံလောက်ပါတယ်။
- The nutrients used in hydroponic systems /can come / from many different sources, including **fish excrement,duck manure,purchased chemical fertilizers,** or **artificial nutrient solutions.** hydroponic စိုက်ပျိုးနည်းစနစ်များမှာ အသုံးပြုတဲ့ အာဟာရတွေဟာ ငါးချေး၊ ဘဲချေး၊ ဓာတ်မြေဩဇာ တွေ ဒါမှမဟုတ် ဖန်တီးပြုလုပ်ထားတဲ့ အာဟာရပျော်ရည်တွေ အဲသလို အမျိုးမျိုး ရှိတယ်။
- Plants / are commonly grown hydroponically /**in a greenhouse, on inert media,**/ including tomatoes, peppers, cucumbers, strawberries, lettuces, and cannabis, **usually for commercial use,** and ***Arabidopsis,*** which serves as a model organism in plant science and genetics. အပင်တွေကို ဖန်လုံအိမ်၊ ကြားခံမြေသားလွှာတို့ပေါ်မှာ စိုက်ပျိုးပြီး စီးပွားဖြစ်အနေနဲ့ ခရမ်းချဉ်၊ ငရုတ်ပွ၊ သခွား၊ စတော်ဘယ်ရီ၊ မုန်လာထုပ်၊ ဆေးခြောက်တို့ကို စိုက်ပျိုးကြတယ်။ ဒ့ါပြင် ရုက္ခဗေဒနဲ့ မျိုးရိုး ဗီဇလေ့လာမှုတို့မှာ စံထားလေ့လာတဲ့ ***Arabidopsis*** (thale cress) ပင်လည်းပါဝင်တယ်။ (မုန်ညင်းမျိုးရင်းလို့ အလွယ်မှတ်နိုင်တယ်)
- Hydroponics offers **many advantages,** notably a **decrease in water** usage in agriculture. Hydroponics ကို အသုံးပြုခြင်းဖြင့် စိုက်ပျိုးရေးမှာရေသုံးစွဲမှုကိုလျှော့ချနိုင်ခြင်း အပါအဝင် အခြားအကျိုးကျေးဇူးများစွာရှိတယ်။
- Since hydroponics takes **much less water** to grow and produce, it could be possible in the future for people in **harsh environments with little accessible water** to grow their own food. Hydroponics နည်းဟာအပင်ကြီးထွားဖို့နဲ့ စိုက်ပျိုးဖို့ အတွက် ရေအနည်းငယ်ကိုသာ အသုံးပြုတာကြောင့် နောင်အနာဂတ်မှာ ရေအနည်းငယ်သာရရှိတဲ့ အပူပြင်းဒေသများမှာ နေထိုင်ကြသူများအနေနဲ့ မိမိဘာသာစိုက်ပျိုးစားသောက်နိုင်လာမှာ ဖြစ်တယ်။

***Briefly explain the nature of hydroponic culture. မေးခွန်းလေးနဲ့ လေ့ကျင့်နိုင်ပါတယ်။**

1.2.2 Aquaculture and Livestock

**ရေနေသတ္တဝါများမွေးမြူရေးဟူသည့် စကားလုံးကို နားလည်စေရန်နှင့် လက်တွေ့လုပ်ဆောင်နေကြသော မွေးမြူရေးလုပ်ငန်းအမျိုးမျိုးအကြောင်းကို သိရှိစေရန်နှင့်**

- **အဓိက မွေးမြူနေကြသည့် ရေနေသတ္တဝါများနှင့် ၎င်းတို့၏ စီးပွားရေးအရ အရေးပါမှုကို သိရှိစေရန်တို့ဖြစ်တယ်။**
- ဆရာမတို့နိုင်ငံဟာ ကမ်းရိုးတန်းရှည်လျားတဲ့ နိုင်ငံ၊ မြစ်၊ ချောင်းပေါများတဲ့နိုင်ငံ ဖြစ်တဲ့အလျောက် ရေချို၊ ရေချိုရေငံစပ်၊ ရေငံ စသဖြင့် ရေအမျိုးအစားကလည်း စုံတယ်။ ဒီတော့ ငါးအမျိုးအစားတွေလည်း စုံတယ်ပေါ့။ ယနေ့ ကမ္ဘာတစ်ဝှမ်း လူဦးရေ အဆမတန်တိုးပွားလာမှုကြောင့် စားနပ်ရိက္ခာတွေ ပိုလိုလာတယ်။ ကမ္ဘာကြီး ပူနွေးလာမှု၊ ဂေဟစနစ်တွေ ပျက်ယွင်းလာမှု အစရှိတာတွေကြောင့် ရှိပြီးသား မျိုးစိတ်တွေကို ထိန်းသိမ်းဖို့၊ တိုးပွားအောင်လုပ်ဖို့ လိုလာတယ်။ စီးပွားရေးရှုတောင့်က ကြည့်ကြည့်၊ လူမှုရေးရှုတောင့်က ကြည့်ကြည့် ဒီအရွယ် ကျောင်းသားလူငယ်တိုင်း ဒီအကြောင်းအရာကို သိသင့်တယ်။ **ကဲ ဖတ်စာအုပ်မှာ ဘာတွေပါလဲ ကြည့်ကြရအောင်...**

Aquaculture (ရေနေသတ္တဝါများမွေးမြူရေး)

- Aquaculture, also known as **aquafarming,** is the farming of aquatic organisms such as fish, crustaceans, molluses, algae and other aquatic plants. Aquafarming လို့လည်း လူသိများတဲ့ရေနေသတ္တဝါ မွေးမြူရေးက fish ငါး၊ ပုဇွန်အစရှိတဲ့ အခွံပါရေနေသတ္တဝါ crustaceans၊ ခရု၊ ယောက်သွားမျိုး molluses၊ ရေညှိ algae နဲ့အခြား ရေနေအပင်တွေ၊ ရေနေသတ္တဝါတွေကို မွေးမြူခြင်းဖြစ်တယ်။
- Aquaculture involves **cultivating freshwater, brackish water and saltwater populations/ undercontrolled** or **semi-natural conditions,** and can be **contrasted with commercial fishing,** which is the harvesting of wild fish. ရေနေသတ္တဝါမွေးမြူရေးမှာ ရေချို၊ ရေချိုရေငံစပ်နဲ့ရေငံနေ မျိုးစိတ်တူသတ္တဝါအစုအဖွဲ့ (population) တို့ကို ထိန်းချုပ်မွေးမြူခြင်း ဒါမှမဟုတ် ထိန်းချုပ်တစ်ဝက် သဘာဝတစ်ဝက် မွေးမြူခြင်းတို့ပါဝင်တယ်။ အဲဒီ မွေးမြူခြင်းနည်းတို့က ပင်လယ်တွင်းရှိ သဘာဝငါးများကို စီးပွားဖြစ် ဖမ်းယူခြင်းတို့နဲ့ ကွဲပြားပါတယ်။
- Farming implies some sort of intervention in the rearing process to enhance production, such as stocking, deeding, protection from predators, etc. မွေးမြူရေးဆိုတာ ထုတ်ကုန်ပိုထုတ်နိုင်ဖို့အတွက် မွေးမြူတဲ့အဆင့်တွေမှာ လူရဲ့ ထိန်းချုပ်ခြင်းတစ်မျိုးမျိုး ပါတယ်လို့ ဆိုလိုတယ်။ ဥပမာအားဖြင့် ပုံမှန်သိုလှောင်ထိန်းသိမ်းခြင်း၊ အစာကျွေးခြင်း၊ ဖျက်ဆီးမည့် ရန်သူ့အန္တရာယ်တို့မှ ကာကွယ်ခြင်း အစရှိတာတို့ပေါ့။

***What do you know about aquaculture?** (aquaculture, also known as aquafarming ....... production from predators. Particular kinds of aquaculture are pisciculture, mariculutre, shrimp farming, oyster farming, algaculture, integrated fish farming.)

## ဘောဂဗေဒ

ဆရာမိုး (ဘောဂဗေဒ)

၁၂ - ၈ - ၂၀၂၄ ရက်နေ့မှအဆက်-

**ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်း (၁၀ မှတ်)**

ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်းသည် စားသုံးသူတို့၏ ဝင်ငွေပြောင်းလဲမှုအပေါ် ကုန်စည်၏ ဝယ်လိုအား မည်မျှတုံ့ပြန်ပြောင်းလဲသည်ကို တိုင်းတာသည်။

ဥပမာ = ဝင်ငွေ ကျပ် ၁၀၀၀၀ တွင် လစဉ် ငါးဝယ်ယူသည့် အရေအတွက်သည် ၁၂ ပိဿာဖြစ်ပြီး ဝင်ငွေ ကျပ် ၁၂၀၀၀ သို့ တိုးသွားသည့်အခါ ငါး ၁၅ ပိဿာအထိ ဝယ်ယူလာပါက ငါးအတွက် ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်းကို အောက်ပါအတိုင်းတွက်ချက်နိုင်ပါသည်။

$$\text{ဝယ်လိုအား၏ ဝင်ငွေ အလျော့အတင်း} = \frac{\text{ဝယ်ယူသည့် အရေအတွက် ပြောင်းလဲမှုရာခိုင်နှုန်း}}{\text{ဝင်ငွေ ပြောင်းလဲမှုရာခိုင်နှုန်း}}$$

$$E_y = \frac{(\Delta Q/Q) \times \text{၁၀၀}}{(\Delta Y/Y) \times \text{၁၀၀}} = \frac{\Delta Q}{\Delta Y} \times \frac{Y}{Q}$$

$$\text{ငါးဝယ်ယူသည့်အရေအတွက် ပြောင်းလဲမှုရာခိုင်နှုန်း} = \frac{\text{၁၅-၁၂}}{\text{၁၂}} \times \text{၁၀၀}$$

$$= \text{၂၅}\ \%$$

$$\text{ဝင်ငွေပြောင်းလဲမှု ရာခိုင်နှုန်း} = \frac{\text{၁၂၀၀၀-၁၀၀၀၀}}{\text{၁၀၀၀၀}} \times \text{၁၀၀}$$

$$= \text{၂၀}\ \%$$

$$E_y = \frac{\text{၂၅}\ \%}{\text{၂၀}\ \%} = \text{၁.၂၅} \longleftarrow$$

ဝင်ငွေ ၁ ရာခိုင်နှုန်း တိုးလာပါက ငါးဝယ်ယူသည့် အရေအတွက် ၁.၂၅ ရာခိုင်နှုန်း တိုးသွားမည်ကို ဆိုလိုသည်။

**ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်း (၃) မျိုးရှိသည်။ ၎င်းတို့မှာ -**

(၁) အပေါင်းလက္ခဏာဆောင်သော ဝယ်လိုအား၏ ဝင်ငွေ အလျော့အတင်း၊

(၂) အနုတ်လက္ခဏာဆောင်သောဝယ်လိုအား၏ဝင်ငွေအလျော့အတင်းနှင့်

(၃) သုညတန်ဖိုးရှိသော ဝယ်လိုအား၏ ဝင်ငွေအလျော့အတင်း တို့ဖြစ်သည်။

စားသုံးသူတို့၏ ဝင်ငွေတိုးလာသောအခါ သာမန်အားဖြင့် ကုန်စည်အများစု၏ ဝယ်လိုအားသည် လိုက်၍တိုးတက်လာမည်ဖြစ်သည်။ ထို့ကြောင့် ကုန်စည်အများစု၏ ဝင်ငွေအလျော့အတင်းသည် အပေါင်းလက္ခဏာဆောင်သော အလျော့အတင်း ဖြစ်ပြီး သာမန်ကုန်စည်ဟုခေါ်သည်။

သို့ရာတွင် အချို့သော ကုန်စည်များ (ငစိန်ဆန်၊ ဖွဲနုဆီ စသည်တို့) ကဲ့သို့သော ကုန်ညံ့များမှာမူ စားသုံးသူတို့၏ ဝင်ငွေတိုးလာသောအခါ ယင်းတို့၏ ဝယ်လိုအား ကျဆင်းသွားတတ်သည်။ ထို့ကြောင့် ကုန်ညံ့များ၏ ဝင်ငွေအလျော့အတင်းသည် အနုတ်လက္ခဏာဆောင်သော အလျော့အတင်း ဖြစ်သည်။

တစ်ခါတစ်ရံ စားသုံးသူတို့၏ ဝင်ငွေပြောင်းလဲမှုသည် ကုန်စည်ဝယ်လိုအားအပေါ် အကျိုးသက်ရောက်မှုမရှိသည်ကို တွေ့ရသည်။

ဥပမာ =

ဆားကဲ့သို့ မရှိမဖြစ်လိုအပ်သော အခြေခံကုန်စည် မျိုး၏ ဝယ်လိုအားသည် စားသုံးသူတို့၏ ဝင်ငွေပြောင်းလဲစေကာမူ ပုံသေဝယ်လိုအားရှိမည်ဖြစ်ရာ ထိုကုန်စည်မျိုး၏ ဝင်ငွေအလျော့အတင်းသည် သုည အလျော့အတင်းရှိမည်ဖြစ်သည်။

## အင်္ဂလိပ်စာ

ဆရာ ဦးဆန်းဝေ

၁၉ - ၈ - ၂၀၂၄ ရက်နေ့မှအဆက်-

**Grammar**

Grammar အပိုင်းမှာ (၁) **participle phrases** ရယ် (၂) **It is/it was** (noun/noun phrase/adverbial phrase) **who/that** ......... ရယ် (၃) **not only** ......... **but also** တို့ ပါဝင်ပါတယ်။

**1. participle phrases**

**participle phrases** ကို (၃) မျိုးနဲ့ဖွဲ့စည်းထားတယ်။

(a) present participles ဥပမာ V-ing နဲ့ရေးထားတာမျိုး reading, seeing, walking, etc

(b) past participles ဥပမာ V-ed/en နဲ့ရေးထားတာမျိုး disappointed, filled, worried, etc

(c) perfect participles ဥပမာ having+ V-ed/en နဲ့ရေးထားတာမျိုး having finished, having read, having seen, etc

Study the example sentences. participle phrases များကို စာလုံးမည်းနဲ့ ပြထားတယ်။ participle phrases တွေက adjective အနေနဲ့လည်း လုပ်ဆောင်ပေးတယ်လို့လည်း မှတ်ထားရမယ်။

**Peering over the top of his glasses**, her tutor shook his head.

(The participle phrase describes "her tutor.")

**Cracked from top to bottom**, the mirror was now ruined.

(The participle phrase describes "the mirror.")

Look at the panther **climbing the tree**.

(The participle phrase describes "the panther.")

Sebastian reached across for the pipe, **signalling his agreement with the chief's proposal.**

(The participle phrase describes "Sebastian.")

**Exercise 1**

**Rewrite the sentences using participle phrases.**

1. She was talking to her friend and forgot everything around her.
2. Since we watch the news every day we know what's going on in the world.
3. They are vegetarians and don't eat meat.
4. The dog wagged its tail and bit the postman.
5. While she was tidying up her room, she found some old photos.
6. He was a good boy and helped his mother in the kitchen.
7. As they didn't have enough money they spent their holidays at home last year.
8. The man sat in the cafe. He was reading a paper.
9. Since I didn't feel well I didn't go to the cinema.
10. She walked home and met an old friend on the way.

**2. It is/it was (noun/noun phrase/adverbial phrase) who/that .........)**

grammar အခေါ်အဝေါ် အရ cleft sentences လို့ခေါ်တယ်။ Emphasis - Focussing with cleft sentences ဝါကျတစ်ခုရဲ့ အစိတ်အပိုင်းတစ်ခုခုကို အလေးထားပြောလိုရင် ဒီပုံစံကိုရေးလေ့ရှိတယ်။ ပေးထားတဲ့ **tense** ကိုကြည့်ပြီး **present tense** ဆိုရင် **it is** သုံး **past tense** ဆိုရင် **it was** သုံးရတယ်။ အလေးထားပြောလိုတဲ့စကားလုံးကို အမည်းနဲ့ပြထားတယ်။ ဒါမှမဟုတ် မျဉ်းသားထားတတ်တယ်။ လူဆိုရင် **who** လူမဟုတ်ရင် **that** နဲ့ ဆက်ပေးရတယ်။

e.g Warsaw Will writes this blog. (normal sentence) ဝါဆောဝီက ဒီဘလော့ကို ရေးတာ။ (သာမန်ပြော)

e.g 1 **It is Warsaw Will** who writes this blog. (emphasis on Warsaw Will) ဒီဘလော့ကိုရေးတာ ဝါဆောဝီပါ။ (ဝါဆောဝီကို အလေးထားပြောတာ၊ တခြားသူရေးတာ မဟုတ်။)

e.g 2 **It is this blog** that Warsaw Will writes. (emphasis on this blog) ဝါဆောဝီရေးတာ ဒီဘလော့။ (ဒီဘလော့ အခြားဘလော့ မဟုတ်ဘူးဆိုတဲ့သဘော။)

e.g 3 What Warsaw Will does **is write this blog.** (emphasis on write) ဝါဆောဝီလုပ်လိုက်တာက ဒီဘလော့ကို ရေးတာ။ (တခြားဟာလုပ်တာ မဟုတ်ဘူး ဒီဘလော့ကိုပဲ ရေးတာ) ဥပမာ (၃) ကတော့ မှတ်ထားရန်သာ ရေးပြခြင်းဖြစ်ပါတယ်။ (ပြဋ္ဌာန်းစာအုပ်ထဲမှာတော့ မပါဝင်ပါ။)

**Exercise 2**

**Rewrite each sentence to emphasise the underlined phrase, starting with It was ....** You will need to add **that** to each sentence. Look carefully at the underlined words in the last two questions.

e.g. She liked the smell of hyacinths the best.

It was the smell of hyacinths that she liked the best.

1. He found studying maths most difficult at school.
2. He first heard about it from Pamela.
3. She got the job because she was the best qualified.
4. Mike first met Susie when they were both studying in London.
5. I only realised who he was when he started speaking.
6. I didn't hear about it until yesterday. (Use negative) It wasn't until yesterday that I heard about it. (အဲလိုရေးရတယ်လို့မှတ်ထားရန်)
7. I love the French fries in this restaurant.
8. My bother has to wear a uniform and check everyone's identity.
9. They need to tell their teacher.
10. I like the special effects in this movie.

**Answer Keys**

**Exercise 1**

1. Talking to her friend she forgot everything around her.
2. Watching the news every day we know what's going on in the world.
3. Being vegetarians they don't eat meat.
4. Wagging its tail the dog bit the postman.
5. Tidying up her room she found some old photos.
6. Being a good boy he helped his mother in the kitchen.
7. Not having enough money they spent their holidays at home last year.
8. The man was sitting in the cafe reading a paper.
9. Not feeling well I didn't go to the cinema.
10. Walking home she met an old friend.

**Exercise 2**

1. It was studying maths that he found most difficult at school.
2. It was from Pamela that he first heard about it. that က ဝိုကောင်းတယ်။
3. It was because she was the best qualified that she got the job.
4. It was when they were both studying in London that Mike first met Susie.
5. It was only when he started speaking that I realised who he was.
6. It wasn't until yesterday that I heard about it. (အဲလိုရေးရတယ်လို့မှတ်ထားရန်)
7. It is in this restaurant that (where) I love the French fries.
8. It is my bother who has to wear a uniform and check everyone's identity.
9. It is their teacher who(m) they need to tell.
10. It is the special effects that I like in this movie.

## သင်္ချာ

ပါမောက္ခ ဒေါက်တာမိမိ(မန္တလေးတက္ကသိုလ်)

၁၉ - ၈ - ၂၀၂၄ ရက်နေ့မှအဆက်-

**Example 6.**

Use the mathematical induction principle to prove that is a factor of for all natural numbers .

mathematical induction principle ကို အသုံးပြု၍ သဘာဝကိန်း တိုင်းအတွက် သည် ၏ ဆခွဲကိန်းတစ်ခု ဖြစ်ကြောင်း သက်သေပြပါ။

**Solution**

Let $P(n)$ denote the statement $a-b$ is a factor of $a^n-b^n$.

(1) For $n=1$, $a^1-b^1=a-b$ So, $a-b$ is a factor of $a^1-b^1$.

The statement is true for $n=1$.

(2) Assume that the statement is true for $n=k$, that $a-b$ is a factor of $a^k-b^k$.

We will show that the statement is true for $n=k+1$, that is we have to show that $a-b$ is a factor of $a^{k+1}-b^{k+1}$.

It is proved that

$$a^{k+1}-b^{k+1}=a^{k+1}-a^kb+a^kb-b^{k+1}$$
$$=a^k(a-b)+b(a^k-b^k)$$

Since $a-b$ is a factor of $a^k(a-b)$ and $a-b$ is a factor of $a^k-b^k$, $a-b$ is a factor of $a^k(a-b)+b(a^k-b^k)$.

So, $a-b$ is a factor of $a^{k+1}-b^{k+1}$.

Therefore, the statement is true for $n=k+1$.

(3) By principle of mathematical induction, the statement $P(n)$ is true for all natural numbers $n$.

**Example 7.**

Use the mathematical induction principle to prove that $4n<2^n$ for all natural numbers $n\ge 5$.

mathematical induction principle ကို အသုံးပြု၍ သဘာဝကိန်း $n\ge 5$ အတွက် $4n<2^n$ မှန်ကြောင်း သက်သေပြပါ။

**Solution**

Let $P(n)$ denote the statement $4n<2^n$.

(1) For $n=5$, $L.H.S=4(5)=20$,

$$R.H.S=2^5=32.$$
$$L.H.S<R.H.S\ .$$

The statement is true for $n=5$.

(2) Assume that the statement is true for $n=k\ge 5$, that is $4k<2^k$.

We will show that the statement is true for $n=k+1$, that is we have to show that $4(k+1)<2^{k+1}$.

It is proved that $4(k+1)=4k+4$

$$<2^k+4$$
$$<2^k+4k \quad (\text{since } 4<4k)$$
$$<2^k+2^k$$
$$=2\cdot 2^k=2^{k+1}.$$

Hence $4(k+1)<2^{k+1}$.

Therefore, the statement is true for $n=k+1$.

(3) By principle of mathematical induction, the statement $P(n)$ is true for all natural numbers $n\ge 5$.

# ရန်ကုန်တိုင်းဒေသကြီး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ခရိုင်အဆင့်)ပြိုင်ပွဲ ဖွင့်ပွဲနှင့်ဆုချီးမြှင့်ပွဲ ကျင်းပ

ရန်ကုန် ဩဂုတ် ၂၅

ရန်ကုန်တိုင်းဒေသကြီး (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ခရိုင်အဆင့်)ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်ရှိ ရန်ကင်းပညာရေးဒီဂရီကောလိပ် မြတ်ပညာခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းခရိုင်နှင့် ဒဂုံမြို့သစ်ခရိုင်တို့၏ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ခရိုင်အဆင့်)ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ သဃ်္ဃန်းကျွန်းခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ၂၀၂၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ တွဲဖက်အတွင်းရေးမှူး အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာကေသီထွေး၊ သဃ်္ဃန်းကျွန်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးလွင်၊ ဒဂုံမြို့သစ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကို၊ အကအကဲဖြတ်ပညာရှင် ဦးတင်ဦးလေးနှင့် ဒေါ်နွဲ့နွဲ့စန်းတို့က ပြိုင်ပွဲအခမ်းအနားအား ဖဲကြိုးဖြတ် ဂုဏ်ပြုဖွင့်လှစ်ပေးသည်။



ပြိုင်ပွဲများကို ဝါသနာရှင် ပထမတန်းအဆင့်နှင့် ဒုတိယတန်းအဆင့်ဟူ၍ ကျင်းပခဲ့ရာ မဟာဂီတ၊ ခေတ်ဟောင်း/ကာလပေါ်၊ အမျိုးဂုဏ်/ဇာတိဂုဏ်၊ မင်းသား/မင်းသမီးအက၊ ရုပ်သေးကြိုးဆွဲ အက၊ တေးသီချင်းများရေးသားခြင်း၊ စောင်း/ စန္ဒရား/ ပတ္တလား/ နှဲ/ ပလွေ/ တယော/ မယ်ဒလင်/ ဂီတာတီးမှုတ်ခြင်း၊ ဆိုင်းတစ်ဦးချင်းနှင့် ဒိုးပတ်အဖွဲ့လိုက်တီးခတ်ခြင်း စသည်ဖြင့် သက်ဆိုင်ရာ ဘာသာရပ်များအလိုက် သဃ်္ဃန်းကျွန်းခရိုင်နှင့် ဒဂုံမြို့သစ်ခရိုင်တို့မှ ဝါသနာရှင် ပြိုင်ပွဲဝင်ပေါင်းများစွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ညနေပိုင်းတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(ခရိုင်အဆင့်)ပြိုင်ပွဲတွင် ထူးချွန်ဆုရရှိကြသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြပြီး အတီးပြိုင်ပွဲ ဝါသနာရှင် ဒုတိယတန်းအဆင့်ပြိုင်ပွဲတွင် အထူးဆုရရှိသော သဃ်္ဃန်းကျွန်းခရိုင် တာမွေမြို့နယ် ဦးသန့်ဇင်ဝင်း ဒိုးပတ်အဖွဲ့က တက်ရောက်လာကြသူများအား ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။ ယင်းနောက် ပြိုင်ပွဲတွင် ဆုတံဆိပ်အများဆုံးရရှိသော ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အား ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်က တံခွန်စိုက်ဆုအား ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မုံရွာခရိုင်၏(ခရိုင်အဆင့်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

မုံရွာ ဩဂုတ် ၂၅

၂၀၂၄ ခုနှစ် (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မုံရွာခရိုင်၏ (ခရိုင်အဆင့်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ မွန်းလွဲ ၁ နာရီက မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြသလ္လာခန်းမ၌ ကျင်းပသည်။




အခမ်းအနားတွင် တက္ကသိုလ်၊ ကောလိပ်၊ တိုင်းဒေသကြီး၊ ခရိုင်ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြိုင်ပွဲများအလိုက် ပထမ၊ ဒုတိယ၊ တတိယ ထူးချွန်ဆုရရှိသူများနှင့် နှစ်သိမ့်ဆုရရှိသူများထံသို့ ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့နောက် မုံရွာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်တင်မိုးက မုံရွာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးဒီဂရီကောလိပ်၊ ခရိုင်ပညာရေးမှူးနှင့် အကဲဖြတ်လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌ ခရိုင်ဥပဒေအရာရှိ ဦးကျော်မင်းနိုင်ထံသို့ ဂုဏ်ပြုအမှတ်တရ လက်ဆောင်များ ပေးအပ်ပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယရဲမှူးကြီးကျော်မိုးက အဆိုပြိုင်ပွဲတွင် ဒိုင်အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်ပေးခဲ့သော သဘင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝိတ်၊ အကပြိုင်ပွဲတွင် ဒိုင်အဖွဲ့ ခေါင်းဆောင်အဖြစ် ဆောင်ရွက်ပေးခဲ့သော အကပညာရှင် ဒေါ်ချိုတာလွင်၊ အရေးပြိုင်ပွဲတွင် ဒိုင်အဖွဲ့ခေါင်းဆောင်အဖြစ် ဆောင်ရွက်ပေးခဲ့သော ဦးသန်းထွန်း (မြတ်သုတ-မြန်မာစာ) နှင့် အထက-၂(အလုံ)မှ ကျောင်းသားဟောင်း မောင်ကျော်လင်းသန့်တို့ထံသို့ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# သုံးခွမြို့နယ်၌ စပါးဖျက်ပိုးကျရောက်မှု ကာကွယ်နှိမ်နင်းရေး အသိပညာပေးဟောပြော

သုံးခွ ဩဂုတ် ၂၅

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် သမဝါယမဦးစီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့ပူးပေါင်း၍ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်တောင်သူများ၏ လယ်မြေများတွင် စပါးဖျက်ပိုးကျရောက်မှု ကာကွယ်နှိမ်နင်းရေးအသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၉ နာရီက ကတုံးပေါ်အလယ်ကျေးရွာ ဦးမြင့်သန်း၏ လယ်မြေနေရာ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိဒေါ်နွယ်နွယ်အေးက မြို့နယ်သမဝါယမအသင်းစုမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်သည့် မိုးစပါးစိုက်လယ်မြေများတွင် မိုးရွာသွန်းမှုများသဖြင့် စပါးဖျက်ပိုးကျရောက်မှု ကာကွယ်နှိမ်နင်းခြင်းဆိုင်ရာ အကြောင်းအရာများကို ဆွေးနွေးသည်။ ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိဦးတင်မြင့်အောင်က ဖြုတ်ပိုး၊ နှံဆုပ်ပိုးကျရောက်မှုကာကွယ်နှိမ်နင်းရေးနည်းလမ်းများကို အသင်းသားတောင်သူများအား အသိပညာပေး ဟောပြောသည်။



သုံးခွမြို့နယ်သမဝါယမအသင်းစုမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးရန် အသင်းသားတောင်သူ ၃၀၅ ဦးအတွက် ငွေကျပ် သိန်း ၅၂၇၀ နှင့် ညီမျှသော သွင်းအားစုများထုတ်ပေးထားကြောင်း သိရသည်။

**စည်သူလင်း(ပြန်/ဆက်)**

❖MNL မှ

ချေပဂိုးပြန်သွင်းကာ ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေကျနေသည်။

ဟံသာဝတီအသင်းအတွက် အနိုင်ဂိုးများကို ပွဲကစားချိန် ၄၈ မိနစ်တွင် သန်းတိုးအောင်၊ ၆၃ မိနစ်တွင် အောင်မြတ်သူတို့က သွင်းယူခဲ့သည်။ ယခုပွဲအတွက်အကောင်းဆုံးဆုကို ဟံသာဝတီယူနိုက်တက် ကွင်းလယ်ကစားသမား ရန်နိုင်အောင်က ရရှိသည်။ ယခုပွဲအပြီးတွင် ဟံသာဝတီယူနိုက်တက်အသင်းက ရှစ်ပွဲကစား ၁၉ မှတ်၊ အား/ကာသိပွံ့အသင်းက ရှစ်ပွဲကစား ကိုးမှတ် ရရှိထားသည်။

YUSC ကွင်း၌ ကျင်းပသည့်ပွဲတွင် ရန်ကုန်ယူနိုက်တက်အသင်းက ရှောဝတီယူနိုက်တက်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ပွဲကစားချိန် ၁၅ မိနစ်တွင် သီဟက ရှောဝတီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သဖြင့် ရန်ကုန်ယူနိုက်တက်အသင်း နောက်မှလိုက်ကစားရသော်လည်း မိနစ် ၂၀၊ ၄၅+၂ မိနစ်တွင် ရန်ကျော်ထွေး၊ ၆၆ မိနစ်တွင် ရန်နိုင်ဦးနှင့် ၉၀+၄ မိနစ်တွင် သာယာဝင်းထက်တို့က အနိုင်ဂိုးများ သွင်းယူခဲ့သည်။ ယခုပွဲအတွက် အကောင်းဆုံးဆုကို ရန်ကုန်ယူနိုက်တက် ကွင်းလယ်ကစားသမား ရန်နိုင်ဦးက ရရှိသည်။ ယခုပွဲအပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ရှစ်ပွဲကစား ရမှတ် ၂၀၊ ရှောဝတီယူနိုက်တက်အသင်းက ရှစ်ပွဲကစား လေးမှတ် ရရှိထားသည်။

ပွဲစဉ်(၈) နောက်ဆုံးနေ့ကို ဩဂုတ် ၂၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး YUSC ကွင်း၌ ရခိုင်ယူနိုက်တက်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - MNL**



# သီတဂူစက္ခုဒါနဆေးရုံတော်၌ မျက်စိဝေဒနာရှင်များအား အခမဲ့ စမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၂၅

နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယ သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ ဆရာတော်ကြီး၏ ဩဝါဒကိုခံယူ၍ သီတဂူ မျက်စိအထူးကုအဖွဲ့၊ အထူးကုဆရာဝန်ကြီးများနှင့် သူနာပြုဆရာမများက ခေတ်မီစမ်းသပ်စစ်ဆေးသောစက်ကြီးများဖြင့် သတ္တမအကြိမ်မြောက် အခမဲ့ စမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ်ကုသမှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။

**လာရောက်ပြသ**

ယင်းသို့ဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပင်လုံလမ်းရှိ သီတဂူဆေးရုံတော် ကိုးထပ်ကျောင်းဆောင်၌ ဩဂုတ်၂၃ ရက်မှ ၂၇ ရက်အထိ ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ အနယ်နယ်အရပ်ရပ်မှ မျက်စိဝေဒနာရှင်များက သီတဂူမျက်စိဆေးရုံတော်သို့ လာရောက်ပြသလျက်ရှိသည်။

ဩဂုတ် ၂၃ ရက်တွင် မျက်စိစမ်းသပ်စစ်ဆေးခြင်းများဆောင်ရွက်ပြီး ဩဂုတ် ၂၄ ရက်တွင် မျက်စိဝေဒနာရှင် ၉၂ ဦးနှင့် ဩဂုတ် ၂၅ ရက်နှင့် ၂၆ ရက်တို့တွင် ခွဲစိတ်ပေးနိုင်ခဲ့သည့် မျက်စိဝေဒနာရှင်များကို ဩဂုတ် ၃၁ ရက်တွင်ပြန်လည်စမ်းသပ်စစ်ဆေးပေးသွားမည့်အပြင် (၈)ကြိမ်မြောက်တွင် မျက်စိအခမဲ့ စမ်းသပ်၊ စစ်ဆေး၊ ခွဲစိတ်ကုသမှုများကိုခံယူလိုသည့် မျက်စိဝေဒနာရှင်များအနေဖြင့် စက်တင်ဘာလပထမပတ်တွင် စာရင်းပေးသွင်းနိုင်မည်ဖြစ်သည်။

**ဆေးရုံတော်ပေါင်း ၄၄ ရုံ**

သီတဂူဆရာတော်ကြီးသည် ၁၉၉၀ ပြည့်နှစ် မတ် ၁၀ ရက်တွင် စစ်ကိုင်းတောင်ရိုး၌ သီတဂူအာယုဒါနဆေးရုံတော်ကို စတင်ဖွင့်လှစ်နိုင်ခဲ့ပြီး ယခုအခါ သီတဂူဆေးရုံတော်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဖွင့်လှစ်ပေးခဲ့ရာ ဆေးရုံတော်ပေါင်း ၄၄ ရုံအထိ ဖွင့်လှစ်ခဲ့ပြီး မျက်စိဝေဒနာရှင်ပေါင်း နှစ်သန်းကျော်ကို ကြည့်ရှုပေးခဲ့ကာ ငါးသိန်းခန့်ကို မျက်စိအလင်းအလှူပေးနိုင်ခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ နှမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည်ဖြစ်ပါသည်။




(၂၁-၈-၂၀၂၄ ရက်နေ့မှအဆက်)

"ပေါ်ဦး ပြောတာ ဟုတ်သလား ခင်လေး"

လှုပ်ရှားနေသောစိတ်ကို မနည်းထိန်း၍ မေးလိုက်သည်။

မဖြူရော ခင်လေးပါ ခေါင်းမဖော်။ ခင်လေးက ငုံ့လျက်နှင့် ခေါင်းညိတ်၏။

"မဖြူရော . . . တကယ်ပဲလား"

မဖြူက ငုံ့ထားသောမျက်နှာကို လက်ဝါးဖြင့် အုပ်၍ သိမ့်ခနဲတစ်ချက်ရှိုက်သည်။

ကျွန်တော့်ခေါင်းထဲတွင် လုပ်ရမည့်အလုပ်များကို ကမန်းကတန်းတွေးသည်။ ယခုအချိန်တွင် ကျွန်တော့်စကားလုံးများကို တစ်ခြမ်းပင် အမှားမခံနိုင်။ လေသံကိုလည်း တတ်နိုင်သမျှ ညင်သာစေရန် စိတ်ကိုထိန်း၍ -

"မဖြူ၊ ကျွန်တော် တစ်ခုမေးမယ်။ တကယ်လို့ ကျွန်တော်က မဖြူကို မကူညီဘူးဆိုပါတော့၊ မဖြူ ဘာလုပ်မလဲ"

မဖြူထံမှ ရှိုက်သံတချို့ ပေါ်လာသည်။ ငုံ့လျက်နှင့်ပင် တုန်ခါသောအသံဖြင့် -

"မဖြူ မသိဘူး ကိုထွန်းဝေ၊ မဖြူ ရှက်လည်းရှက်တယ်။ မဖြူ သိပ်မိုက်တာပဲ။ အို . . . မဖြူ သေသွားရင် အေးမှာပါ"

ကျွန်တော် သက်ပြင်းကို မှုတ်ထုတ်လိုက်၏။

"မဟုတ်ဘူး မဖြူ၊ ပါဏာတိပါတကံရယ်၊ အဖန်ငါးရာရယ် ကိစ္စကလွဲရင် မဖြူမှာ တခြားနည်းမရှိတော့ဘူးလား"

"မဖြူ မတွေးတတ်တော့ဘူး ကိုထွန်းဝေ၊ ရင်ထဲမှာ ရှက်တာနဲ့ ကြောက်တာပဲရှိတယ်။ ကိုထွန်းဝေကိုလည်း မဖြူ ဒုက္ခမပေးချင်တော့ပါဘူး။ မဖြူထိုက်နဲ့ မဖြူကံ ရှိပါစေတော့။ မဖြူကိစ္စ မဖြူဘာသာပဲ ဖြစ်သလိုလုပ်လိုက်ပါတော့မယ်"

ကျွန်တော် အံကြိတ်လိုက်မိသည်။ ကျွန်တော့်ထံမှ ဘာသံမှပေါ်မလာသဖြင့် ခင်လေး ခေါင်းမော့လာ၏။ ခင်လေးမျက်နှာတွင် ရှက်စိတ်ကြောင့် ရဲနေ၏။

"မဖြူ ထင်ရာလုပ်သွားမှာ ကျွန်မစိုးရိမ်တယ် ကိုထွန်းဝေ။ ကိုထွန်းဝေ ဘာမှ မနစ်နာစေရပါဘူး။ ကိုပေါ်ဦးကို ပြောထားသလိုပါပဲ"

စိတ်ထဲမှာ ထောင်းခနဲ ဒေါသပြန်ဝင်လာ၏။

ခင်လေးကို စေ့စေ့ကြည့်၍ ရင်ထဲမှ ဆုံးဖြတ်ချက်ကို အခိုင်အမာချလိုက်၏။

ကြိတ်ထားသော အံသွားနှစ်ခုကြားတွင် ခင်လေး ရောက်သွား၏။

* * * * *

"ဝမ်းနည်းပါတယ် ခင်လေး၊ ဒီပုံစံမျိုးနဲ့ ကျွန်တော် လုံးဝမကူညီနိုင်ပါဘူး"

ကျွန်တော့် မာကျောခက်ထန်သော လေသံကြောင့် ခင်လေးက တအံ့တသြ မော့ကြည့်သည်။ ပေါ်ဦးက ချာခနဲ ကျွန်တော့်ဘက်လှည့်၏။ မဖြူ ရှိုက်သံများ ရပ်သွားသည်။

"ဒီမှာ မဖြူ၊ ခင်ဗျား မငိုနဲ့တော့။ ခင်ဗျားကို ကျွန်တော် အစအဆုံး ကူညီပေးမယ်။ အဲဒီလိုကူညီပေးတာဟာ ဘယ်သူ့ဆီကမှ သနားသဖြင့် မေတ္တာထားဖို့၊ အဖိုးအခအနေနဲ့ ပြန်ချစ်ဖို့၊ တန်ရာတန်ကြေးပေးတဲ့ မေတ္တာတရားနဲ့လဲယူဖို့ တစ်ခုမှမဟုတ်ဘူး"

မဖြူ မျက်နှာမော့လာ၏။ ခင်လေး ခေါင်းငုံ့သွားသည်။

"ကျွန်တော် လူတစ်ယောက်အနေနဲ့၊ ပြီးတော့ အစ်ကိုတစ်ယောက်အနေနဲ့ ကူညီမယ်"

မဖြူ မျက်နှာ လက်ခနဲဖြစ်သွား၏။ ကျွန်တော့်အကြည့်သည် ခင်လေးဆီ ကူးသွားသည်။

"မခင်လေး၊ မခင်လေးကိုတော့ ပြောရမှာ အားနာပါတယ်။ ဒါပေမဲ့ ကျွန်တော် ပြောစရာရှိတာတော့ နားလည်အောင် ပြောလိုက်ချင်တယ်။ ကျွန်တော့်ဘဝမှာ မခင်လေးဟာ ပထမဆုံးနဲ့ နောက်ဆုံးချစ်ရသူပါ။ ဒီတစ်သက်မှာ မခင်လေးကလွဲလို့ ကျွန်တော် ဘယ်သူ့ကိုမှ ချစ်လည်းမချစ်နိုင်တော့ဘူး၊ ချစ်လည်း မချစ်တော့ပါဘူး။ ကျွန်တော့် အချစ်တွေအားလုံး မခင်လေးကို ပုံပြီးပေးခဲ့ပြီးသားပါ"

ကျွန်တော့်စကားကို ခဏတန့်သည်။ ပြီးမှ ဆက်၍ -

"ဒါပေမဲ့ မခင်လေးဆီက အချစ်ကို ကျွန်တော် ဒီပုံစံမျိုးနဲ့ ဘယ်တော့မှမယူဘူး မခင်လေး။ မခင်လေးဆီက မသဒ္ဓါရေစာ မေတ္တာရဖို့ ဒုက္ခရောက်နေတဲ့ လူတစ်ယောက်ကို အကူအညီပေးပြီး လဲလှယ်ရလောက်အောင် ကျွန်တော် အောက်တန်းမကျပါဘူး"

ကျွန်တော်က အိတ်ထဲမှ ကျောင်းသားမှတ်ပုံတင်ကတ်ပြားလေးကို ထုတ်ယူလိုက်သည်။

ပလတ်စတစ်အကာထဲမှ နှစ်ယောက်လက်မှတ်ထိုးထားသော ကံ့ကော်ရွက်လေးကိုယူ၍

"မခင်လေး လိုလိုချင်ချင်မရှိဘဲ ကျွန်တော် မခင်လေးနဲ့ပတ်သက်ရင် သက်မဲ့ပစ္စည်းလေးတစ်ခုတောင် ကျွန်တော်မလိုချင်ပါဘူး။ ရော့ . . . မခင်လေး၊ ဒါ ကျွန်တော့်ဘဝမှာ အမြတ်နိုးဆုံးပစ္စည်းလေးပဲ၊ မခင်လေး ပြန်ယူပါ"

ခင်လေး၏ မျက်လုံးအိမ်တွင် ဝဲနေသောမျက်ရည်များကို တွေ့ရ၏။ သို့သော် သူ့မျက်နှာမှာ ညိုးရိပ်ဟူ၍ မြူတစ်စပင်မတွေ့။

"ကဲ . . . မဖြူ ညီမလေး ဘာမှမပူနဲ့။ အစ်ကို မဖြူကို အစအဆုံး ကူညီမယ်။ ဘာလုပ်ရမလဲဆိုတာ ပေါ်ဦးကို ပြောထားလိုက်၊ ခုတော့ အစ်ကို့ကို ခဏခွင့်ပြုဦး"

မဖြူက ပြုံး၍ ခေါင်းညိတ်၏။

"မခင်လေး . . . ကျွန်တော်သွားမယ်"

ခင်လေးက ပြုံး၍ ခေါင်းညိတ်၏။

ကျွန်တော့်ရင်သည် ဟင်းလင်းပွင့်ထွက်သွားခဲ့လေပြီ။ ဘာဆိုဘာမှ မရှိတော့။

* * * * *

"မနက်ဖြန် နံနက် ကိုးနာရီမှာ မင်းနဲ့မဖြူ ရုံးမှာ လက်မှတ်ထိုးရမယ်။ မင်းအိမ်ကိုတော့ လောလောဆယ် အသိမပေးနဲ့ဦးပေါ့ကွာ။ အကာအကွယ်သဘောမျိုးလေးပဲ လုပ်ထားတာပဲဟာ။ နောက်မှ ဖြည်းဖြည်းအသိပေးပေါ့"

အဆောင်ရှေ့တွင် ငေါင်၍ထိုင်နေသော ကျွန်တော်သည် ပေါ်ဦး ပြန်လာသည်ကိုပင် မသိလိုက်။ ပေါ်ဦးက အနားတွင်လာထိုင်ပြီး လိုရင်းပြောချလိုက်မှ သူ ပြန်ရောက်လာမှန်းသိသည်။ ကိုယ့်ဘဝကိုလည်း ကိုယ်တိတိကျကျ သိလိုက်၏။

"မင်းဘာဖြစ်နေလဲ ထွန်းဝေ၊ မင်း သိပ်နောင်တရနေလား"

ပေါ်ဦး လေသံက မထိတထိ ရိသလိုဖြစ်သွားသဖြင့် ကျွန်တော် သူ့ဘက် ဆတ်ခနဲလှည့်ပြီး -

"အလုပ်တစ်ခုလုပ်ရင် ငါဘယ်တော့မှ နောင်တမရဘူး ပေါ်ဦး။ မဖြူကို လက်ထပ်ပေးရတဲ့အတွက် နောင်တရစရာလည်း ဘာမှမရှိဘူး"

"ဒါဖြင့် မင်းက ဘာလို့မှိုင်နေတာလဲ"

သူ့ကို တစ်ခုခုပြန်ပြောမည်ဟုလုပ်ပြီးမှ ကိုယ့်နှုတ်ကိုယ်ထိန်းလိုက်သည်။ ပြောလည်း ဘာထူးတော့မှာလဲ။

စကားလုံးအချို့သည် ရင်တွင်း၌ပင် နစ်မြုပ်ပျောက်ကွယ်သွား၏။

"ခင်လေးနဲ့ ငါ့ဘဝဟာ ဒီမှာတင်ပဲ ပြီးသွားပါရောလား"

အောက်နှုတ်ခမ်းကို သွားဖြင့်ကိုက်လိုက်မိသည်။ ကျွန်တော့်အကြည့်များသည် အဆောင်ရှေ့ ကံ့ကော်ပင်လေးဆီ ရောက်သွား၏။

အပင်ပေါ်တွင် ကံ့ကော်ပွင့်လေးတစ်ပွင့်။

သို့သော် ကျွန်တော့်အတွက် ဘာများ ထူးခြားတော့မည်နည်း။

"မင်း ဘယ်လိုခံစားနေရတယ်ဆိုတာ ငါသိပါတယ် ထွန်းဝေ။ မင်းကိုငါ တစ်ခုပြောမယ်"

ကျွန်တော် သူ့စကားကို နားထောင်၏။ သို့သော် အကြည့်ကို ကံ့ကော်ပွင့်လေးဆီမှမခွာ။ အသိမဲ့စကားတစ်ခု အလိုလိုပြောမိသည်။

"ဘာလဲ"

"မင်း သိပ်စိတ်အနှောင့်အယှက်ဖြစ်နေရင် မဖြူကို ငါ လက်ထပ်လိုက်ရမလား။ ပြီးတော့ ခင်လေးကို မင်းထပ်ကြိုးစားကြည့်ပေါ့"

"တော်တော့ကွာ ပေါ်ဦး၊ မင်း ဒီအကြောင်း ငါ့ကို ဘာမှထပ်မပြောနဲ့တော့။ ငါ့အတွက်လည်း မင်း ဘာမှစိတ်အပင်ပန်းခံပြီး တွေးမနေနဲ့၊ သွား ရေမိုးချိုးတော့"

ပေါ်ဦးက ကျွန်တော့်ကို စူးစူးစိုက်စိုက်လေး ကြည့်သည်။ ပြီးတော့ ပြုံးသည်။

"မင်းစိတ်ကို ငါချီးကျူးတယ် ထွန်းဝေ။ မပူနဲ့ကွာ၊ စိတ်ကောင်းရှိတဲ့လူဟာ ဘယ်တော့မှ စိတ်မဆင်းရဲရပါဘူး။ မင်း ငါပြောတာ သေသေချာချာမှတ်ထား။ ငါပြောတာမှန်ရင် မင်း ငါ့ကို အရှည်ကြီးဆိုင်မှာ လက်ဖက်ရည်တစ်ခွက်တိုက်"

ကျွန်တော် သူ့ကို မချိပြုံးဖြင့် ခေါင်းညိတ်ပြလိုက်၏။

ဘာအဓိပ္ပာယ်ကို သဘောတူကြောင်း ကိုယ့်ဘာသာကိုယ် ကောင်းကောင်း မဝေခွဲတတ်လိုက်။

တတီတီအော်နေသော ပုစဉ်းရင်ကွဲသံများကို အဆောင်အပေါ်ထပ်မှ ကြားနေရသည်။

တစ်ခါ တစ်ခါ ပြည်လမ်းဘက်မှ ကားဟွန်းသံများကို ကြားရ၏။

အအေးငွေ့သည် မျက်နှာကို လာနမ်းသည်။

ဘယ်နှကြိမ်မြောက် ချမိမှန်းမသိသည့် သက်ပြင်းကို မှုတ်ထုတ်လိုက်ပြီး အခန်းတွင်းသို့ ပြန်ဝင်လာခဲ့သည်။

အိပ်ရာပေါ်တွင် လှဲနေသော ပေါ်ဦးက -

"ထွန်းဝေ၊ သီချင်းသွားဆိုရအောင်"

နောက်ကျိနေသောစိတ်ကြောင့် ငြင်းလိုက်မည် စိတ်ကူးသေးသည်။ သို့သော် ဒီအတိုင်း ထိုင်နေရတာ ထက်စာလျှင် ဒါလေးက စိတ်ပြေလက်ပျောက်ဖြစ်နိုင်သည်ဟု တွေးမိ၍ -

"အေးကွာ . . . ကောင်းတယ်၊ ကျော်ညွှန့်ကြီးလည်း သွားခေါ်မယ်။ ဒီညတစ်ညလုံး တို့သီချင်းလျှောက်ဆိုရအောင်၊ မအိပ်တော့ဘူး"

"ဖြစ်မလားကွ၊ မနက်ကျ သွားရဦးမှာ"

"ဟေ့ကောင် . . . ဖြစ်ဖြစ်၊ မဖြစ်ဖြစ် ရှည်မနေနဲ့။ သွားမယ် ဒီည ဝအောင်ပျော်ပစ်မယ်"

"အမယ် . . . ငါ့သတို့သားက တယ်ဟုတ်ပါလား"

သူ့အပြောကြောင့် ကျွန်တော် ရယ်လိုက်၍ -

"ဟေ့ကောင်၊ ပေါက်ကရတွေ လာပြောမနေနဲ့။ လုပ် . . . ထ သွားမယ်"

ပေါ်ဦးက ကပျာကယာထ၍ သူ့လက်စွဲတော် အကော်ဒီယံကြီးကို ခုတင်အောက်က ဆွဲထုတ်သည်။ အငြိမ်မနေနိုင်သော ပါးစပ်ကလည်း -

"ထွန်းဝေတို့များ တယ်ကံကောင်း၊ မိန်းမရတာတောင် အဆစ်ကလေးနဲ့။ ဒီကြားထဲ နောက်တစ်ယောက်က ထပ်ဘုတ်ကင်လုပ်ထားသေးတယ်"

သူ့ပြက်လုံးကို ကျွန်တော်ပင် ဟန်မဆောင်နိုင်အောင် ရယ်လိုက်မိသည်။

ခေါင်းထဲတွင် ဖြစ်ပျက်သမျှအကြောင်း အကောင်းချည်းပဲဟု သဘောထားလိုက်၍လားမသိ။ စိတ်အဆွေးတို့သည် ခေါင်းထဲသို့ ပြန်မလာတော့။

နှစ်ယောက်သား အဆောင်ပေါ်မှဆင်းလာ၍ ကျော်ညွှန့်အဆောင်ရှိရာ အရင်သွားသည်။ ကျော်ညွှန့် ဘာမှန်းမသိ ညာမှန်းမသိ ထလိုက်လာ၏။

(ဆက်လက်ဖော်ပြပါမည်)

"မခင်လေး၊ မခင်လေးကိုတော့ ပြောရမှာ အားနာပါတယ်။

ဒါပေမဲ့ ကျွန်တော် ပြောစရာရှိတာတော့

နားလည်အောင် ပြောလိုက်ချင်တယ်။

ကျွန်တော့်ဘဝမှာ မခင်လေးဟာ ပထမဆုံးနဲ့ နောက်ဆုံးချစ်ရသူပါ။

ဒီတစ်သက်မှာ မခင်လေးကလွဲလို့

ကျွန်တော် ဘယ်သူ့ကိုမှ ချစ်လည်းမချစ်နိုင်တော့ဘူး၊

ချစ်လည်း မချစ်တော့ပါဘူး။ ကျွန်တော့် အချစ်တွေအားလုံး

မခင်လေးကို ပုံပြီးပေးခဲ့ပြီးသားပါ"

စာရေးဆရာ နှမ်ဂျာသိုင်း၏ "တစ်ခါတုန်းက တက္ကသိုလ်မှာ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်း ဖြစ်ပါသည်။
စာတည်း

# မြဝတီမြို့၌ မျောက်ကျောက်ရောဂါ ကြိုတင်ကာကွယ်ရေး လက်ကမ်းစာစောင် ဖြန့်ဝေ



မြဝတီ သြဂုတ် ၂၅

ကရင်ပြည်နယ် မြဝတီမြို့နယ် အတွင်းရှိ ပြည်သူများအနေဖြင့် Mpox (မျောက်ကျောက်) ရောဂါကြိုတင်ကာကွယ်ရေးနှိုးဆော်ချက် အသိပညာပေး လက်ကမ်းစာစောင် ဖြန့်ဝေပေးခြင်းကို ယနေ့နံနက် ၇ နာရီက ဘုရင့်နောင်ဈေးကြီးရှေ့၌ စုပေါင်းဆောင်ရွက်သည်။

အဆိုပါ အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေပေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင် ဦးဆောင်မှုဖြင့် မြို့နယ်စီမံအဖွဲ့ဝင်(၂) ဦးအောင်မျိုးထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်နိုင်ဦး၊ မြို့နယ် တိရစ္ဆာန်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာမင်းဝင်းအောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်ဦး၊ မြို့နယ်မီးသတ်ဦးစီးဌာနမှူး ဦးကျော်ဇင်ဟိန်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများ၊ စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် ရပ်ကွက်တာဝန်ရှိသူများက ဘုရင့်နောင်လမ်းမကြီးတစ်လျှောက် ခရီးသွားပြည်သူများ၊ ဒေသခံပြည်သူများနှင့် ဈေးရောင်း ဈေးဝယ်ပြည်သူများအား Mpox(မျောက်ကျောက်)ရောဂါနှင့်ပတ်သက်၍ ရောဂါကူးစက်နိုင်ခြေရှိသည့်နည်းလမ်းများ၊ ရောဂါပျိုးရက်၊ သံသယဖြစ်ဖွယ် ရောဂါလက္ခဏာများ၊ ဗိုင်းရပ်စ်ရောဂါပိုး ကူးစက်မခံရစေရန် သတိပြုရှောင်ရှားရမည့်အချက်များ၊ ကာကွယ်နိုင်မည့်နည်းလမ်းများနှင့် မျောက်ကျောက်ရောဂါသံသယဖြစ်ဖွယ် လက္ခဏာများခံစားရပါက နီးစပ်ရာကျန်းမာရေးဌာနသို့ အမြန်ဆုံးသတင်းပို့ရန် ပါဝင်သည့် အသိပညာပေး လက်ကမ်းစာစောင်များကို တစ်ဦးချင်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ဇာဖြူဝင်း(မြဝတီ)


**ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုသိမ်ညွှန့်စံပြရပ်ကွက်၊ စိတ္တသုခလမ်း၊ တိုက်အမှတ်(၇၁)၊ (ပထမထပ်/ဘီ)၊ ခြေရင်းခန်း၊ အကျယ်အဝန်း (၁၃ပေ x၅၀ပေ)ရှိ ရေ၊ မီးစုံ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်စပ်ဆိုင်သည့် အကျိုးခံစားခွင့်အရပ်ရပ်နှင့် စပ်လျဉ်း၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း**

အထက်ဖော်ပြပါ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ် ဆက်စပ်ကတိစာချုပ်များဖြင့် မိမိမှ တရားဝင်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးစောကိုကိုအောင် [၁၂/ဒဂတ (နိုင်) ၀၁၃၉၁၅] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသဖြင့် အကျိုးသက်ဆိုင်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားများနှင့်တကွ လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခင်မာကြည်၊ B.A(Law), LL.B, D.B.L တရားလွှတ်တော်ရှေ့နေ (စဉ်–၃၀၁၃)**
**ဖုန်း–၀၉–၇၇၃၃၇၂၇၆၃**



**“ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း”**

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၄)ရပ်ကွက်၊ သုဓမ္မဝါရီကျောင်းလမ်း၊ မြနန္ဒာ(မြကန်သာ)အိမ်ရာ၊ တိုက်အမှတ်(L–3)၊ အခန်းအမှတ်(၄၀၄)၊ (ပဥ္စမထပ်)တိုက်ခန်းနှင့် ၎င်းတိုက်ခန်း၏ ကိုယ်ပိုင်မီတာ၊ ကိုယ်ပိုင်မော်တာ၊ ရေစက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဒေါ်သူဇာဝင်း [၁/မညန(နိုင်)၁၂၃၈၇၉]က တရားဝင်လက်ဝယ် ပိုင်ဆိုင်ထား၍ လွှဲပြောင်းရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲ ပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုကာ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးရွှန်းလီထန်း [၅/ကလထ(နိုင်)၁၇၈၂၇၂] က အဆိုပါတိုက်ခန်းကို ဝယ်ယူရန်အတွက် စရန်ငွေပေးချေ ပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်း အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအုပ်လင်း (LLB, LLM, MRes, JM, PhD)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၈၈၉၀)**
**တိုက်အမှတ်(၄၅)၊ သုခ(၅၁)လမ်း၊ (၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉–၇၆၄၆၇၀၂၃၉**


○ ကျောဖုံးမှ

ယနေ့ ပြေးခုန်ပစ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား (မီတာ ၅၀၀၀၊ သံလုံးပစ်၊ တုတ်ထောက်ခုန်၊ မီတာ ၁၁၀ တန်းကျော်၊ မီတာ ၂၀၀၊ မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်း၊ မီတာ ၈၀၀) ပြိုင်ပွဲများနှင့် အမျိုးသမီး (မီတာ ၃၀၀၀၊ မီတာ ၁၀၀ တန်းကျော်၊ သံလုံးပစ်၊ တုတ်ထောက်ခုန်၊ မီတာ ၂၀၀၊ မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်း၊ မီတာ ၈၀၀)ပြိုင်ပွဲများ၏လူရွေးပွဲနှင့် ဗိုလ်လုပွဲများကို ယှဉ်ပြိုင်ကစားသည်။



(အမျိုးသား) ဗိုလ်လုပွဲ ပွဲစဉ်များဖြစ်သည့် မီတာ ၅၀၀၀ လမ်းလျှောက်ပြိုင်ပွဲတွင် ကန်လန်(စစ်ကိုင်း) က ၁၇:၄၃.၅၁ ဖြင့် ပထမ၊ အောင်မြင့်မြတ်(ကယား) က ၁၇:၄၆.၉၃ ဖြင့် ဒုတိယ၊ ဟိန်းသူရအောင်(တနင်္သာရီ)က ၁၇:၅၇.၅၀ ဖြင့် တတိယ၊ သံလုံးပစ်ပြိုင်ပွဲတွင် မန်းဇေယျာထူး(ကရင်) က ၁၂ ဒသမ ၈၆ မီတာဖြင့် ပထမ၊ ရဲမိုးဇာ(မကွေး)က ၁၂ ဒသမ ၅၇ မီတာဖြင့် ဒုတိယ၊ ဟန်လင်းစိုး(ကရင်)က ၁၂ ဒသမ ၃၀ မီတာဖြင့် တတိယ၊ တုတ်ထောက်ခုန်ပြိုင်ပွဲတွင် မင်းထက်သော်(နေပြည်တော်)က ၂ ဒသမ ၈၀ မီတာဖြင့် ပထမ၊ ဟန်ဖြိုးအောင်(မကွေး)က ၂ ဒသမ ၇၀ မီတာဖြင့် ဒုတိယ၊ ဇော်မျိုးအောင်(မန္တလေး)က ၂ ဒသမ ၆၀ မီတာဖြင့် တတိယ၊ မီတာ ၁၁၀ တန်းကျော်ပြိုင်ပွဲတွင် မြတ်ဘုန်းကျော်(မန္တလေး)က ၁၅ ဒသမ ၃၉ စက္ကန့်ဖြင့် ပထမ၊ မင်းသိခ်(ရှာဝတီ)က ၁၅ ဒသမ ၆၀ စက္ကန့်ဖြင့် ဒုတိယ၊ ဝင်းသူရကျော် (နေပြည်တော်) က ၁၅ ဒသမ ၆၂ စက္ကန့်ဖြင့် တတိယ၊ မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် တင်မိုးအောင်(တနင်္သာရီ)က ၂၃ ဒသမ ၀၈ စက္ကန့်ဖြင့် ပထမ၊ ဇေယျာဖြိုး(စစ်ကိုင်း) က ၂၃ ဒသမ ၂၉ စက္ကန့်ဖြင့် ဒုတိယ၊ အောင်မျိုးဇော်(ပဲခူး) က ၂၃ ဒသမ ၆၃ စက္ကန့်ဖြင့် တတိယ၊ မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ကျော်ဇောလင်း(ကယား)က ၂:၁၀.၀၉ ဖြင့် ပထမ၊ သက်နိုင်ထွေး(မကွေး)က ၂:၁၀.၆၄ ဖြင့် ဒုတိယ၊ ဟိန်းခန့်ဇင်(ရန်ကုန်)က ၂:၁၂.၂၁ ဖြင့် တတိယ၊ (အမျိုးသမီး) ဗိုလ်လုပွဲ ပွဲစဉ်များဖြစ်သည့် မီတာ ၃၀၀၀ အပြေးပြိုင်ပွဲတွင် မေမြတ်နိုးခင်(ပဲခူး)က ၁၁:၂၃.၆၅ ဖြင့် ပထမ၊ မေမြတ်နိုးဇင်(ပဲခူး)က ၁၁:၂၄.၂၁ ဖြင့် ဒုတိယ၊ ခိုင်ဖူးဝေ(ရှမ်း)က ၁၁:၂၈.၉၁ ဖြင့် တတိယ၊ မီတာ ၁၀၀ တန်းကျော်ပြိုင်ပွဲတွင် ဖြူသီဦး(ရှမ်း)က ၁၇ ဒသမ ၅၅ စက္ကန့်ဖြင့် ပထမ၊ ညိုညိုဌေး (တနင်္သာရီ) က ၁၇ ဒသမ ၉၁ စက္ကန့်ဖြင့် ဒုတိယ၊ ဟန်ဝေလွင် (မကွေး)က ၁၈ ဒသမ ၃၄ စက္ကန့်ဖြင့် တတိယ၊ သံလုံးပစ်ပြိုင်ပွဲတွင် ရီရီဌေး(ရခိုင်)က ၁၁ ဒသမ ၃၁ မီတာဖြင့် ပထမ၊ မီးမီးခဲ(စစ်ကိုင်း)က ၁၀ ဒသမ ၅၀ မီတာဖြင့် ဒုတိယ၊ အေးစန္ဒာချို(မွန်)က ၉ ဒသမ ၈၉ မီတာဖြင့် တတိယ၊ တုတ်ထောက်ခုန်ပြိုင်ပွဲတွင် မေမြတ်နိုး(မကွေး)က ၂ မီတာဖြင့် ပထမ၊ သော်တာဝင်းကြိုင်(နေပြည်တော်)နှင့် သင်းသင်းဝေ(မကွေး)တို့က ၁ ဒသမ ၉၀ မီတာဖြင့် ပူးတွဲဒုတိယ၊ ဆိုင်လေ(ရှမ်း)က ၁ ဒသမ ၈၀ မီတာဖြင့် စတုတ္ထ၊ မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် သီရိလင်း(စစ်ကိုင်း)က ၂၇ ဒသမ ၉၅ စက္ကန့်ဖြင့် ပထမ၊ ပန်ဆုပြည့်(တနင်္သာရီ)က ၂၈ ဒသမ ၂၂ စက္ကန့်ဖြင့် ဒုတိယ၊ အေးစန္ဒာဝင်း(မကွေး)က ၂၈ ဒသမ ၂၄ စက္ကန့်ဖြင့် တတိယ၊ မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် နှင်းရွှေရည်(ချင်း)က ၂:၂၅.၁၄ ဖြင့် ပထမ၊ မိုးမိုးဇော်(ရှမ်း)က ၂:၂၅.၆၆ ဖြင့် ဒုတိယ၊ အေးမြတ်မွန်(ပဲခူး)က ၂:၂၆.၅၁ ဖြင့် တတိယတို့ ရရှိခဲ့သည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိခဲ့သူများအား မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးသာအောင်နှင့် တာဝန်ရှိသူများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအသင်းများမှ အသင်းအုပ်ချုပ်သူများက ဆုတံဆိပ်နှင့် ငွေသားဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ယနေ့ပြိုင်ပွဲများအပြီးတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအသင်းများမှ အဆင့်ရပ်တည်မှုအနေဖြင့် ရွှေတံဆိပ်ခြောက်ခု၊ ငွေတံဆိပ်သုံးခု၊ ကြေးတံဆိပ်လေးခုဖြင့် တနင်္သာရီတိုင်းဒေသကြီးအသင်းက ပထမ၊ ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်ခြောက်ခု၊ ကြေးတံဆိပ်ခုနစ်ခုဖြင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ဒုတိယ၊ ရွှေတံဆိပ်ငါးခု၊ ငွေတံဆိပ်ခြောက်ခု၊ ကြေးတံဆိပ်သုံးခုဖြင့် ရှမ်းပြည်နယ်အသင်းက တတိယ၊ ရွှေတံဆိပ်လေးခု၊ ကြေးတံဆိပ် တစ်ခုဖြင့် မန္တလေးတိုင်းဒေသကြီးအသင်းက စတုတ္ထနေရာများတွင် ရပ်တည်နိုင်ခဲ့ကြသည်။

သြဂုတ် ၂၆ ရက် နံနက် ၇ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်း အမှတ်(၁) တို့တွင် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အမျိုးသား (မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်း၊ မီတာ ၁၀၀၊ သုံးဆင့်ခုန်၊ လှံတံပစ်၊ မီတာ ၁၅၀၀၊ မီတာ ၂၀၀၀ တားဆီးကျော်ပြေး) ပြိုင်ပွဲများနှင့် အမျိုးသမီး (မီတာ ၄၀၀ x ၄ လက်ဆင့်ကမ်း၊ မီတာ ၁၀၀၊ သုံးဆင့်ခုန်၊ လှံတံပစ်၊ မီတာ ၁၅၀၀)ပြိုင်ပွဲများကို ဆက်လက်ကျင်းပမည်ဖြစ်၍ အားကစားဝါသနာရှင်များအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# MNL-2 (ပထမတန်း) ပြိုင်ပွဲတွင် ထိပ်ဆုံးမှ တက္ကသိုလ်အသင်း နိုင်ပွဲဆက်

ရန်ကုန် သြဂုတ် ၂၅

၂၀၂၄ ရာသီ MNL–2 (ပထမတန်း) အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၅) ပထမနေ့ကို တက္ကသိုလ်ကွင်း၌ကျင်းပရာ တက္ကသိုလ်အသင်းက ကချင်ယူနိုက်တက်အသင်းကို သုံးဂိုးပြတ် အနိုင်ရခဲ့သည်။

ဇယားထိပ်ဆုံးတွင် ဦးဆောင်နေသည့် တက္ကသိုလ်အသင်းသည် ယခုပွဲတွင် MNL မှ တန်းဆင်းလာရသည့် ကချင်ယူနိုက်တက်ကို ဂိုးပြတ်အနိုင်ယူခဲ့သည်။ ကချင်ယူနိုက်တက်အသင်းသည် ငါးပွဲကစားအပြီးမှာပင် ဒုတိယမြောက်ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရပြီး တန်းပြန်တက်ရန် ရှန်းကန်ရတော့မည်ဖြစ်သည်။ ယခုပွဲအပြီးတွင် တက္ကသိုလ်အသင်းက ငါးပွဲကစား ၁၃ မှတ်၊ ကချင်ယူနိုက်တက်အသင်းက ငါးပွဲကစား ခုနစ်မှတ် ရရှိထားသည်။

ပွဲစဉ် (၅) ဒုတိယနေ့ကို သြဂုတ် ၂၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး တက္ကသိုလ်ကွင်း၌ ဧရာဝတီရိန်းဂျားအသင်းနှင့် Glory Goal အသင်း၊ စလင်းကွင်း၌ ရာမညယူနိုက်တက်အသင်းနှင့် ရွှေပြည်သာယူနိုက်တက်အသင်း၊ ပဒုမ္မာကွင်း၌ Chinland အသင်းနှင့် ငွေကြယ်ပွင့်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရှိုင်းထက်ဇော်

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာ ရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်–

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့်မိုးလေဝသ သတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးအန္တရာယ်များမှ ကာကွယ်ရန် တိရစ္ဆာန်များကို အကာအကွယ်ရှိသော ခြံများအတွင်း စနစ်တကျ မွေးမြူထားရှိရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၆) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီ ပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**




## ဦးသိန်းလွင်ဦး [၁၂/ပဇတ(နိုင်)၀၀၅၈၈၈]၏ ကြေးမုံသတင်းစာ(၁၀-၇-၂၀၂၄)ရက်စွဲပါ စာအမှတ်(၂၃)တွင် ပြန်လည်ရှင်းလင်းကြေညာချက်သည် မှန်ကန်မှုမရှိပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပုဇွန်တောင်မြို့နယ်၊ တပ်မြေ၊ ဆပ်သဖူးလမ်း၊ အမှတ်(၁၁)ဟုခေါ်တွင်သော (၂)ထပ်တိုက်၏ ပထမထပ်၊ အကျယ်အဝန်း(၂၅ပေ x ၅၀ပေ)ရှိသော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ဦးသိန်းလွင်ဦး၏ ပြန်လည်ရှင်းလင်းကြော်ငြာသကဲ့သို့ "ညီအစ်ကိုမောင်နှမ(၅)ဦးပူးတွဲပိုင်ဆိုင်သည့် အမွေပုံပစ္စည်းမဟုတ်ကြောင်း"နှင့် မိခင်ဖြစ်သူ ဒေါ်တင်စိန် [၁၂/ပဇတ(နိုင်)၀၀၈၂၁၅]မှ စိတ်ချမ်းသာ ကိုယ်ကျန်းမာရှိနေအချိန်တွင် သမီးဖြစ်သူဒေါ်စန်းမြင့်ရီ [၁၂/ပဇတ(နိုင်)၀၁၀၀၃၇]ကို မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်ချုပ်ဆို၍ လွှဲပြောင်းပေးအပ်ထားကြောင်း၊ လူကြီးမင်းနှင့် ကျွန်ုပ်၏မိတ်ဆွေ များဖြစ်သော ကျန်မောင်နှမများဖြစ်သည့် ဦးထွန်းလွင်၊ ဦးမျိုးလွင်ဦး(ကွယ်လွန်)နှင့် ဒေါ်ဖြူဖြူဝင်း တို့မှလည်း ကောင်းစွာသိရှိ သဘောတူပြီးဖြစ်ပါလျက် လူကြီးမင်းဘက်မှ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း စာချုပ်ချုပ်ဆိုခြင်းမျိုး လုံးဝ(လုံးဝ)မရှိကြောင်းနှင့် အခန်းပိုင်ဆိုင်စာချုပ်များကိုလည်း ခေတ္တပေးထားကြောင်း၊ ဖြေရှင်းကြေညာချက်ပါ စကားရပ်များ မှန်ကန်မှုမရှိပါကြောင်း လူကြီးမင်း၏ (၁၀-၇- ၂၀၂၄) ရက်စွဲပါ ပြန်လည်ရှင်းလင်း ကြေညာချက်အပေါ် အများသိစေရန် ကြေညာခြင်းဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မိုးရွှေ LL.B, LL.M**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၀၃/၁၁)**
**အမှတ်(၁၀၃)၊ (A/B)ပထမထပ်၊ (၃၆)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၄၄၅၇**

**နိုင်ငံတစ်ဝန်း**

**စိမ်းလန်းဖို့**

**သစ်ပင်စိုက်ပျိုး**

**ထိန်းသိမ်းစို့**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြို့မ(၃)ရပ်ကွက်၊ ရွာသာလမ်း၊ အမှတ်(၁၀)နေ **ဒေါ်နန္ဒာနွယ်** [၁၂/သကတ(နိုင်)၁၄၇၆၅၂] ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ "**ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ သမတကမ်းခြေရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ နှင်းဆီလမ်း၊ မြေကွက်အမှတ်(၁၅၂၄)၊ အိမ်အမှတ်(၅၂) ဟုခေါ်တွင်သော အကျယ်အဝန်း(၂၅ x ၅၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောအိမ်တို့၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**"တို့ကို **ဦးမြင့်သူ** [၁၂/ဒလန(နိုင်)၀၀၀၅၉၈] မှ မြေချပါမစ်အမည်ပေါက်လျက်ရှိသော်လည်း ဒေါ်မိုးမိုးရီ [၁၂/ဒလန(နိုင်) ၀၆၁၅၄၃]နှင့် ဒေါ်မိုးမိုးအေး [၁၂/ဒလန(နိုင်)၀၅၁၁၀၄]တို့မှ လက်ရှိထားပိုင်ဆိုင်သော မြေနှင့်အိမ်အား (၁၈-၅-၂၀၂၃)ရက်နေ့တွင် ကျွန်ုပ်၏မိတ်ဆွေ **ဒေါ်နန္ဒာနွယ်**ထံသို့ အပြီးအပြတ်ရောင်းချခဲ့ပြီးဖြစ်ပါသဖြင့် ကျွန်ုပ်၏ မိတ်ဆွေမှလည်း အဆိုပါမြေနှင့်အိမ်အား အပြီးအပိုင်ဝယ်ယူ၍ လက်ရောက်ရရှိပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နန္ဒာနွယ်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိခိုင် (LL.B)(စဉ်-၁၆၀၇၅) တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၂၄၉)၊ နတ်စင်ကန်ပေါင်လမ်း၊ မြို့မ(၃)ရပ်ကွက်၊ ဒလမြို့နယ်၊ ရန်ကုန်မြို့။ Ph:09-254405798**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၀)၊ အောင်သုခလမ်း၊ မြေကွက်အမှတ် (၁၁၅၆)၊ အကျယ်အဝန်း (၄၀ပေ × ၆၀ပေ)ရှိ ဒေါ်ခင်စိုးအောင် (O/RGN- ၀၀၄၄၁၁) အမည်ပေါက် ပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်အမှတ် (၁၁၅၅)နှင့်ကပ်လျက် (၂၂ပေ × ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သန်းသန်းအုန်း (၁၂/ရကန (နိုင်) ၀၂၆၆၉၁) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဒေါ်လင်းလင်းထက် |
| LL.B, D.B.L, D.I.L., | LL.B, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

## အထူးကိုယ်စားလှယ်လွှဲစာပြန်လည်ရုပ်သိမ်းခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခင်ဌေးမြင့် [၁၂/ဥကတ(နိုင်)၁၅၁၄၄၁] (S/OKA - ၀၅၁၃၄၈)မှ ဒေါ်မိုးမိုးအောင် [၁၂/ဆကန(နိုင်)၀၀၂၂၀၆]အား ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတော်၌ အထူးကိုယ်စားလှယ်လွှဲစာအမှတ် - ၄၅၉၅/၂၀၂၃ ဖြင့် လွှဲအပ်ခဲ့ပြီး ယခုအခါတွင် အဆိုပါ အထူးကိုယ်စားလှယ်လွှဲစာအား ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မိုးရွှေ LL.B, LL.M**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၉၀၃/၁၁)**
**အမှတ်(၁၀၃)၊ (A/B)ပထမထပ်၊ (၃၆)လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၄၄၅၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ပုဗ္ဗသီရိရပ်၊ ဝဏ္ဏာဒီပရပ်ကွက်မှ မြေဧရိယာ ၀ ဒသမ ၀၅၅ဧကရှိမြေကွက်အမှတ်(ပ-၃၁၃၈၀)၏ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဦးသောင်းဖေ ၉/အမဇ(နိုင်)၀၀၀၃၉၉ (ဘ)ဦးဘစိန်မှ မြေချပါမစ်(စလစ်) မိတ္တူမှန်ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးကြောင်းတရားရုံး ကျမ်းကျိန်ဆိုချက်မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်(၃၀)အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်)မိတ္တူမှန် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁/အနော်မာ)၊ အနော်မာ(၈)လမ်းအနောက်၊ မြေကွက်အမှတ်(၃၂၉/က+ခ)၊ အကျယ်အဝန်း(၄၀x၆၀)ပေပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ(၆)ထပ်တိုက် အဆောက်အဦ၏ ၆-လွှာ(ဘီ)ပဥ္စမထပ်၊ (တိုက်ကို မျက်နှာမူလျှင် ဘယ်ဘက်)၊ အကျယ်အဝန်း (၁၉x၅၅)ပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးလှမြင့် [၁၂/စခန(နိုင်)၀၅၇၁၉၅]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပြတ်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့ရက်မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည် သတ်မှတ်ရက်အထိ ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇင်မင်းထွန်း (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၄၈၄၂/၂၀၂၂)**
**အမှတ်(၃)၊ ဗိုလ်မင်းရောင်လမ်း၊ ဗိုလ်ထွန်းဇံရပ်ကွက်၊ ဒေါပုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၄၂၁၁၇၈၉၂၈**

## ကန့်ကွက်နိုင်ကြောင်း ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အောင်ဘောဂလမ်း၊ အမှတ်-၁၅၊ ဟုခေါ်တွင်သော ပေ၂၀ x ၄၂ပေ အကျယ်အဝန်းရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော လူနေအိမ် နှစ်ထပ်အဆောက်အဦ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်များအားလုံးကို တရားဝင်လက်ရှိလက်ရောက်ပိုင်ဆိုင်သူဖြစ်သော ဦးဇော်ထိုက် [၇/မလန(နိုင်)၀၉၁၉၃၂] က ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်မင်းအောင် [၁၄/မအန(နိုင်)၁၆၁၉၅၃]က ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ် ဒေါ်ထက်ထက်ခိုင် (တရား လွှတ်တော်ရှေ့နေ)ထံသို့ ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့် လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ -**
**ဒေါ်ထက်ထက်ခိုင် (LL.B.,D.IP.L.,Advocate)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၁၁၇) (၂၇-၁-၂၀၂၁)**
